
www.burmeseclassic.com




# ရှိန်းရမိမိုး

နှားလည်ကြေး

www.burmeseclassic.com

www.burmeseclassic.com

# ရှန်းရစ်မိုး

## နားလည်ကြေး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မှန်းရမိပိုး၏ ထွက်ရှိပြီးစာအုပ်စာရင်း


၁။ လကဗျာအရောင်ရင့်ပါမှ

၂။ ကွန်းခိုရာမဲ့

၃။ မေတ္တာလှည့်ခန်း

၄။ ယုန်ကလေးနဲ့ဒိုင်ယာရီ

၅။ မွေးစားသမီးပုံပြင်

၆။ သံယောဇဉ်ဦး ... ဆူး

၇။ အချစ်၏ရိုက်ခတ်မှု အချိန်၏ပဲ့တင်သံ

၈။ အငိုဆုံး ... ရွဲ

၉။ လေးပင်လိမ်

၁၀။ အချစ်စစ်တို့၏ဝိညာဉ်ကကြိုး

၁၁။ မေတ္တာရေတိမ်နစ်မှာစိုး

၁၂။ ဆက်ထုံးပြေသောနေ့

၁၃။ အသည်းကွဲခရီးသည်

၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်

၁၅။ အက်ဆစ်အတ္တ

၁၆။ ရင်ပျိုးမြစ်

၁၇။ ကြည်နူးခြင်းလက်ဆောင်

၁၈။ သစ္စာတော်သြဘွဲ့ညို

၁၉။ လ အချိုး ကြယ်

၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ

၂၁။ ပစ္စုပ္ပန်၏နောက်ကွယ်

၂၂။ ကာရံလွဲဗျူဟာမှသည်အချစ်လမ်းလွဲဆီသို့

၂၃။ ဆူးလှေကား

၂၄။ ဘဝအထာနှင့်နှလုံးသားကဗျာ

၂၅။ သံယောဇဉ်ကိုဖွင့်မပြရက်ခဲ့ပါ

၂၆။ ရင်ကွဲမိုး

၂၇။ ဖယောင်းတိုင်

၂၈။ မညီမျှခြင်း၏ တစ်ဖက်ဆီမှာ

၂၉။ အမိပွာယ်မဲ့ မျှော်လင့်ခြင်း

၃၀။ သံယောဇဉ်ငြမ်း(ပုလဲရတုအထိမ်းအမှတ်)

၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ာ

၃၂။ မူပိုင်နှလုံးသား

၃၃။ သက်တံရောင်ခြယ်နှလုံးသားစုတ်ချက်များ

၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော

၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်

ယခုလ

၃၆။ နားလည်ကြေး


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ဇန်နဝါရီလ(၄)ရက်နေ့။

ရပ်ကွက်ထဲမှာ လွတ်လပ်ရေးပွဲ ကျင်းပနေသည်။ လမ်းမကြီးတွေကလွဲ၍ လမ်းကိုလေးတွေအားလုံးကို တစ်ဖက်ပိတ်ပြီး ဘောလုံးပွဲ၊ ထုပ်စည်းတိုးပွဲ၊ အုန်းသီးလုပွဲ စသဖြင့် အမျိုးမျိုးသော ကစားပွဲတွေ ပြည့်နေသည်။

ထိုအထဲမှာ အုန်းသီးလုပွဲကတော့ တော်တော်ရယ်စရာကောင်းသည်။

အုန်းသီးလုံးလုံးဝန်းဝန်း တစ်လုံးကိုရွေးကာ ဆီအထပ်ထပ် သုတ်လိမ်းထားပြီး အုန်းသီးလုမယ့်သူတွေရဲ့ လက်တွေကိုလည်း ဆီသုတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လက်ကဆီတွေကို ခန္ဓာကိုယ်မှာသုတ်ပြီး လက်မချောအောင် လုပ်ကြသဖြင့် အုန်းသီးလုသူတွေကို တစ်ကိုယ်လုံး ဆီသုတ်ပစ်လိုက်သည်။

အုန်းသီးကချော်ချော်၊ လက်ကချော်ချော်နဲ့ ဒီကြားထဲ အုန်းသီးတစ်လုံးတည်းကို ဝိုင်းလုနေသူတွေ ဆယ့်ငါးယောက်ခန့်ရှိတာမို့ အုန်းသီးကို ဘယ်သူမှ မိမိရရ မလုနိုင်ဘဲ ချော်ထွက်နေကြသည်။

အုန်းသီးကိုမိရင် ဒိုင်လူကြီးတွေ သတ်မှတ်ထားသောခြင်း ဲ သွားထည့်ရဦးမည်။ တချို့က မိသော်လည်း ခြင်းနားရောက်အောင် သယ်လို့မရကြ။

ချောနေသောအုန်းသီးကို အတင်းလိုက်ဖမ်းနေပုံက ရယ်စရာကောင်းလှသည်။

အုန်းသီးလုပွဲကို အားပေးနေသော ပရိသတ်ကလည်း တဝါးဝါး တဟားဟား ပွဲကျနေကြ၏။

အုန်းသီးလုသူတွေထဲမှာ တက်ဝေက ရယ်စရာအကောင်းဆုံးပင်။ ဒီအုန်းသီးကို မဖြစ်မနေ သူရမှဖြစ်မှာကြောင့်





အသဲအမဲ လိုက်လုနေတာ။ ဒါပေမဲ့ မိရင်လည်း ချောထွက်သွား။ ချောထွက်ရာသို့ လိုက်ဖမ်းနဲ့ တဖြည်းဖြည်း လေးဖက်ထောက်ကြီး လိုက်ဖမ်းနေတာကြောင့် ကျန်တဲ့သူတွေက အုန်းသီးတောင် မဖမ်းနိုင်တော့ဘဲ တက်ဝေကိုကြည့်ကာ ရယ်ရလွန်းလို့ အူတက်နေကြသည်။

ကြာလာတော့ တက်ဝေမှာ ပြိုင်လုမယ့်သူ မရှိတော့။ အကုန်လုံးက သူ့ကိုပဲကြည့်ပြီး ရယ်နေကြသည်။

“ကိုတက်ဝေ ... ဖမ်း ... ဖမ်း ... ရအောင်ဖမ်း”

သူ့ကိုတောင်ဝိုင်းအားပေးနေလိုက်သေး၏။ တက်ဝေကတော့ မမိလို့မဖြစ်။

ဒီအုန်းသီးကို မိကိုမိမှရမည်။

ဘာလို့လဲ သိလား။

လမ်းအနောက်ပိုင်း ဟန်နီ ဆိုသည့်ကောင်မလေးက ...

“ကိုတက်ဝေတဲ့ ... လွတ်လပ်ရေးနေ့ အုန်းသီးလုပွဲမှာတဲ့ ကိုတက်ဝေ အုန်းသီးရရင် အဖြေပေးမယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



အဟီး ... မသေချာရင် ဘာမှမလုပ်။ တက်ဝေ

သေချာထပ်မေးခဲ့သေးသည်။

"ဟန်နီ ... ကိုယ့်ကိုချစ်တယ်ဆိုတဲ့အဖြေပဲ ပေးရမယ် နော်"

"ဒါပေါ့၊ ကိုတက်ဝေသာ အုန်းသီးမိပစေ၊ ဟန်နီကရယ်ဒီ ပဲ"

"ဘာ"

"အမယ်လေး လန့်လိုက်တာ ကိုတက်ဝေရယ်"

"ဘာကို ရယ်ဒီတာလဲ ဟန်နီ ... အဟီး"

"အဖြေကိုပြောတာ ... ဟွန်း"

"စိတ်ချ ကိုကိုတက်၊ အုန်းသီးကို မရ,ရအောင် ဖမ်းပြမယ်"

ဟန်နီ့ကို ကတိပေးထားတာမို့ ဒီအုန်းသီးကို ရအောင် ဖမ်းရမယ်၊ ဟန်နီကတော့ သူ့အဖြစ်ကိုကြည့်ပြီး ကျိတ်ရယ်နေ သည်။

"ဟဲ့ ... ဟန်နီ၊ ကိုတက်ဝေကြီး သနားစရာကောင်းနေ ပါပြီဟယ်၊ ဖွဲဆုလေးတော့ ပေးသင့်နေပါပြီ"





"ဖွဲဆုဆိုတာ ဘယ်တော့မှ ချန်ပီယံဆု ဖြစ်မလာနိုင်ဘူးဟဲ့ မှတ်ထား"

"ဟင်း ... မိဟန်နီ၊ နင် ကိုတက်ဝေကြီးကို မချစ်ဘဲ ဒီလို လုပ်နိုင်းတာ မကောင်းဘူး၊ တစ်ဖက်သားကို နှိပ်စက်ရာ ကျတယ်၊ ပြီးတော့ မတော်လို့ သူ အုန်းသီးရသွားရင် နင် ဘယ်လိုလုပ်မလဲ"

"ဩော် ... ရသွားတော့လည်း မသကာ အဖြေပေးလိုက် ရုံပေါ့ဟဲ့"

"နင် မချစ်ဘူးဆို၊ အဖြေပေးပြီး ဘာလုပ်မှာလဲ"

"နင့်စကားထဲမှာကိုက အဖြေကပါပြီးသား၊ မချစ်မှတော့ အကြောင်းရှာပြီး ပြန်ဖြတ်ရုံပေါ့ဟဲ့"

"မိဟန်နီ ... ရည်းစားထားတဲ့ကိစ္စက ပီကေ အခွံခွာစား တာ မဟုတ်ဘူးဟဲ့"

"ငါ့အတွက်တော့ ပီကေ အခွံခွာတာကမှ ကတ်သီးကတ် သတ်နဲ့ ခက်နေဦးမယ်၊ ကိုတက်ဝေ ဆိုတဲ့ အချစ်ရူးကြီး ကို ကစားရတာက အရမ်းလွယ်တဲ့ ကိစ္စပဲ၊ ဟင်း ဟင်း ...



www.burmeseclassic.com

www.burmeseclassic.com



ကိုတက်ဝေ ဆိုတာကြီးကလည်း ငါသေဆိုရင်တောင် ပေတရာမှာ ကန့်လန့်ပြတ် လှဲအိပ်မယ့်လူမျိုး၊ ကျစ် ... ပါးပါးလေးပါ"

"မိဟန်နီ ... မိဟန်နီ ... လည်လွန်းတဲ့ဘီး ဘာသင့်လဲ သိလား"

"ခစ် ... ခစ် ... ဆီဦးထောပတ် သင့်တာပေါ့ဟဲ့"

မိဖြူက မျက်တောင်းကို အတုံးလိုက် အတစ်လိုက် ထိုးနေတုန်း ကိုတက်ဝေက အုန်းသီးရသွားပြီ။ အုန်းသီးခြင်းထဲ ထည့်လိုက်ပြီး ဟန်နီ့ကို လှမ်းကြည့်တော့ ဟန်နီ ဘာလုပ်လိုက်တယ်ထင်လဲ။ မျက်စိတစ်ဖက်ကို လှလှလေး မှိတ်ပြ၏။





ဟန်နီရဲ့ မခို့တရို့ အမူအရာကိုကြည့်ကာ တက်ဝေ ပျော်သွားသည်။

ဒိုင်တွေကချီးမြှင့်တဲ့ ဆုငွေစာအိတ်လေးကို ကျစ်ကျစ် ပါအောင်ကိုင်ရင်း ဟန်နီ့ကို ဖိနပ်တစ်ရန် ဝယ်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဟိတ်ကောင် ... တက်ဝေ၊ မင်းရအောင် တမင်အရှော ပေးလိုက်တာနော်။ အဲဒါကြောင့် မင်းကောင်မလေးဆီက အဖြေရတော့မယ်၊ ဒီတော့ ဆုကြေးက မင်းနဲ့မဆိုင်တဲ့ အတွက် စာအိတ်ကလေးကိုတော့ ငါတို့အဖွဲ့သောက်ဖို့ မစ,လိုက်ပါ၊"

"မင်းတို့သောက်ချင် ငါ အဝတိုက်တယ်၊ ဒါပေမဲ့ ဒီစာ အိတ်ထဲက ဆုကြေးက ဟန်နီ့ကို ဖိနပ်ဝယ်ပေးမလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ တက်ဝေ၊ မင်းတစ်သက်လုံး လူမွေးလူတောင် ပြောင်မှာ မဟုတ်တော့ဘူး"

"အေးလေ … တက်ဝေ ငါတို့လည်း ရည်းစားရှိပါတယ် ကွာ၊ မင်းလောက်တော့ ဘယ်သူမှ မပေါဘူး"

"ဘာပဲပြောပြော မင်းတို့ကို ညကျရင် အဝတိုက်မှာကွ၊ ငါ ပျော်နေတာ"

"မင်း သတိတော့ထားနော် တက်ဝေ၊ အဲဒီကောင်မလေး က တော်တော်လည်တယ်ကွ"

"ရည်းစားထားတာပါကွာ၊ စစ်တိုက်ထွက်တာမှ မဟုတ် တာ။ ငါ အိမ်ပြန်ရေချိုးလိုက်ဦးမယ်ကွာ၊ ပြီးရင် ချစ်ချစ် လေးဆီ အခစား ဝင်ရဦးမယ်"

"ကြွ … ကြွ"

တက်ဝေ အိမ်ပြန်ပြီး ရေမိုးချိုး၊ ရှိတဲ့အဝတ်အစား တွေထဲက ဈေးအကြီးဆုံး၊ အကောင်းဆုံး ဝတ်စုံကို ရွေးဝတ် လိုက်သည်။





ပြီးတော့ ဆုကြေးစာအိတ်လေး အိတ်ကပ်ထဲထည့် ကာ လေတချွန်ချွန်နှင့် လမ်းထဲ လမ်းလျှောက်လာတော့ လမ်း ထဲကလူတွေက သူ့ကို ပြုံးစိစိနဲ့ ကြည့်နေသည်။

ဟန်နီက လက်ဖက်သုပ်ဆိုင်မှာ စောင့်နေသည်။

"ဟန်နီ"

"ပြောစရာရှိ မြန်မြန်ပြော၊ ပြီးရင် ဟန်နီတို့ ထုပ်ဆီးတိုး ရဦးမှာ ဦးလေးရဲ့"

"ဦးလေး"

"ဟုတ်တယ်၊ ဟန်နီက ကိုယ့်ချစ်သူကို ဦးလေးလို့ခေါ်ဖို့ စဉ်းစားထားတာ"

"ကဲ … ခေါ်စေ … ခေါ်စေ၊ ဟန်နီလေး စိတ်ချမ်းသာ ရင်ပြီးရော၊ ရော့ … ဒါ ကိုယ်ရတဲ့ဆုကြေး၊ ဒီပိုက်ဆံနဲ့ ဟန်နီစီးဖို့ ဖိနပ်တစ်ရန်ဝယ်"

"နေပါစေ ဦးလေးရဲ့၊ အဲဒါတွေ မလိုပါဘူး"

"မလိုမှန်း သိတယ်၊ ဩော် … ဒါနဲ့ ဟန်နီလေး ကိုယ့်ကို ချစ်လား ဖြေပါဦး၊ ကြားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီက မျက်လုံးတစ်ဖက် မှိတ်ပြပြီး ထထွက်သွား၏။

တက်ဝေမှာ ရင်ခုန်သံတွေ ဒုန်းဒိုင်းမြည်သွား၏။

ဟန်နီကတော့ ထုပ်ဆီးတိုးဖို့ အဆင်သင့်ဖြစ်နေပြီ။

"ဟန်နီ … ဟန်နီ"

သူကတော့ ဟန်နီ့နာမည်ကိုပဲ အသားကုန်ကြုံးအော်ကာ အားပေးနေမိသည်။

"တက်ဝေ … ဟိုမှာ ဟန်နီ့ဘိုးတော်ကြီး မင်းကိုရှိုးနေတယ်နော်"

ဖိုးကျော်ပြောတော့ တက်ဝေ လန့်သွားသည်။ ဟန်နီ့ဖားသားကြီးက ဗလတောင့်တောင့် ထောင်ထောင်မောင်းမောင်းကြီးမို့ တက်ဝေတို့က ဖြုံကြသည်။

သူ့အဖေကို ကြောက်တာနဲ့ ဟန်နီ့နား ဘယ်သူမှ မကပ်ရဲကြ။

တက်ဝေတစ်ယောက်သာ ချစ်လွန်းလို့ စွန့်စားလိုက်တာ။ စွန့်စားရကျိုးနပ်သွားသည်။





သူ့အဖေကြီး မျက်စောင်းက အကြောင်းသုံးပါး မရွေးနိုင်တာမို့ မလှုပ်ရဲတော့ဘဲ ငြိမ်နေရသည်။

ထုပ်ဆီးတိုးပွဲမှာ ဟန်နီတို့အဖွဲ့က အနိုင်ရ၏။

သူ့မအဖေ ရှိလို့လားမသိ။ ဟန်နီက သူ့ဘက်ကို လုံးဝလှည့်မကြည့်။

ဆုကြေးထုတ်ပြီး သူ့မသူငယ်ချင်းတွေနဲ့ လက်ဖက်သုပ်စားရင်း ဟီးဟားလုပ်နေကြသည်။

သူ့မအဖေရှိသဖြင့် အဝေးက မျှော်ကြည့်ရသူက ဇာတ်လိုက်ကျော်ကြီး တက်ဝေပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ အဖေ့အလစ်ကို စောင့်နေသည်။ အဖေ့ဖုန်းကိုယူပြီး ဟန်နီ့ဆီ ဖုန်းဆက်ချင်လို့လေ။

လွတ်လပ်ရေးနေ့ အဖြေပေးပြီးကတည်းက ဟန်နီနဲ့စကားပြောခွင့် မရသေး။

ဟန်နီကလည်း လက်ဖက်သုပ်ဆိုင်တောင် ဆင်းမလာ။

သူမတို့အခန်းဝရန်တာမှာ စိုက်ထားသော ပန်းအိုးလေးတွေ ရေလောင်းတာပဲ တွေ့ရသည်။

သူမတို့အခန်းက လေးလွှာမို့ စကားပြောခွင့်မသာပါ။ ပြုံးပြနှုတ်ဆက် ခြေအေးဝမ်းရောင်ဘဝနဲ့ပဲ ကျေနပ်လိုက်ရသည်။





ခုတော့ သူမတို့အိမ်ကဖုန်းနံပါတ်ကို သိလိုက်ရတာမို့ ဖုန်းဆက်ဖို့ အဖေ့ဖုန်းကို ခိုးရမှာ။ ဒီညဆယ့်နှစ်နာရီ ဖုန်းဆက်ပါတော့။

ဆယ့်နှစ်နာရီက ဘယ်ဖုန်းဆိုင်မှ မဖွင့်တော့။ ဒီတော့ မွေးသဖခင်ဖုန်းကို ခိုးပြီးဆက်ရမည်။

ဖားသားကြီးက ဖုန်းကို ဧည့်ခန်းက ဆက်တီပေါ်မှာတင်ပြီး အိပ်ခန်းထဲ ဝင်သွားသည်။

တစ်အိမ်လုံး အိပ်တော့မှ သူ ဖုန်းထွက်ခိုးကာ ဝရန်တာထွက်ပြီး ဖုန်းဆက်ရသည်။

"ဟယ်လို"

ဟိုက် ...။

တစ်ဖက်က လာကိုင်တာ ဟန်နီလည်း မဟုတ်ပါလား။ ရောမယောက်ျားသံကြီး။ သူမရဲ့မွေးသဖခင်ထင်ပါ့။

"ဟဲလို ... ဟဲလို ... ဘယ်သူလဲ"

"အဟမ်း ... ကျွန်တော် ဟန်နီနဲ့ ပြောချင်လို့ခင်ဗျ"

"ဘယ်မိမဆုံးမ ဖမဆုံးမလဲကွ၊ ဒီအချိန်ကြီးဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုက်။ ရာသီဥတု မကောင်း။ ဖုန်းကို အမြန်ပိတ်လိုက်ရသည်။

ဆယ်မိနစ်လောက်နေတော့ တစ်ခါ ထပ်ခေါ်သည်။

"ဟဲလို"

အမယ်လေး ... ခုနက အသံဆိုးကြီးပဲ။ ဖုန်းကို ပြန်ပိတ်လိုက်ရပြန်သည်။

နောက်တစ်ခါ ထပ်ခေါ်တော့ မကိုင်တော့။ ကေန္တ ဖုန်းပလပ်ဖြုတ်လိုက်ပြီ ထင်ပါရဲ့။

အဖေ့ဖုန်းလေးကို ဆက်တီပေါ် သွားပြန်တင်ထားလိုက်သည်။

နောက်တစ်နေ့ကျတော့ ဟန်နီ တစ်ယောက်တည်း အပြင်ထွက်လာတာ တွေ့တာကြောင့် မယောင်မလည် လိုက်သွားမိသည်။

"ဟန်နီလေး ဘယ်သွားမလို့လဲ"

"ဈေးထဲ ကြက်ဥသွားဝယ်မလို့"

"ဩော် ... ညက ကိုယ် ဖုန်းဆက်တယ်၊ ဟန်နီရယ်"





"ဦးလေးကြောင့် ညက ဟန်နီ အဆူခံရတယ် သိလား၊ ဘိုးတော်အသံမှန်း သိရက်နဲ့ ဟန်နီနဲ့ပြောချင်ပါတယ် ဆိုတော့ ကောခံရတာပေါ့၊ ဦးလေးက တော်တော်တုံးတာပဲ"

"ဟုတ်လား၊ စိတ်မကောင်းလိုက်တာ ဟန်နီရယ်၊ ကိုယ့်ကို ပြန်ကောနော်"

"ဟွန်း"

"ဟန်နီလေး"

"ဘာလဲ"

"ကိုယ် ဟန်နီနဲ့ စကားအေးဆေးပြောချင်လို့၊ ဟန်နီတို့ ကျောင်းကို လာလို့ရမလား"

"ဟာ ... မရပါဘူး၊ ဟန်နီ ဒေါက်ပြုတ်တာပေါ့ ဦးလေးရဲ့၊ ဟန်နီနီနဲ့ ဦးလေးကြီးက တကယ်အဘိုးကြီးပဲဆိုပြီး ဝိုင်းဟားကြမှာပေါ့လို့၊ မလာနဲ့ ... မလာနဲ့"

"ဟန်နီရယ် ... ဒါဆို ကိုယ်က ဟန်နီနဲ့ ဘယ်လိုလုပ်ပြီး အေးဆေးတွေ့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့နဲ့ပေါ့"

"ဟာကွာ ... ကိုယ့်ချစ်သူနဲ့ကိုယ် အေးအေးဆေးဆေးတော့ တွေ့ချင်တာပေါ့"

"ဒီညနေ ဟန်နီ မြို့ထဲမှာ ကျူရှင်သွားတက်ရမယ်။ ကျူရှင်ရှေ့က လာစောင့်"

"ဟန်နီ တစ်ယောက်တည်းလား"

"ဘာလို့ တစ်ယောက်တည်း လာရမှာလဲ၊ မိဖြူပါ ပါမှာ"





ညနေ ရှီးစမိုးအပြည့်နှင့် ဟန်နီတို့ကျူရှင်ရှေ့ကသွားစောင့်မိသည်။

ကျူရှင်ဆင်းတော့ မိဖြူနဲ့ ဟန်နီ သူစောင့်နေသော ကော်ဖီဆိုင်ကို ရောက်လာသည်။

ဂျင်းဘောင်းဘီအတိုလေးတွေ ရောင်စုံဝတ်တတ်ပြီး အပေါ်က အင်္ကျီပွပွဖားဖားကြီးတွေနှင့် ခေါက်ဖိနပ်အမြင့်တွေစီးတတ်သော ဟန်နီ့စတိုင်လ်က အမိုက်စား အလန်းစားပါ။

ပြီးတော့ ဟန်နီက အသားတော်တော်ဖြူပြီး ဆံပင်ကို ရှေ့ရောနောက်ပါ ညီညီတိတိလေးထားကာ ဆံပင်ကာလာ တောက်တောက်တွေပဲ ဆိုးတတ်တာကြောင့် ဟန်နီ့က ဂျပန်မလေး တစ်ယောက်လို လှနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မဆိုရင်တောင် ဟန်နီ့လောက် မလှနိုင်။

ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကာ အမှတ်ပြည့်ပေးနေမိ၏။

"ဦးလေး ...

"ဦးလေး ... ဦးလေး ..."

"ဟောတော့ ... အသက်မဲ့သွားပြီလားပဲ ဦးလေး"

"ဟင် ... ဘာလဲ ... ဘာလဲ"

"ကြောင်တောင်တောင်နဲ့ ဘာဖြစ်နေတာလဲ"

"ကြော် ... ဟန်နီ့အလှမှာ နစ်မျောသွားလို့ပါ"

"သွားပြီ ... ဂေါက်သွားပြီ။ ဦးလေးကိုတော့ ရွာသာကြီး ပို့ရတော့မယ်။ စကားအေးအေးဆေးဆေးပြောချင်လို့ဆိုပြီး စကား မပြောဘဲ ဂေါက်သွားပြီထင်တယ်"

"ဟယ် ... ဟန်နီကလည်း အဲလောက်မပြောပါနဲ့ဟာ၊ ကိုတက်ဝေကြီးကို အားနာစရာကြီး"

"ဘာအားနာစရာရှိလဲ၊ သူက ငါ့ရည်းစားပဲ"

"ဟုတ်ပါတယ်၊ ဟန်နီလေးနဲ့ ကိုယ်က အားနာရမယ့်လူ တွေမှ မဟုတ်တာ၊ ဟန်နီလေး စိတ်ချမ်းသာရင်ပြီးရော ... ပြော ... ပြော"





"အခု ကော်ဖီသောက်ပြီးရင် ဟန်နီတို့ ရှော့ပင်ထွက်မှာ လိုက်မလား"

"ဟာ ... လိုက်မှာပေါ့ ဟန်နီရဲ့ လိုက်မှာ၊ ပြီးတော့ ဟန်နီလေးကို ကိုယ် လွတ်လပ်ရေးနေ့ကရတဲ့ ပိုက်ဆံနဲ့ ဖိနပ်လည်း ဝယ်ပေးဦးမှာ"

"ကောင်းပြီလေ သွားကြတာပေါ့၊ ကော်ဖီဖိုးတော့ ရှင်းမယ် မို့လား"

"ရှင်းမှာပေါ့ ရှင်းပါမယ်၊ ကိုယ့်မှာ ပိုက်ဆံပါတယ်"

ပြီးတော့ တက္ကစီငှားပြီး တော်ဝင်စင်တာသွားသည်။ တော်ဝင်စင်တာကို အထပ်ထပ်ပတ်ပြီး အင်္ကျီဝယ်နေသည်။

ဝယ်တော့ အင်္ကျီတစ်ထည်။ ကြည့်လိုက်တာက ဆိုင်တိုင်းလိုလိုပင် တစ်ဆိုင်ဝင်လိုက်။ အင်္ကျီတစ်ထည်လောက် ဖော်ကြည့်လိုက်။ မကြိုက်ရင် ပြန်ထားခဲ့လိုက်နှင့်။

ကြာလာတော့ တက်ဝေ ဆိုင်တွေကို အားနာလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာန်နီရယ် ... ကြိုက်တာတွေ့ရင် ယူလိုက်ပါတော့ကွာ၊ ဆိုင်တွေကို အားနာစရာ"

"အားနာရင် ဦးလေးနေခဲ့လေ၊ ဆိုင်တွေကတောင် ဘာမှ မပြောဘူး၊ ဦးလေးက ဘာဖြစ်နေတာလဲ"

သူ ဘာမှမပြောရဲတော့ဘဲ ပါးစပ်ပိတ်လိုက်ရသည်။ ရွှေစိတ်တော်မှ အညိုမခံနိုင်တာလေ။

အင်္ကျီဝယ်ပြီးတော့ သူက ဖိနပ်ဝယ်ပေးသည်။ ဖိနပ်ဆိုလည်း ဒီကလေးမက ဒေါက်အမြင့်ကြီးတွေမှ ကြိုက်၏။

"ဟာန်နီလေးရယ် ... အဲလောက်မြင့်တာကြီးတွေ မစီးပါနဲ့ လားကွာ၊ တော်ကြာ ချော်ပြုလဲနေမှဖြင့်"

"ဒီမှာ ... ဟာန်နီ ကျွမ်းကျွမ်းကျင်ကျင် စီးတတ်တယ်၊ မပူနဲ့ သိလား"

မိဖြူကတော့ ကြားထဲကနေ တက်ဝေကို အားနာနေသည်။ ဟာန်နီကတော့ အေးရာအေးကြောင်း။ တက်ဝေကလည်း ဘယ်လောက်ပြောပြော မနာဘဲ ပါးစပ်နားရွက်ချိတ်နေသည်၊





ဟာန်နီရဲ့ဖိနပ်အိတ်နဲ့ အင်္ကျီအိတ်ကိုကိုင်ပြီး ဟာန်နီ တို့သွားသမျှ တကောက်ကောက် လိုက်ပြီးသော် ...

"ကဲ ... ညောင်းပြီ ပြန်စို့"

"ဟာန်နီ ... ကိုယ်တို့ စကားအေးအေးဆေးဆေး ..."

"နောက်မှပြော ဦးလေးရယ်၊ ညောင်းပြီ ပြန်ချင်ပြီ"

"ဒါဆို ဘယ်တော့တွေ့ရမလဲ"

"နောက်တစ်ပတ် ခုလိုပဲ ကျူရှင်မှာ လာစောင့်လေ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် ကိုတက်စေကြီးကို Lesson ပေးတာ လွန်တယ်"

"လွန်တယ် ... အဲလောက်လွန်တာတောင် သွားဖြီးကြီးနဲ့လေ ... ဟွန်း"

"အေးဟ ... သူ့က နင့်ကို တော်တော်ချစ်ပုံပဲ၊ နင်ပြောသမျှခံတယ်၊ တော်ရုံယောကျ်ားဆို မရဘူးဟ"

"သူက ယောကျ်ားမဟုတ်လို့ နေမှာပေါ့ ... ခိခိ"

"နင်ကလည်း၊ နင်နော် ... မချစ်ဘူး မချစ်ဘူးနဲ့ နောက်တစ်ပတ်ပါ ထပ်ချိန်းတယ်"

"သူက တွေ့ချင်နေတာကိုး။ ငါကလည်း သုံးစရာ ပြစရာ ပညာတွေ ကျန်သေးတော့ ... ဟင်း ဟင်း ... ဘယ်တွေ့ရဦးမှာပေါ့"





"ဘာလဲ ... နင် နောက်တစ်ပတ်လည်း တော်ဝင်စင်တာ ပတ်ဦးမလို့လား"

"နိုး ... နောက်တစ်ပတ်ကျတော့ နောက်တစ်မျိုးပေါ့ဟာ၊ မရိုးစေရဘူး စိတ်ချ"

"ကြည့်လုပ် မီဟန်နီ၊ သည်းခံနိုင်စွမ်းအားကြီးတဲ့သူတွေ ပေါက်ကွဲရင် သူများနဲ့ မတူဘူးနော်"

"စိတ်ချပါဟာ၊ မထူမပါးလေးပဲ ကစားမှာ။ ကဲ ... မိဖြူ ငါ့ အိမ်ရောက်ပြီ။ တာ့တာ"

"အေး ... မနက်ဖြန် ကျောင်းကားလာကြိုရင် အဆင်သင့်ဖြစ်ပစေနော်၊ မိန်းမ ... ကျောင်းကားက သူ့ကိုပြန်စောင့်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ ပြောတာတွေ နားထောင်ပြီး ဖိုးကျော်က ဒေါသထွက်သည်။

"ငတုံး ... အဲဒါ မင်းကို ပညာပြနေတာကွ"

"မင်းကလည်းကွာ၊ အဲလို ခေါင်စဉ်ဆိုးကြီး မတတ်ပါနဲ့ ကွ။ မသကာ အချစ်စမ်းတာ နေမှာပါ"

"လင်းတ ... မင်းကို ဟိုက နှပ်ချနေတာ။ ဟန်နီနီနွယ်က သူတို့ကျောင်းမှာ ရေပန်းစားတယ်တဲ့၊ ဘယ်လိုရေပန်းစားတာလဲ သိလား၊ ခုခေတ်နဲ့ပြောရင်တော့ အီးတယ်၊ နှပ်ကြောင်းပေးတယ်ပေါ့ကွာ၊ ပြောရရင် ကြိုးရှည်ရှည်နဲ့ လှန်ပြီး ဆောင့်ဆွဲတတ်တယ်တဲ့"

"မင်းကလည်းကွာ ... မလိုသူတွေ အပုပ်ချတာ နေမှာပါ"





"တကယ်ပြောတာကွ၊ သူတို့ကျောင်းမှာ ငါ့ညီတစ်ယောက်လည်း တက်တယ်၊ သူ ပြောတာ"

"ဟန်နီ့ပုံစံက အပြုံထည်လေးပါကွာ၊ ဂျပန်မလေးကျနေတာပဲ၊ ချစ်စရာလေး"

"ဂျပန်မဆိုရင်တောင် ဂျပန်ကဝေမပဲဖြစ်မယ်၊ ရိုးရိုးဂျပန်မတော့ မဖြစ်နိုင်ဘူး"

"မင်းပြောနေတာ ငါ့ကောင်မလေးနော် ဖိုးကျော်"

"မင်က ငါ့သူငယ်ချင်းမို့လို့ ငါက စေတနာနဲ့ သတိပေးနေတာပေါ့ကွ"

ဖိုးကျော်ကတော့ အမုန်းခံပြီး ဖျက်နေမိသည်။ ဟန်နီဆိုသည့် ကောင်မလေးက အသက်အရွယ်နှင့်မလိုက်အောင် ဆရာကျလွန်းသည်။

အထာပိုတဲ့နေရာမှာလည်း နှစ်ယောက်မရှိ။

အရောင်အတိမ်းကလည်း ကောင်းမှကောင်းဆိုပဲ။ ဟန်နီ့ကို **Propose** လုပ်ထားသူတွေက ဘောလုံးအသင်းနှစ်သင်းစာလောက်တောင် ဖွဲ့လို့ရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နေတဲ့သူတွေလည်း ပါသတဲ့။

ဆေးကျောင်းသားတွေတောင် ကွန်ပျူတာတက္ကသိုလ်ထဲ ခဏခဏ လာကြသတဲ့။

ဒီလို ဟန်နီက ကျောင်းပြီးပြီ၊ ယောင်လည်လည် ဖြစ်နေတဲ့ တစ်လမ်းတည်းသားချင်း တက်ဝေကို အုန်းသီးလုနိုင်းပြီး အဖြေပေးတာက ရယ်စရာမကောင်းဘူးလား။

တစ်ခုတော့ရှိတာပေါ့လေ။ တက်ဝေက ဟန်နီ့ကို တကယ်ကြီးကို အရူးအမူး ချစ်နေတာလေ။

ဒါပေမဲ့ သူမလို မိန်းကလေးအတွက် အရူးအမူး အချစ်ဆိုတာက မက်လောက်စရာမှ မဟုတ်တာ။

ချောက်တွန်း ချောက်ချ အပျင်းပြေကစားချင်တာပဲ ဖြစ်ရမည်။

ပြီးတော့ ဟန်နီ့အဖေ။ ဟန်နီ့အဖေက သင်္ဘောသား။ သင်္ဘောတစ်ခါ တစ်ခါ တက်သွားရင် တစ်နှစ် နှစ်နှစ်ကြာသည်။ ဒါပေမဲ့ ပြန်လာသခိုက် လပိုင်းလေးမှာတော့ သမီးဖြစ်သူကို ယင်နားခံတာမဟုတ်။





တစ်ခါတစ်ရံ သမီးကျောင်းကို မပြောမဆို လိုက်ကြည့်ရင် ကြည့်တတ်သလို ရပ်ကွက်ထဲမှာ သမီးကို ဘယ်ကောင် ရစ်နေသလဲ ဆိုတာပဲ မျက်လုံးဒေါက်ထောက် ကြည့်နေတာ။

ဟန်နီ့အမေကလည်း ဟော့ရှော့အမေ။ တစ်ခါတစ်ရံ သမီးနဲ့အပြိုင် ဘောင်းဘီတွေ စကတ်တွေဝတ်တုန်း။

ခုထိ ဇစ်တိုးရီးယားဘက်ခမ်း ဆံပင်ပုံစံနဲ့။ ဖြူတီစလွှန်း တစ်လတစ်ခါ ပုံမှန်သွားဖို့နဲ့ ယောက်ျားရှာသမျှ သုံးဖို့ဖြုန်းဖို့ပဲ စဉ်းစားနေသူ။

သင်္ဘောသားကတော့ ပီသတာလေ။

တစ်ခုပဲရှိသည်။ ခေတ်လွန်နေသည့် ဟန်နီ့မိဘတွေက ဟန်နီ့ကို ဖုန်းပေးမကိုင်။

တက်ဝေရော ဘာထူးလဲ။ ဟန်းဒ်ဖုန်းတွေ ဒီလောက်အမျိုးအစားပေါင်းစုံနဲ့ ထမင်းစားရေသောက် ကိုင်နေတာတောင် တက်ဝေကို အဖေက ဝယ်မပေး။

"မင်း ဘာအလုပ်အကိုင်ရှိလို့ ဖုန်းကိုင်မှာလဲ။ မင်းတို့ ဖြုန်ကြောင်ဖို့တော့ မဝယ်ပေးနိုင်ဘူးကွ"



www.burmeseclassic.com

ဒီတော့ တက်ဝေနဲ့ ဟန်နီတို့ ဇာတ်လမ်းကိုဘယ်လိုဆက်မလဲ ဆိုတာ တွေးစရာတောင်မလို။ နောက်ဆုံး ဇာတ်လိုက်ကျော်ကြီး တက်ဝေပဲ မရှုမလှ အဘတ်ခံရမှာပေါ့။ မိုးကျော်က တွေးရင်း သက်ပြင်းချမိ၏။





ကျူရှင်ဆင်းချိန်။

စောင့်နေကျ ကော်ဖီဆိုင်ကပဲ စောင့်နေမိသည်။

"ဦးလေး"

"ဟန်နီ ပင်ပန်းနေပြီလား စာသင်ရတာ"

"ကျောင်းသူပဲ သင်ရမှာပေါ့။ ဪ ... ဦးလေး ... ရော့၊ ဦးလေးအတွက် လက်ဆောင်

"ဟာ ... ဘာတွေလဲ"

"အင်္ကျီနဲ့ဘောင်းဘီလေ။ ဦးလေးက ဟန်နီ့ကို ဖိနပ်ဝယ်ပေးတယ်မို့လား။ အဲဒါကြောင့် ဟန်နီက လက်ဆောင်ပြန်ပေးတာ။ ဟန်နီက ချက်ချင်းဝတ်မှ ကြိုက်တာနော်။ ဒီကော်ဖီဆိုင်ရဲ့ သန့်စင်ခန်းထဲမှာ သွားလဲလိုက်။ ဟန်နီပေး

www.burmeseclassic.com



တဲ့ဝတ်စုံလေးဝတ်ပြီး ဟန်နီနဲ့ တရုတ်တန်းမှာ အကင်သွားစားမယ်လေ"

"ဟန်နီ တကယ်လား၊ တကယ်ပြောတာလား၊ အဟီး ... ကိုယ်က အခုတကယ်ဝတ်မှာနော်"

"ဩော် ... တကယ်ပေါ့၊ ခုသွားလဲလိုက် ... သွား"

တက်ဝေက အထုပ်ကိုယူပြီး ဆိုင်နောက်ထဲဝင်သွားသည်။

ဟန်နီက ကိုယ်လုံးကို သိမ့်သိမ့်တုန်နေအောင် ရယ်နေသည်။

"မိဟန်နီ ... နင် ကိုတက်ဝေကို ဘာတွေချောက်ချလိုက်ပြန်ပြီလဲ"

"လက်ဆောင်ပေးတာပါဟယ်။ အဲလို နာမည်ဆိုးကြီးမတပ်ပါနဲ့"

"မိဟန်နီ ... နင်နော် ... နင်"

သန့်စင်ခန်းထဲက တက်ဝေကလည်း ပြဿနာတက်နေပါသည်။ ဟန်နီပေးတဲ့ လက်ဆောင်ကိုလည်း ကြည့်ဦးလေ။





အနီရောင်ဖပြောင်လက်နေသော ဖဲသားဘောင်းဘီပွပွဖားဖားကြီးနဲ့ အနီရောင်ဖဲအင်္ကျီ၊ အနီရောင်က ပြောင်လက်တောက်ပပြီး အသွေးကျလွန်းနေသည်။

ပြောရမယ်ဆိုရင် တရုတ်ရိုးရာမင်္ဂလာသတို့သားတွေဝတ်တဲ့ ဝတ်စုံမျိုး။

အပေါ်အနီ အောက်အနီကြီးဝတ်ပြီး တရုတ်တန်းထဲ သွားရင်တော့ ... ! ။

တွေးရင်း ကြက်သီးထလာသည်။

အဝတ်တွေကို အိတ်ထဲပြန်ထည့်ပြီး အပြင်ပြန်ထွက်လာတော့ ဟန်နီက မကျေနပ်သလို ကြည့်နေသည်။

"ဟန်နီ ... ကိုယ် ဒါကို အမှတ်တရ သိမ်းထားမယ်နော်၊ တရုတ်တန်းကိုတော့ ဒီတိုင်းပဲ သွားရအောင်"

"ဦးလေး ... ဟန်နီက စကားကို နှစ်ခါမပြောတတ်ဘူးနော်၊ အခုသွားလဲပါ"

"ဟန်နီ ... ဟန်နီ ယူလာတာ မှားများမှားနေလားမသိဘူး၊ ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မမှားဘူး၊ အဲဒီဝတ်စုံကိုပဲ ယူလာတာ၊ ကြာတယ် ဦးလေးရာ၊ သွားလဲတော့"

"ဟိုလေ ... ဟန်နီ"

"ကဲ ... ဒီမှာ ဦးလေး၊ ဒီဝတ်စုံကို ခုချက်ချင်းသွားလဲပါ၊ အဲလိုမှ မလုပ်နိုင်ဘူးဆိုရင် ရှင်နဲ့ကျွန်မတို့ ဒီနေ့ ဒီနေရာ ဒီအချိန်မှာပဲ အဆုံးသတ်ပါလိမ့်မယ်၊ ပေါက်ပြီနော်"

တက်ဝေ ခေါင်းညိတ်ရုံမှတစ်ပါး။ မိဖြူကတော့ တစ်ခုခုပဲလို့ တွေးနေပြီး ဘာမှန်းပဲ မသိတာ။ ဧကန္တ ဒီမိန်းမ ပုဆိုးအပေါက်များ ဝတ်ခိုင်းလား ? ။

မိဖြူ အတွေးမဆုံးခင် ကိုတက်ဝေကြီး ရဲရဲတောက်ကာ ထွက်လာသည်။

"ဟောတော့"

မိဖြူမှာ အသံထွက်အောင် အံ့သြသွားရသည်။ တစ်ဆိုင်လုံး ပြုံးစိစိ ဖြစ်ကုန်ကြသည်။

"ချေးကျတယ်ကွာ"





ဘောဝိုင်းကပ်ရပ်က ကောင်လေးတွေဆီက အသံ ထွက်လာသည်။

"ဦးလေးနဲ့ လိုက်သားပဲ၊ လန်းတယ်ကွာ၊ ကဲ ... တရုတ်တန်း သွားရအောင်"

"လဲဝတ်ပြီးပြီပဲ ဟန်နီရယ်၊ အိမ်ပဲပြန်ရအောင်နော်"

"ဦလေးနော်။ ဦးလေးပဲ ဟန်နီနဲ့အတူတူ သွားချင်တယ်ဆိုလို့ ဟန်နီက အခွင့်ရေးပေးတာ"

ဟန်နီက လက်ကိုဟန်ပါပါပိုက်ပြီး ...

"အိုခေနော် ... ဟန်နီ့အပြစ် မရှိတော့ဘူး၊ နောက်ဆို ဟန်နီနဲ့တွေ့ဖို့ လုံးဝမပြောနဲ့"

"ဟာ ... အဲလိုတော့ မလုပ်ပါနဲ့ ဟန်နီရယ်၊ လာ ... သွားကြမယ်"

"ခစ် ခစ် ... ဒီလိုမှပေါ့၊ ဟန်နီ စိတ်တိုင်းကျလိုက်နာလို့ ဦးလေးကို ဟန်နီက ပြန်ကြိုက်တာဆိုတာ မမေ့နဲ့ဦး ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



တရုတ်တန်းနဲ့ ကော်ဖီဆိုင်က သိပ်မဝေးတာမို့ လမ်းလျှောက်သွားကြရာ လမ်းတစ်လျှောက် တွေ့သမျှလူတွေက ကြည့်နေကြသည်။

"ဦးလေး ခဏလေး"

ဟန်နီက ခေါက်ယပ်တောင်တစ်ချောင်း ဝယ်ပြီး ဖြန့်ကာ ...

"ရော့ ... ဒီလိုလေး ကိုင်ခဲ့"

"ဒီဟန်နီ ... ကိုတက်ဝေကို အားနာစရာပါယ်"

"ဟဲ့ ... ငါ့ရည်းစားက ငါ့ကိုချစ်လို့ လုပ်တာကို နင်က ဘာဖြစ်နေတာလဲ မိဖြူရယ်၊ ဦးလေးစတိုင်လ်က ဒီလိုမှ ပိုကြီးပြည့်စုံသွားတာ။ ဦးလေးလည်း စတိုင်လ်ကြောင့် စကား ဖြစ်နေပြီနော်။ ဟိ ဟိ"

တက်ဝေ မျက်နှာကြီးက တော်တော်ကို မချိမဆန့် ရဲတွတ်နေကာ ဝတ်စုံနဲ့အပြိုင် အရောင်လက်လို့။





တရုတ်တန်းရောက်တော့လည်း လူတကာက ဝိုင်း ကြည့်နေသည်။

ရုက်လွန်းလို့ တက်ဝေမှာ ဘာမှတောင် မစားနိုင် မသောက်နိုင်။

ဟန်နီကတော့ ပြုံးစိစိနဲ့ တွယ်လိုက်တာ။ ကြားထဲ က မိဖြူကတော့ အားနာပြီး မစားနိုင်။

တချို့ကလည်း ရုပ်ရှင်လာရိုက်တယ် ထင်ကြကာ ကင်မရာရှာတဲ့သူ ... ရှိသည်။

ဟန်နီ့ ... ကိုကတော့ ဘယ်လိုပဲဖြစ်ဖြစ် သဘောကျနေ သည်။

တက်ဝေက ချွေးပြန်နေသည်။

"ဟန်နီလေး ... ဒီလောက်နဲ့ ကျေနပ်တော့နော်၊ စားပြီး ရင် ပြန်ကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မှာပါ ဦးလေးရဲ့၊ ဦးလေးက ဟာန်နီ့ကို တကယ်ချစ်သွားပဲ။ မဆိုးပါဘူး"

တက်ဝေမှာ ထိုဝတ်စုံကြီးနဲ့ ရပ်ကွက်ထဲပြန်တော့...

"ဟ ... တက်ဝေ၊ ဘာတွေ ပေါက်လာတာလဲဟ"

"တက်ဝေ ... နင်က တရုတ်လား၊ နင့်အပေရော အမေပါ ဗမာတွေမို့လား"

"တက်ဝေက ဘယ်ပေါက်ဖော်ဆွဲတဲ့ ကြားကားလဲမှ မသိတာကွ ... ဟား ဟား"

တက်ဝေမှာ ခေါင်းတောင်မဖော်နိုင်။

ရက်စက်ပါသော မီဟာန်နီ။



ဖိုးကျော်ကတော့ ဒေါသတွေထွက်ပြီးရင်း ထွက်နေသည်။

"တက်ဝေ ... ရပ်ကွက်ထဲမှာ မင်း ငပေါကြီးလုံးလုံးဖြစ်နေပြီနော်။ မင်းသတင်းတွေက မကြားချင်မှ အဆုံးပဲ"

"ဘာတွေကြားလို့လဲ"

"ဟ ... မင်း ... ဟိုကောင်မလေး ခိုင်းသမျှ သွားရည်တမြားမြားနဲ့ မရှက်မကြောက် လုပ်နေတာတွေပေါ့ကွ"

"ဘာဖြစ်လဲကွာ။ ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးတာပဲ"

"တက်ဝေ ... တက်ဝေ ... ချစ်တယ်ဆိုတာက အဓိပ္ပာယ်ရှိပြီး၊ ဖြည့်ဆည်းတယ် ဆိုတာကတော့ အတိုင်းအတာရှိတယ်ကွ။ သူ တကယ်လိုအပ်လို့ လိုအပ်သမျှကို မွှား

www.burmeseclassic.com

www.burmeseclassic.com



အနစ်နာခံ ကိုယ်ကျိုးစွန့်ပြီး ဖြည့်ဆည်းပေးတာမျိုးကတစ်မျိုး။ မင်းကို ဂျိုကာတစ်ကောင်လို သဘောထားပြီး ထိုင်ဆိုထိုင် ထဆိုထ လုပ်ခိုင်းတာကို မင်းက လိုက်လုပ်တာက ဖြည့်ဆည်းတယ် မခေါ်ဘူး။ ရူးတာ”

“အဲဒါက မင်းအထင်လေ ဖိုးကျော်ရာ။ ငါကတော့ အဆင်ပြေသားကွ။ ငါ့ဘဝမှာ ဟန်နီ့ကိုချစ်တဲ့အချစ်က အရေးအကြီးဆုံးပဲလေ။ ဟန်နီရှိဖို့ အဓိကပဲ။ ဟန်နီချစ်ဖို့က အဓိက။ ဟန်နီ ငါ့ကိုပစ်သွားတဲ့နေ့က ငါ ရူးတဲ့နေ့ပဲကွ”

“သွားပြီ။ မင်းက ဆေးတောင်မမီတော့ပါလား တက်ဝေ၊ ငါ နောက်ဆုံးတစ်ခုတော့ သတိပေးလိုက်မယ်ကွာ။ အချစ်ကြီးတော့ အမျက်ကြီးပြီး အများကြီးလည်း ခံစားရတတ်တယ်”

“အေးပါကွာ၊ ငါကတော့ အများကြီး မခံစားရအောင် ဟန်နီ စိတ်ချမ်းသာအောင် ထားမှာ၊ သူ ငါ့ကိုချစ်ရတာကို စိတ်ချမ်းသာရင် ငါ့ကို မစွန့်ပစ်တော့ဘူး။ ဒါဆို ငါမခံစားရတော့ဘူးပေါ့ကွ”





“အေးလေ ... လူတိုင်းက တွက်တော့တွက်တတ်ကြတာပဲ၊ အဲ ... အတွက်လည်း မှားတတ်ကြတာပဲကွ၊ မင်း ... ကံကောင်းပါစေ သူငယ်ချင်းရာ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွာ ... အဟီး”

တက်ဝေကိုကြည့်ပြီး ဖိုးကျော် ခေါင်းတခါခါနဲ့ကို အံ့သြနေသည်။ ဟန်နီဆိုသည့် ကောင်မလေးက ချောပါသည်။ ချစ်စရာလည်း ကောင်းပါသည်။ ယောကျ်ားလေး တော်တော်များများ လိုလိုလားလား မက်မောကြမှာ အမှန်။ သို့သော် ခက်နေတာက ကောင်မလေးကမှ တက်ဝေကို မချစ်တာ။ မချစ်လို့လည်း Lesson တွေ တစ်မျိုးပြီးတစ်မျိုးပေးနေတာ။

အဲဒါကို သကောင့်သားက နားမလည်ဘဲ မာန်တက်နေသည်။

ဟန်နီ့သူငယ်ချင်း မိဖြူဆီက ကြားရတဲ့သတင်းတွေကလည်းမကောင်း။ ဟန်နီက တက်ဝေကို ဖြတ်ချင်လို့ တက်ဝေ သူမကို စိတ်ကုန်အောင် လုပ်နေတာဆိုပဲ။

တက်ဝေ သူမကို စိတ်မကုန်,ကုန်အောင် တစ်မျိုးပြီးတစ်မျိုး ပညာပြဖို့ အစီအစဉ်ရှိသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေအတွက်တော့ မလွယ်ကြောဲပဲ။ ဖိုးကျော်ဘာ သူငယ်ချင်းဘက်မှ နာပေမယ့် ဘာမှမတတ်နိုင်။ ကိုယ့်လူကမှ ထိန်းမရတာကိုး။

ရပ်ကွက်ထဲမှာတော့ တက်ဝေနဲ့ ဟန်နီ့သတင်းကို စောင့်နားထောင်နေသူတွေ မနည်းပါ။

တစ်နေ့ တစ်နေ့ တက်ဝေ ဘယ်လိုဟာသတွေ လုပ်ပြမလဲ စောင့်ကြည့်နေကြသူတွေလည်း မနည်းပါ။

ဟန်နီ့မိဘတွေရော တက်ဝေ မိဘတွေကပါ သူတို့ အကြောင်းတွေ သိကုန်ကြပြီ။ တက်ဝေ မိဘတွေက မခံချိမခံသာ ဖြစ်နေပေမယ့် ဟန်နီ့မိဘတွေက မြောက်ပြန်လေကို ကျောပေးလို့ အေးဆေးပင်။ အိုးကမပူ စလောင်းကပူရလောက်အောင်ပင် အဖြစ် ဆိုးနေရှာသော တက်ဝေမိဘတွေပါလေ။

❖ ❖ ❖





ဟန်နီသည် တက်ဝေ ဆိုသော တောက်တဲ့ကို ဘယ်လိုဆက်ပြီး ပညာပေးရမလဲလို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ် နေမိသည်။

ဘယ်လိုလုပ်လုပ် အပြုံးမပျက် သည်းခံနိုင်သော သင်းကို တော်တော်လည်း အမြင်ကတ်လှပါပြီ။

လွယ်လွယ်ခွာမရဘဲတောက်တဲ့ကပ် ကပ်နေတာကို အမြင်ကတ်လှပြီ။

သူလိုလူက ပါးပါးကလေးနဲ့မရတော့ ထူထူလေး ကို ဖိုက်လိုးရတော့မည်။ ထို့ကြောင့်လည်း သင်း အထိနာမည့် အကွက်ကို စဉ်းစားနေရတာ ခေါင်းတောင် ပူခြောက်လာပြီ။

"ဟန်နီ ငြိမ်လှချည်လား"

"အတွေးတွေ အကွက်ရှေ့နေတာ မာမီရေ"

"ဘာလဲ ... ဟိုကောင်လေး အကြောင်းလား။ တွေးစရာ အဆင့်ကိုမမီပါဘူး ဟန်နီရယ်။ မာမီ သဘောမတူဘူးနော်။ ပပ္ပ့ဒက်ဒီလည်း နိုးပဲတဲ့။ ပေါက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မာမီရယ်။ ဟန်နီက အပျင်းပြေပါ၊ ခုတောင် ဘယ်လိုပညာပြရမလဲ စဉ်းစားနေတာ၊ အံ့သြစရာပဲ သိလား မာမီ၊ အဲဒီလူကလေ ဘယ်လိုဖြတ်ဖြတ် ပြုံးပြုံးလေးပဲဗျာ"

"ဟုတ်ပ၊ ငါ့သမီး သိဝိမင်းနဲ့ တွေ့နေတာ ... ဟင်း"





"ဦးလေး"

"ပြောလေ ဟန်နီရဲ့"

"ဦးလေး ဟန်နီကို စိတ်မပျက်ဘူးလား"

"မပျက်ပါဘူး ဟန်နီရယ်"

"ဟန်နီက ဦးလေးအချစ်ကို ထပ်ပြီးစမ်းသပ်ချင်သေးတာ၊ ဦးလေး ခံနိုင်ပါ့မလား"

"ဟန်နီလေးက မယုံသေးလို့လား၊ စမ်းသပ်ပါ ဟန်နီရယ်၊ ကိုယ့်အချစ်က စစ်ပြီးသား"

"ဟန်နီက ဘာခိုင်းခိုင်း လုပ်ရမယ်နော်"

"စိတ်ချ"

ဟန်နီက မေးစေ့ကို လက်သန်းလေးနှင့် ကုတ်ခြစ်ကာ သူမကျောပိုးအိတ်ထဲက ကော်ခွက်လေးတစ်ခွက် ထုတ်ယူလိုက်သည်။ သူမ အဆင်သင့်ယူလာသော ခွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဦးလေး၊ ဒီလိုသားသားနားနား ဝတ်ထားတဲ့ ဒီဖိုင်းနဲ့ပဲ ဒီခွက်ကလေးကိုကိုင်လိုက် ...ဟုတ်ပြီ။ ဦးလေးမှာ ပိုက်ဆံဘယ်လောက်ပါလဲ"

"ပါပါတယ် ဟန်နီရဲ့"

"ပါသမျှ ဟန်နီ့ကို အကုန်ပေး၊ ခဏနော်။ ပြီးရင်ပြန်ပေးမှာပါ"

"ရပါတယ် ဟန်နီရဲ့၊ အပိုင်ယူလည်း ရတယ် ... ဟင်းဟင်း"

ဟန်နီက သူ့ပိုက်ဆံတွေကိုသာမက ပိုက်ဆံအိတ်ကိုပါ ယူထားလိုက်ပြီ။

"ကဲ ... ဦးလေး၊ ဦးလေးက ခွက်ကလေးကိုင်ပြီး ဟိုလမ်းထိပ်နားကိုသွား။ ပြီးတော့ ပိုက်ဆံတစ်ထောင်ရအောင်တောင်းခဲ့။ ပိုက်ဆံတစ်ထောင်ရအောင် တောင်းနိုင်ရင် ဦးလေးအချစ်ကို အကြွင်းမဲ့ ယုံမယ်နော်"

"ဟာ ... ဟန်နီရယ်"





ဟန်နီက မျက်ခုံးပင့်ပြီး မထီတရီ ကြည့်နေသည်။ နှုတ်ခမ်းက ဘာစ်ခွန်းမှ ထပ်မပြောပေမယ့် မျက်လုံးတွေက ဖြားယောင်းနေသည်။ အကြည့်တွေက အမိန့်ပေးခိုင်းစေနေသည်။

တက်ဝေက ခွက်ကိုကြည့်လိုက်၊ ဟန်နီ့ကိုကြည့်လိုက်လုပ်နေသည်။

ဟန်နီက မျက်လုံးတွေကို မှေးစင်းထားလိုက်၏။ ဒီတစ်ခါတော့ ဒီတောက်တဲ့ကို ခွာလို့ရပြီ ထင်ပါရဲ့။

ဟန်နီတို့ကျူရှင်က မြို့ထဲမှာဖြစ်ပြီး ဟန်နီတို့ထိုင်နေကြ ကော်ဖီဆိုင်လေးကတော့ တရုတ်တန်းနဲ့ မနီးမဝေးမှာ ရှိနေလေ၏။

ထိုနေရာမျိုးမှာ တက်ဝေ တစ်ယောက် ခွက်တစ်လုံးဆွဲရမည့်အရေးတော့ သေချာပေါက် ရင်လေးမှာပါပဲ။ ဘယ်လိုမှ ကို လုပ်ရဲမှာမဟုတ်ဟု ဟန်နီက အပိုင်တွက်ထားသည်။

နောက်ဆုံး လုပ်ရဲဦးတော့ သားသားနားနား ဝတ်စားထားသည့် တက်ဝေက ခွက်ဆွဲထားတာကို ဘယ်သူကမှ ပိုက်ဆံထည့်မည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်ထောင်ရအောင် တောင်းနိုင်ဖို့ဆိုတာက တော့ ဝေလာဝေးပါပဲ။

ဘယ်လိုပဲတွက်တွက် ဟန်နီ့ဘက်က အပိုင်ပဲ။

ဒီတစ်ခါတော့ ဟန်နီ့ခွင်ထဲ ဝင်လောက်ပါပြီ။ တက်ဝေက ဟန်နီ့ကို တစ်ချက်စိုက်ကြည့်ပြီး ...

"ကိုယ့်အချစ်စစ်တယ် ဟန်နီ၊ ကိုယ်လုပ်ရမှာပေါ့"

"ပိုက်ဆံတစ်ထောင်ရအောင် တောင်းနိုင်မှ ယုံမှာနော်"

"စိတ်ချ ဟန်နီ၊ ကံကြမ္မာက ကိုယ့်ဘက်မှာ ရှိမှာပါ"

တက်ဝေ တကယ်ထွက်သွားတော့ ဟန်နီ ရင်နည်းနည်းဖိုသွားသည်။ ဘုရားရေ ... သူ တကယ်လုပ်မယ်တဲ့။

သို့သော် ပိုက်ဆံတစ်ထောင်ရဖို့တော့ မလွယ်လောက်ပါဘူးဟု စိတ်ကိုတင်းရသည်။

* * *





တက်ဝေသည် အရဲစွန့်ကာ ခွက်ကိုင်ပြီး ထွက်ခဲ့ရတာ။ ဟန်နီများ လှမ်းခေါ်မလားဟု မျှော်လင့်မိတာ အခါခါ။

သို့သော် ဟန်နီက လှမ်းမခေါ်ဘဲ လှမ်းအမိန့်ပေးလိုက်သည်။ ပိုက်ဆံတစ်ထောင်ရအောင် တောင်းရမတဲ့။

ဟန်နီ ... ဟန်နီ ...

ဘော်တော်ရက်စက်သည့် ကောင်မလေး။ တက်ဝေသည် ခွက်ကိုင်ပြီး ဘာပြောရမှန်းမသိ။ ခွက်သာ ကိုင်ထားတာ လူက သားသားနားနားဆိုတော့ ဘယ်သူမှလဲ သူတောင်းစားမထင်။

ကော်ဖီဆိုင်ထဲမှ ဟန်နီကလည်း ကြည့်နေသဖြင့် ပိုက်ဆံတစ်ထောင်ရအောင် မဖြစ်မနေလည်း တောင်းရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှန်းမသိဘဲ ချေးတွေပြန်လာ။ အချစ်ဆိုတာ ပူလောင်တဲ့ မီးတောက်ငယ်တဲ့။ ဟုတ်မှာပါ၊ အခုတက်ဝေတောင် အချစ်ပူရှိန်ကြောင့် ချေးပြန်နေသည်လေ။

ခွက်ကိုရှေ့ချပြီး လမ်းဘေးမှာ ငုတ်တုတ်ထိုင်ရရင်ကောင်းမလား။ ဒါမှမဟုတ် ပါးစပ်ကပဲ တစ်ခုခုရွတ်ရရင်ကောင်းမလား။

ခွက်ကိုင်ပြီး ယောင်လည်လည် ဖြစ်နေတာ ဆယ့်ငါးမိနစ်။ ဟန်နီက စိမ်ပြေနပြေ ထိုင်ကြည့်နေသည်။ ဒီတောင်ကို ဘယ်လိုကျော်ရပါ့ မီဟန်နီ။

မထူးတော့။ လမ်းဘေးထိုင်ချလိုက်သည်။ ခွက်ကိုရှေ့မှာချပြီး ကတ္တရာလမ်းနဲ့ တဖောက်ဖောက်မြည်အောင် ခေါက်နေမိသည်။

"ဘာလုပ်နေတာလဲ မသိဘူး"

"သူတောင်းစားလား၊ မဟုတ်လောက်ပါဘူး၊ စတိုင်လ်ကအမိစားပဲဟဲ့"





ဓသဖြင့် တစ်ယောက်တစ်ပေါက် ထင်ကြေးပေးကြပြန်သည်။

ထိုစဉ်မှာပဲ တက်ဝေရှေ့ကို ကောင်မလေးတစ်ယောက် ရောက်လာပြီး ထောင်တန်အသစ်တစ်ရွက် ထည့်ပေးသွားသည်။

"ဟာင်"

"ယူနဲ့ ယူ့ကောင်မလေး ပြောနေတာ ကိုယ် ကြားတယ်၊ အဲဒါကြောင့် ထည့်ပေးတာ။ ယူ့ကောင်မလေးက အနီးကပ်ရန်သူပဲကွ။ ယူချစ်ဖို့ မတန်တဲ့ ကောင်မလေးပဲ"

"မင်း ဟန်နီ့ကို အဲလိုမပြောနဲ့"

"ယူ့ဘက်ကနာလို့ ပြောတာကွ။ ယူတော့ မအိစာကျွေးတဲ့ ကွမ်းတစ်ယာ စားမိပြီ။ ကဲ ... ယူ့ထိုက်နဲ့ယူ ခံပေတော့။ ကိုယ် သွားပြီ။ ဪ ... ကိုယ့်နာမည်တော့ မှတ်ထား လိုက်ဦး။ ကယ်တင်သူတဲ့။ မင်းရဲ့အခက်အခဲကို ကယ်တင်သွားတဲ့သူပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက လှည့်ထွက်သွားပြီး လက်တစ်ဖက်မြှောက်ကာ နောက်ပြန်တာ့တာပြသွားသည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ် ဟန်နီ့ကိုတော့ သက်သေပြလို့ရပြီပေါ့။

ခွက်ကလေးကိုင်ကာ ဟန်နီ့ဆီ ပြန်လျှောက်လာတော့ ဟန်နီက မျက်နှာပျက်နေသည်။ ကောင်း ဟန်နီ ဟိုကောင်မလေးကိုတွေ့ပြီး သဝန်တို ဒေါသထွက်နေတာများလား။

"ဟန်နီ ... ရော့"

ဟန်နီက ခွက်ထဲက တစ်ထောင်တန်ကိုယူပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"အဲဒါ ဘယ်သူလဲ၊ ဦးလေး သူငယ်ချင်းလား"

"ဟာ ... မဟုတ်ပါဘူး"

မဆီမဆိုင် ပိုက်ဆံတစ်ထောင် ရက်ရောသွားသော ထိုမိန်းမကို ဟန်နီ ဒေါသတွေ ထွက်နေမိသည်။ သင်းလုပ်လို့ မိမိအကွက်ပျက်သွားသည်။ ဒီကြားထဲ ထက်ဝေရဲ့ ပီတိသံကြီးကို မသာယာစွာ ကြားလိုက်ရပြန်သေးသည်။





"ဟန်နီလေး ... ကိုယ် ဟန်နီလေးကိုချစ်တာ ယုံပြီနော်"

ဒီနေ့အဖို့တော့ ဟန်နီ့အတွက် လောကကြီးကတော် တော်မှန်းရောကောင်းနေသည်။ ဟန်နီမျက်နှာက ရှုပုပ်နေသည်။

"ဟန်နီလေး ဘာဖြစ်နေတာလဲ"

"ဟိုကောင်မကို ဒေါသထွက်နေတာ"

"ဟာ ... ကိုယ်ထင်တဲ့အတိုင်းပဲ၊ ဟန်နီ သဝန်တိုနေတာကိုး။ စိတ်ချပါ ဟန်နီရယ်၊ ကိုယ်ကလေ ဟန်နီကလွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူး။ ခံစားလို့ကို မရဘူး၊ ဟန်နီက လွဲရင် ဖွဲနဲ့ဆန်ကွဲပဲ သိလား"

ဟန်နီကတော့ သူ့ဘာသာ ထင်ချင်ရာထင်ပြီး ရှူးနေသော သူ့ကို စိတ်ပျက်ပြီးရင်ပျက်ကာ။

အပြန်လမ်းမှာ စိတ်တိုတိုနှင့် စီးထားသော ဒေါက်ဖိနပ်ချွန်လေးကို ဆောင့်နင်းမိလို့ ဒေါက်ကျိုးသွားသည်။

နှမြောလိုက်တာ။

ပြီးခဲ့တဲ့ အပတ်ကမှ ဝယ်ထားသော အသစ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို စိတ်တိုင်းမကျတိုင်း တက်ဆေကိုပဲ ဒေါသတွေ ထွက်ပြီးရင်းထွက်၊ မုန်းပြီးရင် မုန်းနေမိသည်။

ဘလိုင်းကြီး ရှင့်ကို ကျွန်မ မချစ်တော့ဘူးလို့ ဖြတ်လိုက်ရင်လည်း ဟန်နီပဲ နာမည်ပျက်ဦးမည်။

စိတ်ညစ်ပါဘိ။





မိန်းကလေးဘဝ ဆိုတာမျိုးက ခြေတစ်လှမ်းမှား လို့မရ၊ အထိမခံ ရွှေပန်းကန်ဘဝလို။ ရေထဲကျတဲ့ ကျောက်တုံး လို လှုပ်လေမြုပ်လေ နစ်လေပဲ။

တက်ဝေကို မချစ်ဘဲ အဖြေပေးခဲ့ပြီးမှ ဖျက်ဖို့ အကြောင်း ပြန်ရှာနေရသည်။

ဒီတိုင်းဖျက်ချရင် သူမပဲ ကဲ့ရဲ့ခံရမှာလေ။ ဘယ်လို လုပ်ရပါ့။

အမုန်ဆို မနေ့ကတည်းက ပျက်ဖို့ရာ ဟိုကောင်မ ငင်ရှုပ်သွားလို့။

မနေ့က တက်ဝေကို ပိုက်ဆံတစ်ထောင်ဒါနပြုသွား သော ကောင်မလေးပုံကို မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ဆိုပေမယ့် ဟန်နီ့ထက်တော့ ကြီးနိုင်သည်။

တိကျပ်နေတဲ့ ကိုယ်လုံးပေါ် ဂါဝန်အဖြူလေးနဲ့ ဆံပင်အရှည်ကြီးပဲ မှတ်မိလိုက်သည်။

မိမိလောက် အသားမဖြူသော်လည်း သူမဝတ်ထားသော ဂါဝန်ဖြူက သူမနဲ့ တော်တော်လိုက်ဖက်သည်။

ဆံပင်တွေကို ဘီးကုပ်အဖြူလေးနဲ့ ပြောင်ရှင်းနေအောင် သိမ်းတင်ထားသဖြင့် သူမရဲ့ကျောကြီးပုံနဖူးက ပေါ်နေသည်။ တမင်ပေါ်အောင်ဖော်ထားတာလည်း ဖြစ်နိုင်တာပဲလေ။

သိပ်မလှပေမယ့် ပါးတစ်ဖက်က ပါးချိုင့်ခွက်လေးက အပြုံးတွေကို ပိုချိုအောင် ပံ့ပိုးတတ်လေရဲ့။

ဟန်နီ သူမကို မြင်ယောင်မိလေ ဒေါသထွက်လေပဲ။

"သမီးရေ ... ဒီမှာ ဖက်ရှင်လမ်းညွှန် လာနေတယ်၊ လာကြည့်။ ဂါဝန်လေးတွေ လှတယ်"





အရေးထဲ မာမီက တီဗီကြည့်ဖို့ လှမ်းခေါ်နေပြန်သည်။ ဂါဝန်ဆို၍ စိတ်ဝင်စားကာ တီဗီရှေ့ရောက်ရပြန်သည်။

ဒီဇိုင်နာပြည့်စိုးအောင်ရဲ့ ဂါဝန်တွေကို ပြနေတာပါ။

တီဗီကြည့်နေသော်လည်း တီဗီထဲ စိတ်မရောက်ဘဲ တက်ဆေကို ဘယ်လိုဖြတ်ရမလဲဘဲ ကြံစည်နေမိသည်။

တီဗီကြည့်ရင်း ရုတ်တရက် စိတ်ကူးပေါက်သွားသည်။

ဟုတ်ပြီ။ တက်ဆေလို ကျားကျားလျားလျား ကောင်လေးတစ်ယောက်ကို ပရော်ဖက်ရှင်နယ်မိတ်ကပ်ဖန်တီးသူတစ်ယောက်ဖြစ်အောင် လုပ်နိုင်းလိုက်ရင် ? ။

အိုခေ ...။ ဒီတစ်ခါတော့ တကယ်ဖြတ်လို့ ရပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ကပ်ဖန်တီးရှင်"

"ဟုတ်တယ်။ ဦးလေး မိတ်ကပ်ဖန်တီးရှင်ဖြစ်အောင် လုပ်ရမယ်။ ပရော်ဖက်ရှင်နယ် မိတ်ကပ်ဖန်တီးရှင်ဖြစ်အောင် လုပ်ရမယ်။ ပြီးရင် ဟန်နီ့ကို နေ့တိုင်းလှအောင် ပြင်ပေးရမယ်။ ပြီးတော့ ပရော်ဖက်ရှင်နယ်လ်ဖြစ်ရင် ငွေဝိုင်းကလည်း မလိုချင်မှတဆုံး ရဦးမှာ၊ ဘယ်လောက်ကောင်းလဲ ဦးလေးရဲ့"

"ဟာကွာ ... ကိုယ် အဲဒါကြီးတော့ မဖြစ်ပါဘူး၊ ဝါသနာလည်း မပါဘူးကွာ၊ ပြီးတော့ အဲဒီအလုပ်က ယောက်ျားလေးတွေနဲ့လည်း သိပ်မကိုက်ပါဘူးကွာ"

"ဘာလို့မကိုက်ရမှာလဲ။ ဒီနေ့ အောင်မြင်နေတဲ့ မိတ်ကပ်ဖန်တီးရှင်အားလုံးနီးပါးက အမျိုးသားတွေချည်းပဲလေ ဦးလေးရဲ့"





"ကိုယ် မလုပ်ချင်ဘူး"

"ဟန်နီက လုပ်စေချင်တယ်၊ ဟန်နီ့ကို တကယ်ချစ်ရင် လုပ်ချင်ချင် မလုပ်ချင်ချင် လုပ်ရမယ်"

"ကျွတ် ... ဒါက တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စကွ၊ ဒါတော့ မလုပ်ချင်ဘူးကွာ"

"ဟန်နီကတော့ ဟန်နီ့စကားကို မပြင်ဘူးနော်။ ဟန်နီပြောသလို လုပ်ရင်လုပ်။ မလုပ်ရင် ဟန်နီ့ကို မချစ်လို့။ ဟန်နီ့ကို မချစ်မှတော့ ဟန်နီကလည်း ဆက်ပြီးတွဲစရာ အကြောင်းမရှိဘူးနော်"

"ဟန်နီ ဘာကိုဆိုလိုတာလဲ"

"ဦးလေး ပေါက်မှာပါ၊ ဟန်နီပြောသလို လုပ်ရင်လုပ်၊ မလုပ်ရင် ဟန်နီနဲ့ဦးလေး အပြတ်ပဲ"

"ဟန်နီ"

ထိုပြဿနာကြောင့် ဟန်နီနဲ့ တက်ဝေတို့ တော်တော် အဆင်မပြေ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေကလည်း သူမခိုင်းသည့်အလုပ်ကြီးကို လုံးဝကို မလုပ်ချင်ပါ။

ဘယ့်နှယ် ...။ မိတ်ကပ်ဖန်တီးရှင်တဲ့။ တက်ဝေလို ကျားကျားလျားလျားကြီးက ဘယ်လိုလုပ် ဝါသနာပါမှာလဲ။ တက်ဝေကို လက်ဝှေ့တက်ထိုးခိုင်းရင်တောင် အသေခံထိုးပစ်လိုက်ချင်တာ။

ဟန်နီ့ကိုလည်း ချစ်တယ်၊ သူမခိုင်းတာကိုလည်း လုံးဝမလုပ်နိုင်။

ဟန်နီကလည်း သူမခိုင်းတာကို မလုပ်သဖြင့် တော်ကော်ခါးသီးနေသည်။

တက်ဝေလည်း ဒီတစ်ခါတော့ ဟန်နီ့ကို နည်းနည်းတင်းသည်။

လမ်းဘေးမှာ ခွက်တစ်လုံးကိုင်ပြီး တောင်းခိုင်းတာတောင် သူ လုပ်ခဲ့သည်။

သို့သော် ...





ဒီမိတ်ကပ်ဖန်တီးရှင် အလုပ်ကတော့ သူ့အတွက် ဘယ်လိုမှ မဖြစ်နိုင်။ ဟန်နီ နားလည်ပေးဖို့ ကောင်းသည်။

သူ ဒီကိစ္စကို ဘယ်သူ့ကိုမှ ရင်မဖွင့်ရဲ။ ဖိုးကျော်သိရင် တော်တော်ဒေါသထွက်မည်။

ဟန်နီ သူ့ကိုဖြတ်ချင်လို့ လုပ်နေတာလားဆိုတဲ့ သံသယက ဝင်လာသည်။

သူ လက်မခံနိုင်။ သူ ဟန်နီ့အဖြေရအောင် ဘယ်လိုကြိုးစားခဲ့ရတာလဲ။

ရပ်ကွက်ထဲက လွတ်လပ်ရေးပွဲမှာ အရှက်မဲ့စွာ အုန်းသီးလုပြီးရတဲ့အဖြေ။

ပြီးတော့ ဟန်နီ ခိုင်းသမျှ အရူးအပေါလို လုပ်ပြပြီး ကဲ့ရဲ့ခံခဲ့တာတွေ။

ခုမှ ဟန်နီက ဖြတ်ချင်လို့ရမလား။ သူ လက်မခံနိုင်။

သို့သော် သူ မိတ်ကပ်ဖန်တီးရှင်လည်း မလုပ်ရဲပါ။ ချစ်တော့ ချစ်သည်။ သို့သော် အဲဒီလောက်အထိ မပေါရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ဝါသနာပါခဲ့လို့ လုပ်ရတာကတစ်မျိုးလေ။

ခုဟာက သူ့အတွက် တော်တော်ကြီးကို အစပ်အဆက်မဲ့သောအလုပ်။

သူ့မိဘတွေလည်း လက်ခံမှာမဟုတ်။





တက်ဝေ တော်တော်စဉ်းစားသည်။

အိပ်ပြီးစဉ်းစားသည်။ တစ်နေကုန် အိမ်ထဲမှအိမ်ပြင်မထွက်ပဲ စဉ်းစားသည်။ တစ်နေကုန် ဘယ်သူနဲ့မှ စကားမပြောဘဲ စဉ်စားသည်။ လက်ဖက်ရည်ဆိုင် တစ်ယောက်တည်းထိုင်ရင်း စဉ်းစားသည်။

မဖြစ်။ ဘယ်လိုမှမဖြစ်နိုင်။

ဒီအလုပ်ကို သူ မလုပ်ချင်။ မလုပ်ရဲပါ။ ဟန်နီဖြတ်တာကိုလည်း မခံနိုင်။

ဒီတော့ ဟန်နီ့ကို တောင်းပန်ရုံပဲ ရှိတော့သည်။

ထုံးစံအတိုင်း ဒီညနေ ဟန်နီ့ကျူရှင်ရှေ့က သွားစောင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း အိမ်ကပြောလှပြီ။ ဘွဲ့ရပြီးကတည်းက ဘာအလုပ်မှ မလုပ်လို့တဲ့။ ၁၀၉/၁၁၀ တဲ့။ ဒီတော့ သူ တစ်ခုခု လုပ်ရတော့မည်။

မိတ်ကပ်ဖန်တီးရှင် မဟုတ်တဲ့ တခြားတစ်ခုခုလုပ်မည့်အကြောင်း ဟန်နီ့ကို ပြောပြရမည်။

ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုခု လုပ်မည်ဆိုရင်တော့ ဟန်နီ ကျေနပ်ကောင်းပါရဲ့။

ဆုံးဖြတ်ချက် သေချာချပြီး ဟန်နီ့ကျူရှင်ရှေ့မှာ သွားစောင့်မိသည်။

ဟန်နီက သူ့ကိုတွေ့တော့ မျက်ခုံးပင့်ကာ အံ့သြဟန် ပြသည်။

"ဦးလေး ပျောက်လှချည်လား၊ ဟန်နီက ဦးလေး ဟန်နီ့ဆန္ဒကို မလိုက်လျောနိုင်လို့ တော့တာပြေသွားပြီ ထင်နေတာ"

"ကိုယ်တို့ ကော်ဖီဆိုင် ခဏထိုင်ရအောင်နော်"

"ထိုင်လေ ... လာ မိဖြူ"





"ငါ ပြန်နှင့်မယ်၊ ဟန်နီ၊ အိမ်မှာ ငါတို့အဘွား နေမကောင်းလို့ ဆေးခန်းလိုက်ပို့ရမှာ"

"ခဏလေးပါ မိဖြူရယ်၊ ဆယ်မိနစ်လောက်ပဲ"

အမှန်တော့ မိဖြူက မလိုက်ချင်၍ပါ။ လိုက်ရင် ကိုတက်စေကို တစ်မျိုးပြီးတစ်မျိုး မျက်နှာပူရမှာလေ။ ခုလည်း ဘာတွေ ပညာပေးဦးမလဲမသိ။ မိဖြူမှာ ဘုမသိ ဘမသိနဲ့ ဆိုင်ထဲပါလာရသည်။

"ကဲ ... ဦးလေး ဆို"

"ဟန်နီလေး ... ဟန်နီလေးကို ကိုယ် တကယ်မြတ်မြတ်နိုးနိုးနဲ့ ပုံပြီးချစ်ခဲ့တာ ဟန်နီ သိတယ်နော်"

"ယောက်ျားဆိုတာက ဒီလိုပဲ ပြောတတ်တာပဲလေ ဦးလေးရဲ့။ ဦးလေး ဟန်နီ့ကို ချစ်,မချစ်ဆိုတာက ဦးလေးရဲ့ပြုမူဆောင်ရွက်ချက်ပေါ်မှာ မူတည်တယ်၊ ကဲ ... ဦးလေး ဘယ်လိုလဲ၊ လုပ်မှာလား"

"ကိုယ် အလုပ်တစ်ခုခု လုပ်မှာပါ၊ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်စေရမယ်၊ ဟန်နီ့ကို ဟန်နီ့မိဘတွေထက် သာအောင်ထားဖို့ ကိုယ်ကြိုးစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါပြီ၊ ဒါဆို ဟန်နီပြောတဲ့အလုပ် လုပ်မယ်ပေါ့”

“ကိုယ် အဲဒီအလုပ်တော့ မလုပ်နိုင်ဘူး ဟန်နီ။ လုပ်လည်း မလုပ်နိုင်ဘူး။ လုပ်လည်း မလုပ်ချင်ဘူး၊ မလုပ်ရဲဘူး”

“ပြတ်သားလှချည်လား ဦးလေးရဲ့”

“ဒါပေမဲ့ ကိုယ် တခြားအလုပ် လုပ်ပါ့မယ် ဟန်နီ၊ တခြားအလုပ် တစ်ခုခုကို အကောင်းဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် ကိုယ်လုပ်ပါ့မယ် ဟန်နီရယ်နော်”

“လုပ်ပါ၊ ဟန်နီ မတားပါဘူး၊ ဒါပေမဲ့ ဟန်နီခိုင်းတဲ့ အလုပ်ကို မလုပ်ရင်တော့ ဟန်နီနဲ့ ဦးလေးတွေ့ခြင်းက ဒါ နောက်ဆုံးပါပဲ”

“ဟန်နီ”

“ဟန်နီ့ကိုချစ်လို့ ဦးလေး လုံးဝမလုပ်ချင်တဲ့ ကိစ္စကြီးကို ဇွတ်မှိတ်လုပ်လိုက်ရတယ်ဆိုတဲ့ အင်အားရှိတဲ့ အချစ်မျိုးကို ဟန်နီက လိုချင်တာလေ”

“ဒါပေမဲ့”





“ဒါပေမဲ့ ဦးလေးက ဟန်နီ့အတွက် ဒီလောက်တောင် မရင်းရဲဘူးမို့လား”

“ဟန်နီ ... ဒီအလုပ်ကြီးက”

“တော်တော့ ဦးလေး၊ ဟန်နီ ပြန်ပြီ၊ သြော် ... နှုတ်ဆက်တယ်နော်၊ Good Bye Forver ! ”

“ဟန်နီ”

ကျောခိုင်းသွားသော နောက်ကျောတစ်ခုမှာ လှောင်ရယ်သံတွေ ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ ဟန်နီ မကျေမနပ် ဖြစ်နေသည်။

"တောက် ... အလကားပဲ၊ ယောကျာ်းတွေ ချစ်တယ်ဆိုတာ အပေါ်ယံပဲ တွေ့လား။ ဘယ်ကောင်မှ ဘဝနဲ့ရင်းပြီး မချစ်ဘူး"

"နေပါဦး ဟန်နီရဲ့၊ နင်က ဘာလုပ်နိုင်းလိုက်လို့လဲ၊ မဟုတ်မှလွဲရော နင် မတော်တရော် လုပ်ခိုင်းလို့ပဲ ဖြစ်ရမယ်၊ ကိုတက်ဝေကြီးက နင့်ကို တော်တော်ချစ်တာပါ၊ နင်ခိုင်းသမျှ မရှက်မကြောက် လုပ်ရဲတာပဲ ကြည့်လေ"

"အဲဒါလည်း အတိုင်းအတာ တစ်ခုထိပါပဲ။ ဘာမဆို သူ မလုပ်ပါဘူး"

"နင်က ဘာသွားခိုင်းလို့လဲ"





"တော်ပါဟာ မသိချင်ပါနဲ့တော့"

"နင် မဟုတ်တာ ခိုင်းထားလို့ မပြောရဲတာမို့လား"

"ဘာမှခက်ခက်ခဲခဲ မဟုတ်ဘူး။ ငါက ခုခေတ်က ဖက်ရှင်ခေတ် ဖြစ်နေလို့ သူ့ကို မိတ်ကပ်ဖန်တီးရှင် လုပ်ပါလို့ပြောတာ၊ ဘာမှခက်တဲ့အရာ မအပ်စပ်တဲ့အရာလည်း မဟုတ်ဘူး၊ ခုခေတ် မိတ်ကပ်ဖန်တီးရှင် ဆယ်ယောက်မှာ ကိုးယောက်က ယောကျာ်းတွေပဲ"

"ဟဲ့ ... နင် အဲလိုတော့ ပြောလို့ဘယ်ရမလဲ။ ဒီအလုပ်မျိုးက ဝါသနာပါမှ လုပ်လို့ရမှာပေါ့ ဟန်နီ။ နင်က နင်ဖြတ်ချင်တိုင်း မဖြစ်နိုင်တာတွေ လျှောက်ခိုင်းတာပါဟာ။ ခုတော့ နင့်ဆန္ဒ ပြည့်ပြီမို့လား"

"ဒါပေမဲ့ သူကလည်း ဘောင်ကျော်ပြီးတော့ ငါ့ကို မချစ်နိုင်ပါဘူးဟာ၊ ငါ မလွန်ဘူး"

"အေး ... နင့်အတွက်နဲ့နင် ကြိုက်သလို တွေးနိုင်တယ်၊ ဒါပေမဲ့ နင် တစ်ခုတော့မှတ်ထား။ လောကမှာ နင် သွန်လိုသွန် မှောက်လိုမှောက် လုပ်လို့ရတာ ကိုတက်ဝေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲရှိတယ်၊ ဘယ်ယောက်ျားကိုမှ သူတောင်းစားလုပ်နိုင်းလို့ မရဘူး မိဟန်နီ"

"သွားစမ်းပါဟာ"

"ငါအတတ်ဟောလိုက်မယ်၊ နင့်ကို ကိုတက်ဝေလောက်ချစ်နိုင်တဲ့ ယောက်ျားမျိုး ထပ်မတွေ့နိုင်တော့ဘူး၊ နင်မှတ်ထား"

ဟန်နီက ပခုံးတွန့်ပြီး သောက်ဆတ်ဆတ် လျှောက်သွားသည်။

တက်ဝေကို ဖြတ်နိုင်ပေမယ့် ရင်ထဲမှာ ဘာကိုမကျေနပ်ဖြစ်နေမှန်းမသိ။ မကျေနပ်ပါ။ နောက်ဆုံးအထိ သူမနိုင်းတာကို မလုပ်တာကို မကျေနပ်ပါ။ မိန်းကလေးလေ။ မိမိမချစ်ပေမယ့် မိမိကိုတော့ အကြွင်းမဲ့ကြီးကို ချစ်စေချင်တာမို့လား။ နောက်ဆုံးတော့ ...။

❥❣❥





နောက်ဆုံးတော့ ဟန်နီနဲ့သူ ပြတ်ကြလေသတည်း။

တက်ဝေ နေမထိ ထိုင်မသာ ဖြစ်နေသည်။

ဟန်နီ့ကို သူ အမျိုးမျိုး လိုက်တောင်းပန်သေး၏။ မရပါ။

ဟန်နီနဲ့ မဝေးနိုင်လွန်း၍ ဟန်နီ ခိုင်းတာကိုလုပ်ဖို့ အကြိမ်ကြိမ် စဉ်းစားကြည့်သေးသည်။ သို့သော် သူ လုံးဝမလုပ်နိုင်တာ သေချာသည်။

အချစ်ကို ရူးသွပ်စွာ ရယူခဲ့တာဟာ မိုက်မဲမှုမှန်း သူ မသိခဲ့ဘူး။

အရာရာကို အရှုံးပေး ဒူးထောက်ခဲ့တာ အချစ်ကြောင့်ပါ။ ဒါပေမဲ့ အဲဒီသူရဲ့အချစ်တွေက ဟန်နီ လျှောင်ရယ်ဖို့ ကုန်ကြမ်းတွေ ဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ...

ဟန်နီက သူ့ဘဝကို မီးရှို့ဖို့အထိ ကြံစည်ခဲ့တယ်။ သူ့ကို လိုင်းသွင်းဖို့ ရက်ရက်စက်စက် ကြိုးစားခဲ့တယ်။

ဆောရီး ဟန်နီ။ ဟန်နီ့ကိုချစ်တဲ့ နလုံးသားလေး မီးလောင်သွားမှာ ကြောက်ပါတယ်။

နောက်ဆုံးတော့ သူ ဟန်နီနဲ့ အဝေးဆုံးကို ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

သူ့ဆုံးဖြတ်ချက်အတွက် ဘာမှ မသိလိုက်သော ဖိုးကျော်က အုံ့ဩနေခဲ့သည်။





မနက်မိုးလင်းလို့ မေမေ့ဆီ လက်ဖက်ရည်ဖိုးလက်ဖြန့်ခဲ့တော့ ဖေဖေက လေကန့်လန့်ကာ စဖွင့်သည်။

“မိုးလင်းတာနဲ့ လက်ဝါးဖြန့်ပြီ။ ပိုက်ဆံရှာဖို့သာ စိတ်ကူးမရှိတာ။ ပိုက်ဆံသုံးဖို့တော့ ဘက်စုံတတ်တယ်မို့လား ... ဟိတ်ကောင်”

“ကိုဘဝေရယ် ... ဒီသားတစ်ယောက်ရှိတာ သုံးပါစေတော်”

“အေး ... သားတွေ ပျက်စီးတာ မင်းတို့မအေတွေ ဖျက်လို့ကွ။ သားသမီးမှ မဆုံးမရသေးဘူး။ ရှေ့က ကာဆီး ကာဆီးနဲ့။ ဟိတ်ကောင်... မင်း ဘွဲ့လည်းရနေပြီ။ အလုပ်လုပ်ဖို့ မစဉ်းစားသေးဘူးလား”

“စဉ်းစားထားပါတယ် ဖေဖေ။ သား သင်္ဘောတက်ချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"အမယ်လေး ... သဘော်တက်မယ်။ သားလေးရယ် ... ဘယ်လိုများ တွေးလိုက်တာလဲ၊ သဘော်သားအလုပ်ဆိုတာ ဘယ်လောက် အန္တရာယ်ကြီးလဲ။ တစ်နေ့ တစ်နေ့ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲမှာ မတော်တဆ မုန်တိုင်းမိတာကို စက်ချို့ယွင်းတာတို့ဆို ငါ့သားဒုက္ခရောက်မှာ။ ပြီးတော့ ခုခေတ်က ဆိုမာလီပင်လယ်ဓားပြရန်ကလည်း ရှိသေးတယ်၊ မလုပ်ရဘူး"

"သည်းပြန်ပြီ၊ မင်းလိုဆို ကမ္ဘာပေါ်က သဘော်ကုမ္ပဏီတွေ အကုန်ဒုက္ခရောက်မှာပေါ့။ ဒီမှာ ဒေါ်တင်မမ။ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့။ သူ့သေနေ့စေ့လာရင် ရေထဲပဲဖြစ်ဖြစ်၊ ကုန်းပေါ်ပဲဖြစ်ဖြစ် သေမှာပဲ။ အယူမသည်းစမ်းပါနဲ့ကွာ၊ ငါကတော့ သဘောကျသကွာ၊ ဒီနေ့ကစပြီး မင်း သဘော်သားစာမေးပွဲဖြေဖို့ ကြိုးစားတော့ ငွေရေးကြေးရေးက ငါ့တာဝန်ထား"

"ဟုတ်ကဲ့ ဖေဖေ"





"ကြည့်စမ်း ... ကျုပ်သဘောမတူဘူးလို့ ပြောနေတယ်လေ။ ကျုပ်က ဝမ်းနဲ့လွယ်မွေးထားတဲ့ မအေ။ ပြီးတော့ ရှိတာမှ ရှားရှားပါးပါး ဒီသားတစ်ယောက်ရှိတာ။ မတော်တဆ တစ်ခုခု လွဲချော်သွားရင် ကျုပ် ရင်ကွဲမှာ"

"ဘာမှမဖြစ်ပါဘူး မေမေရာ၊ စိုးရိမ်မနေပါနဲ့။ သားပို့တဲ့ ဒေါ်လာတွေပဲ သုံးဖို့စဉ်းစား"

"ဒေါ်လာလည်း မသုံးချင်ဘူး။ ငါ့သားလည်း သဘော်သား မလုပ်ရဘူး၊ ဒါပဲ"

ထိုကိစ္စနဲ့ အိမ်မှာ မေမေနဲ့ သူ အတိုက်အခံ တော်တော်ဖြစ်ကြသည်။ သူကလည်း အရမ်းကို သဘော်သားဖြစ်ချင်နေသည်။

ဟန်နီ အထင်မကြီးတဲ့သူက ဟန်နီ့ဖခင်လို သဘော်သား ဖြစ်ချင်သည်။

ဟန်နီ့အထင်ကြီးအောင် လုပ်ပြချင်နေသည်။

မေမေကလည်း အတိုက်အခံလုပ်ပြီးတော့ကို တားနေသည်။ မေမေ သူ့ကိုချစ်လွန်းလို့တားတာ သူ သိသည်။ သို့သော် သူ့မှာကလည်း သူ့ခံစားချက်နှင့် သူလေ။



www.burmeseclassic.com

သူ မေမေ့ကို သနားသော်လည်း ထိုကိစ္စကိုတော့ ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ထားသည်။

ဖေဖေကပါ အားတက်သရော ကူညီသဖြင့် တဖြည်းဖြည်းနှင့် မေမေ လက်လျှော့လာသည်။

သူ သင်တန်းတက်တော့ မြို့ထဲမှာတက်ရသည်။ ကျောပိုးအိတ်တစ်လုံးနဲ့ သူ့ကို ရပ်ကွက်ထဲကလူတွေက စပ်စုကြသည်။

သို့သော် သူ သဘော်ာ ျက်ဖို့ လုပ်နေသည့်အကြောင်း မည်သူ့ကိုမျှ မပြောပါ။

ဖေဖေတို့ကိုလည်း ပိတ်ထားသည်။

တစ်ခါတစ်ရံ ဟန်နီနဲ့ ဖြတ်သွားဖြတ်လာဆုံလျှင်တော့ ဒေးမောမိသေးသည်။

သို့သော် ဟန်နီကတော့ သူ့ကို သူစိမ်းတစ်ယောက်လိုပဲ ဆက်ဆံတတ်သည်။

တစ်ရပ်ကွက်လုံးကလည်း သူနဲ့ ဟန်နီ ပြတ်တာကို သိသွားကြသည်။





ဘာကြောင့်ပြတ်သလဲဟုလည်း စပ်စုကြသည်။ သို့သော် သူ့မှာ အဖြေမရှိပါ။ အသည်းကွဲနေလားဟု မေးခဲ့ရင်တော့ သူ ခေါင်းညိတ်ပြဖို့ ဝန်မလေးပါ။

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်ခင်းတော့ မထိုင်ဖြစ်တာ ကြာပြီဖြစ်တဲ့ လက်ဖက်ရည်ဆိုင်ကို ခြေဦးလှည့်ဖြစ်သည်။

ထောင့်စားပွဲကို ကန်ထရိုက်ဆွဲထားသော ဖိုးကျော်က ...

"လာ ... မင်းမလာတာတောင်ကြာပြီ"

သူ ဘာမှပြန်မပြောဘဲ ဝင်ထိုင်ဖြစ်သည်။

"မင်းအကြောင်းတွေ ငါကြားပါတယ်"

"ဘာတွေလဲ"

"မင်းနဲ့ ဟန်နီ ပြတ်တဲ့အကြောင်းရင်း"

"မိဖြူ ပြောတာလား"

"မိဖြူက ငါ့ကိုမို့ ပြောတာပါ၊ ငါက မင်းသူငယ်ချင်းဆိုတော့။ ကောင်းတယ် ... မင်းမလုပ်တာ မှန်တယ်"





"ငါ့ကိုဖြတ်ချင်လို့ ပြဿနာရှာမှန်းသိတော့ ငါဖြတ်မပေးချင်ဘူး။ ဒါပေမဲ့ ငါ ခံလိုက်ရတာပါပဲ"

"အင်း ... ဟန်နီက အကောင်သာသေးတာ၊ အဆိပ်တော့ ပျင်းတယ် တက်ဝေ"

"ဒါပေမဲ့ ငါ မေ့လို့မရသေးဘူး"

"ခံစားမနေပါနဲ့ကွာ။ အမှန်တရားက ပန်းကန်ပြားလောက်တောင် ဇောက်မနက်ဘူး"

"ဘာကို ဆိုလိုတာလဲ"

"မင်း သေအောင်ချစ်လည်း သေရုံပဲရှိမှာ။ ဟိုဂတိမလေးက တာ့တာပဲ"

"တစ်နေ့တော့ ငါ့အလှည့် ရောက်မှာပါ"

"စိတ်လျှော့လိုက်ပါကွာ။ တစ်လမ်းတည်းသားချင်းဆိုတော့ မကောင်းဘူး။ သူ့စရိတ်နဲ့သူ သွားပစေ။ မင်း အခုတလော ဘာတွေလုပ်နေလဲ"

"ငါ သင်တန်းတက်နေတာ"

"ကောင်းသားပဲ၊ ဘာသင်တန်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်စာသင်တန်း"

"ဩော် ... ဒါနဲ့ မင်း အသည်းကွဲတာကို အရက်နဲ့ကုချင်စိတ် မရှိဘူးလား"

"ငါ နှစ်ခါမခံနိုင်ဘူး"

"မှန်တယ် တက်ဝေ။ မင်း တော်တော်တိုးတက်လာပြီပဲ"

သူတို့စကားစကို ရပ်ပစ်ရင်း မျက်နှာချင်းဆိုင် ကွန်ပျူတာသင်တန်းမှာ ဆင်းလာသော ရောင်စုံပန်းကလေးတွေကို မျက်လုံးမှတစ်ဆင့် ရှုစားနေမိသည်။ ကြည့်တာ မျက်လုံးဆိုပေမယ့် ခံစားတာက စိတ်လေ။

ရည်းစားရှိရက် ကြည့်ရတာနဲ့ ရည်းစားမရှိဘဲကြည့်ရတာ အရသာတော်တော်ကွာမှန်း ခုမှ သိသည်။

ဟန်နီနဲ့ ရည်းစားမဖြစ်ခင်ကလည်း ကောင်မလေးတွေကို ကြည့်ဖူးသည်။

ဟန်နီနဲ့ ရည်းစားဖြစ်နေရင်လည်း ကောင်မလေးတွေကို ကြည့်ဖူးသည်။

အခု ဟန်နီနဲ့ပြတ်မှ ကြည့်ရတာ အရသာကွာမှန်း သိတော့သည်။





ဖြူနီပြာဝါရောင်စုံ ကောင်မလေးတွေ။ ဒီဇိုင်းကလည်းမျိုးစုံ။ ဆိုဒ်ကလည်း အစားစားပါလား။

စကတ်အတိုအရှည်။

ဘောင်းဘီအတိုအရှည်။

ဂါဝန်အတိုအရှည်။

ထဘီဆိုတာ ခုခေတ် ရန်ကုန်မြို့ပေါ်က မိန်းကလေးတွေမှာ တွေ့ရခဲသော ရှားပါးပစ္စည်း ဖြစ်နေပြီ။

တချို့က မေးသည်။

ဘာလို့ လက်ဖက်ရည်ဆိုင် ထိုင်သလဲတဲ့။

အိမ်မှာသောက်လည်း ဒီအရသာပဲမို့လားတဲ့။

လျှာအရသာခြင်းတော့ တူမည်။ မျက်စိအရသာနဲ့ စိတ်အရသာကတော့ ဘယ်လိုမှ တူမှာမဟုတ်။

လူဆိုသည်မှာ စိတ်ကို အလိုလိုက်သော သတ္တဝါဖြစ်သည်။ စိတ်ကောင်းလျှင် လူကောင်းသည်။ စိတ်ဓာတ်ညံ့လျှင်တော့ လူအညံ့စား ဖြစ်တတ်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းတော့ ဗိုက်ဆာနေသဖြင့် လှည်းကလေးဖြင့်ရောင်းသော ထမင်းပေါင်းဆိုင်လေးကို ပြေးမိသည်။

"ထမင်းပေါင်း တစ်ပွဲ"

"ဝက်လား ကြက်လား ဆရာ"

"ဝက်"

"ဝက်ဝမ်းဆွဲမယ်ဟော့"

ထမင်းပေါင်းဆိုင်က နေ့လယ်စာ စားချိန်မို့ လူကျနေသည်။ တော်တော်နှင့် လာမချပေး။ သူက ဗိုက်တော်တော်ဆာနေပြီမို့ ...

"ဗိုက်ဆာနေလို့ မြန်မြန်လေး လုပ်ပေးပါ"

"ရမယ် ဆရာ၊ ခဏလေးပဲစောင့်၊ ဝက်ဝမ်းအရင်ပေးပါဟော့၊ ဒီဆရာကို"





အော်တာက အော်တာပဲ။ လာမချပေးတာက လာမချပေးတာပဲ။ သူလည်းတဆန့်ဆန့် ဖြစ်နေတုန်း ...

"ဟိတ် ... တို့မှာထားတာ အရင်စားနှင့်မလား။ ယူ ဆာနေတယ်ဆိုလို့ပါ"

ဟင် ... ကယ်တင်ရှင် ကောင်မလေး။

"ဟာ ... ရပါတယ် စားပါ"

"တို့က မဆာသေးလို့ပါ၊ စားနှင့်လိုက်။ ဝက်ထမင်းပေါင်းပဲလေ"

"ကျေးဇူးပဲဗျာ၊ ဒါဆိုလည်း အားမနာတော့ဘူးနော်"

သူက အားရပါးရစားရင်း နောက်တစ်ပွဲထပ်မှာလိုက်သေးသည်။

"ယူ တော်တော်ဆာနေတယ် ထင်တယ်"

"ဟုတ်တယ်ဗျ။ ဗိုက်ဆာတာလည်း မပြောနဲ့။ မနက်က အိပ်ရာထ နောက်ကျပြီး နိုးနိုးချင်း သင်တန်းလစ်လာရတာနဲ့ ဘာမှမစားခဲ့ရတာ၊ သင်တန်းပြီးတောင် မနည်းအောင့်ထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်၊ ယူနဲ့တို့လည်း တကယ်ရေစက်ပဲ။ တို့ ... ယူ့ကိုတွေ့တိုင်း အသွင်ပြေပြေ တစ်ခါမှ မတွေ့ရဘူး"

"ဟား ဟား ... ပြောချင်စရာ ဖြစ်နေပြီဆိုတော့ ခံရတော့မှာပေါ့ဗျာ။ ဒါနဲ့ ထမင်းပေါင်းဖိုး ကျွန်တော် ရှင်းမှာနော်"

"ရှင်းရမှာပေါ့။ ဟိုတစ်ခါက တို့က လျှုခဲ့ရတာလေ"

"ဒါနဲ့ နာမည်လေးတော့ ပြောပါဦး"

"ကယ်တင်ရှင်လေ"

"ကျွန်တော့်နာမည် တက်ဝေတဲ့။ ခင်ဗျားလည်း နာမည်အရင်း ပြောသင့်တယ်"

"သချင်စုံစမ်းပေါ့။ ကဲ ... ရှင် ... ရှင်းလိုက်တော့နော်။ တို့ သွားပြီ"





စာဆိုတာ အလုမ်းဝေးပြီးမှ ပြန်ကျက်ရရင် တော်တော် စိတ်မပါတာပါပဲ။

ဘွဲ့ရပြီးကတည်းက သူ စာကျက်ခြင်းနဲ့ အဆက်ပြတ်ခဲ့တာမို့ အခုပြန်ကျက်ရတဲ့အခါ စိတ်က သိပ်မပါ။

သို့သော် ဒီကိစ္စမျိုးကျတော့ စိတ်အလိုလိုက်လို့မှ မဖြစ်တာလေ။

သဘောသားဖြစ်ဖို့ဆိုတာ လွယ်မှမလွယ်တာလေ။ သဘောသားလက်မှတ်ရဖို့အတွက် အချိန်ရော လူရော ငွေပါရင်းရသလို သဘောသားလက်မှတ်ရရင်တောင် သဘောလိုက်နိုင်ဖို့က စောင့်ရသေးတာလေ။

ထို့ကြောင့် ကိုယ့်ဘက်က တော်တော်လေး ဝီရိယထား ကြိုးစားထားမှ ကန်ကာကျတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က အဆင်သင့်ဖြစ်မှ သဘော်ာကုမ္ပဏီတွေ ကခေါ်ရင် ချက်ချင်း သင်္ဘောတက်လို့ရမှာမို့လား။

တချို့ကျတော့ အလွယ်ဖြတ်လမ်းနည်းနဲ့ သင်္ဘောသား ဖြစ်ချင်ကြသည်။

ထိုအခါ လုပ်ငန်းခွင်ထဲရောက်မှ အဆင်မပြေဖြစ်တာမျိုး ကြုံရတတ်သည်။

ထို့ကြောင့် ကိုယ့်အတွက် အာမခံချက်ရှိပြီး လုံခြုံစိတ်ချချင်ရင်တော့ တရားဝင်နည်းလမ်းအတိုင်း သင်္ဘောတက်နိုင်အောင် ကြိုးစားသင့်သည်။

ထို့ကြောင့် သူလည်း တတ်နိုင်သလောက် စာကိုကြိုးစားနေခြင်းပါ။

သင်္ဘောသား လုပ်ချင်ရင် အနည်းဆုံးတော့ အင်္ဂလိပ်စကားပြောတော့ ကျွမ်းကျင်သည့်သည်။ ဒါမှ ဘယ်နိုင်ငံက သင်္ဘောပေါ်ပဲတက်တက် အဆင်ပြေမှာလေ။

အင်တာနေရှင်နယ်လ် အလုပ်လုပ်မည်ဆိုလျှင် အင်တာနေရှင်နယ်လ်စည်းကမ်းနဲ့ အင်တာနေရှင်နယ်လ် ဘာသာစကားကိုတော့ ကျွမ်းကျင်စွာ တတ်မြောက်နားလည်သင့်သည်လေ။





ကိုယ့်ကိုယ်ကိုယ် ဆုံးမရင်း စာထဲ စိတ်နှစ်မိ၏။

ဟန်နီ အထင်ကြီးတဲ့ လူတစ်ယောက်ဖြစ်ဖို့က အောင်မြင်တဲ့ သင်္ဘောသားတစ်ယောက်ဖြစ်ဖို့ လိုသည်လေ။

ဒေါ်လာကိုင်သုံးတတ်တဲ့ ဟန်နီ့ကို ဒေါ်လာရှာပြရမည်လေ။

ရှင်ထဲမှာ မကျက်သေးတဲ့ ဒဏ်ရာတွေ။ ဒီဒဏ်ရာတွေကြောင့်ပဲ သူ ဒီအလုပ်ကို ရွေးချယ်ခဲ့တာလေ။

စာကျက်ရင်း ဗိုက်ဆာသလိုလို ဖြစ်လာတော့ နေ့သယ်က ထမင်းပေါင်းစားတာကို သတိရသွားသည်။

ကယ်တင်ရှင်တဲ့။

ထိုကောင်မလေးနှင့်ဆုံတာ နှစ်ခါရှိပြီ။ သူမနာမည်အရင်းက ဘယ်သူပါလိမ့်။ သိတော့ သိချင်သား။

ကောင်မလေးက သွက်လက်ရဲရင့်ပြီး ခင်ချင်စရာကောင်းသည်။

ဟန်နီကတော့ ဆွဲဆောင်မှုရှိသည်လေ။ ထိုကောင်မလေးကတော့ ဟန်နီ့လို ဆွဲဆောင်မှုမရှိလှ။ ငေးကြည့်ရလောက်အောင် မချော။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူမမျက်နှာထက်မှာ သူတစ်ပါးအပေါ် နားလည်ပေးတတ်သော အရိပ်တွေ တွေ့ရသည်။

တက်ဝေသည် ထိုကောင်မလေးအပေါ် နားလည်နေသည်။

ထိုကောင်မလေး စိတ်ထားပြည့်မည့်ပုံဟု မှတ်ချက်ချမိသည်။

ဂါဝန်တွေပဲ ဝတ်တတ်လားမသိ။ နှစ်ခါလုံး ဒူးဖုံးဂါဝန်တိုလေးတွေနဲ့ပဲ တွေ့ရသည်။

တောင်စဉ်းစား မြောက်စဉ်းစားနဲ့ ကျက်နေသောစာတွေတောင် ဘယ်ရောက်သွားမှန်း မသိတော့။





မေခက်တည်သည် တက်ဝေဆိုတဲ့ လူတစ်ယောက်ကို မကြာခဏ မြင်ယောင်နေမိသည်။

တက်ဝေ ဆိုတဲ့ တစ်ယောက်ဟာ သူ့ကောင်မလေးကို တော်တော်ချစ်ပုံရသည်။

ဘယ်လောက်ထိလဲ ဆိုတာ ကိုယ်တိုင်ကို မြင်ခဲ့ရတာလေ။ မေခက်တည် တော်တော်အားကျသွားသည်။ သို့သော် ...

တက်ဝေ ကောင်မလေးကို အားကျခြင်းနဲ့ ထပ်တူ တက်ဝေကိုတော့ သနားသွားမိသည်။

ဘာလို့လဲဆိုတော့ မေခက်တည် ကိုယ်တိုင်ကလည်း တက်ဝေလို ခံစားဖူးလို့ပါ။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မေခက်တည်မှာ အသည်းနှင့်အောင် အရူးအမူးချစ်ခဲ့ဖူးတဲ့ လူတစ်ယောက် ရှိခဲ့ဖူးတယ်။

ချစ်ခဲ့ဖူးတယ် ဆိုမှတော့ အခုမရှိတော့လို့ပေါ့နော်။ မေခက်တည် သိပ်ချစ်ရတဲ့ ချစ်သူက မေခက်တည်နဲ့ ငယ်သူငယ်ချင်းလည်း ဖြစ်သေးသတဲ့။

ဒါပေမဲ့ မေခက်တည်ကသာ သူငယ်ချင်းချစ်သူကို ချစ်လိုက်ခင်လိုက်ရတာ။ သူကတော့ မေခက်တည်ကို ဘယ်တော့မှ အလေးမထား၊ နှစ်နှစ်ကာကာ ချစ်ဖို့တော့ ဝေးရောလေ။

သူကတော့ ...

ပြန်တွေးတိုင်း မျက်ရည်မဝဲဘဲ မနေနိုင်။

မေခက်တည်တုန်းကလည်း မေခက်တည်ကသာ အရှုံးပေး အလျှော့ပေးခဲ့ရတာပါ။

ယောကျ်ားနဲ့မိန်းမ ချစ်ကြတဲ့နေရာမှာ ကကယ်ချစ်တဲ့သူ၊ ပိုချစ်တဲ့သူက ရှုံးစမြဲပါပဲ။

ထို့ကြောင့်လည်း မေခက်တည်ဟာ ဘက်ဝေကို ကိုယ်ချင်းစာမိတာပဲ ဖြစ်သည်။





သို့သော် တက်ဝေက သူမထက် ပိုရူးသည်။ လမ်းဘေးမှာ ခွက်တစ်လုံးချပြီး တောင်းရဲသည်အထိ ချစ်သူအပေါ် လိုက်လျောနိုင်သည်။

မေခက်တည်ကတော့ ချစ်သူကို အလျှော့ပေးရာတွင် အတိုင်းအတာ ရှိပါသည်။

ချစ်သူသည် မေခက်တည်ကို လက်မထပ်ခင် လိုက်လျောဖို့ မွေးနေ့လက်ဆောင်အဖြစ် တောင်းခဲ့၏။

သို့သော် သူမ လုံးဝမလိုက်လျောနိုင်တော့။ သူမသည် မြန်မာမိန်းကလေးဖြစ်သည်။ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကိုထိန်းသိမ်းရမည်။

တစ်ဖန် လက်တွေ့ဆန်ဆန် ပြန်စဉ်းစားကြည့်ရင်လည်း ချစ်သူက မိမိကို လက်ထပ်ပါမည် ကတိအထပ်ထပ်ပေးသော်ငြားလည်း သူသည် ကိုယ်မဟုတ်။ မတော်တဆ သူ မယူခဲ့ရင်ဆိုတာကိုလည်း အဓိကအချက်အနေနဲ့ ထည့်စဉ်းစားရမည်လေ။

သူ့ကိုယုံကြည်ရသည်။ သူက ယူမည်ထားဦး။ ကံတရားက မျက်နှာသာပေးဦးမှ။ လူဆိုတာ သေမည့်နေ့ကို ကြိုသိ



www.burmeseclassic.com

www.burmeseclassic.com



ထားတာမှ မဟုတ်တာ။ ကွေးသောလက် မဆန့်ခင်တဲ့။ သူ တစ်ခုခု ဖြစ်သွားတော့ ဘယ်လိုလုပ်မလဲ။

ဘယ်ဘက်ကပဲတွေးတွေး မလုပ်သင့်ဘူးလေ။ စည်း ဆိုတာ မချိုးဖောက်သင့်တဲ့ အရာပါ။ မချိုးဖောက်သင့်တဲ့ အရာကို ချိုးဖောက်ရင် ရင်ဆိုင်ရမှာက ဒုက္ခပါပဲ။ သုခဖြစ်မလာနိုင်တာ တော့ သေချာသည်။

ထို့ကြောင့် မေခက်တည် မလိုက်လျောခဲ့။ ချစ်လို့ လိုက်လျောတာဟာ အတိုင်းအတာတစ်ခုအထိပဲ ရှိသည်လေ။

မလိုက်လျောဟော့ သူနဲ့မေခက်တည် ပြဿနာ အကြိမ်ကြိမ် တက်ရသည်။ နောက်ဆုံးတော့ သူသည် မေခက် တည်ကို လမ်းခွဲသွားခဲ့သည်။ မလွှမ်းသင့်သော ခွဲခွာခြင်းပါ။

တကယ်ဆို သူသာမြတ်နိုးရင် မေခက်တည်ကို လက်ထပ်ဖို့ ကြိုးစားမှာပေါ့။ လက်ထပ်မည်ဆိုရင် မေခက်တည် ကလည်း အပြေးအလွှား ခေါင်းညိတ်ရုံပင်။

နောက်ဆုံးတော့ သူ့ကြောင့် မေခက်တည် နာကျင် စွာ။ အသည်းကွဲစွာ။ ကြေကွဲစွာပေါ့။





ကိုယ့်အတိတ်နှင့် တိုက်ဆိုင်နေသဖြင့် တက်ဝေကို မေခက်တည် သတိထားမိသွားတာပါ။

မမျှော်လင့်ဘဲ တက်ဝေက မေခက်တည်ရဲ့ ဖက်ရှင် ဆိုင်နားက သင်တန်းတစ်ခုမှာ သင်တန်းလာတက်နေသည်။

ထိုသင်တန်းက သင်္ဘောသားသင်တန်း ဆိုတာကို လည်း မေခက်တည် သိထားပါသည်။

သူ သင်္ဘောတက်မလို့ လုပ်နေတာပေါ့။ ဒါဆို သူ့ ကောင်မလေးကရော။ ခွဲချန်ထားခဲ့နိုင်လို့လား။

မဟုတ်မှလွဲရော။ သူ့ကောင်မလေး လုပ်ခိုင်းတာ များလား။ ဖြစ်နိုင်ပါသည်။

မေခက်တည်တောင် မိန်းကလေးတန်မဲ့ အမျိုးသား တတ် ဖက်ရှင်ဆိုင်ဖွင့်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကတ်သီးကတ်သတ်ကို ရက်စက်တတ်သော မခက်တည်ရဲ့ချစ်သူဟာ မခက်တည် ဖက်ရှင်ဆိုင်ဖွင့်မည်ဆိုတော့ အမျိုးသားဝတ်ဖက်ရှင်ဆိုင် ဖွင့်ခိုင်းသည်။

သူကြိုက်တတ်တာတွေ့ရင် ယူဝတ်နိုင်အောင်လို့တဲ့လေ။

ဒီတော့ မခက်တည်ကလည်း ချစ်သူစိတ်ချမ်းသာဖို့ လိုက်လျောတော့တာပေါ့။

သို့သော် စေတနာကတော့ အကျိုးပေးပါသည်။ မခက်တည်ရဲ့ အမျိုးသားဝတ်ဖက်ရှင်ဆိုင်လေးက အောင်မြင်ပါသည်။

ဆိုင်မှာ စာရင်းကိုင်ရယ်၊ Stock ကိုင်တဲ့သူရယ်၊ Casher ရယ်ပဲ မိန်းကလေးဝန်ထမ်းခန့်ကာ အရောင်းစာရေးတွေကတော့ ယောကျ်ားလေးတွေပဲ ခန့်ထားသည်။

အမျိုးသားဝတ် ဖက်ရှင်ဆိုတော့ ယောကျ်ားလေးတွေရောင်းမှပဲ တင့်တယ်မှာလေ။





မခက်တည်က တစ်ခါတစ်ရံမှ ကောင်တာထိုင်တတ်သည်။

သို့သော် မခက်တည်ကို သဘောကျပြီး လာဝယ်ကြသော ပုရိသတွေ တော်တော်များသည်။

ကောင်တာထိုင်ရင်း အတွေးဝင်နေတုန်း ဆိုင်ထဲကို တက်ဝေ ဝင်လာသည်။

အင်္ကျီတစ်ထည်နဲ့ ဖိနပ်တစ်ရန်ဝယ်ပြီး ကောင်တာမှာငွေလာရှင်းသည်။

"ဟာ ... မင်း"

"ဟုတ်တယ် ကိုတက်ဝေ။ ယူဝင်လာကတည်းက တို့တွေ့တယ်"

"အော် ... မင်းက ဒီကဝန်ထမ်းတော့ မဖြစ်နိုင်ဘူး"

"အဲဒီတော့"

"ပိုင်ရှင်ဆိုရင်လည်း ဈေးမဆစ်ပါဘူးဗျာ"

"အဟင်း"

တက်ဝေက ပိုက်ဆံရှင်းနေတုန်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံ မလျှော့နိုင်ပေမယ့် ကော်ဖီတစ်ခွက်တော့ တိုက်နိုင်ပါတယ်၊ ဒီအချိန်က ကျွန်မ ကော်ဖီတိုင်းမ်လေ"

"ကောင်းတာပေါ့"

သူမဆိုင်နဲ့ကပ်ရပ်က ကော်ဖီဆိုင်လေးမှာ သွားထိုင်ကြသည်။

"ဒေါ်မေခက်တည် ဘာသောက်မလဲ"

"ယူ တို့နာမည် သိသွားပြီပေါ့"

"ဆိုင်ပိုင်ရှင် နာမည်က မေးရတာ လွယ်ပါတယ်ဗျ"

"အင်းလေ ... ခုချိန်ထိ ရှင်မသိသေးဘူး ဆိုရင်လည်း မဖြစ်သင့်တော့ဘူးလေ"

တက်ဝေလည်း သူနဲ့ မေခက်တည်တို့ မကြာခဏ ဆုံနေကြတဲ့ ရေစက်ကို အံ့သြနေမိသည်။

ကော်ဖီသောက်ရင်း ရောက်တတ်ရာရာတွေ ပြောနေကြသည်။

ဘာပဲဖြစ်ဖြစ် မေခက်တည်နဲ့ စကားပြောနေသခိုက်တော့ ဟန်နီနဲ့ ရပ်ကွက်ထဲကလူတွေကို ခဏမေ့ထားလို့ရကာ စိတ်သစ် လူသစ် ဖြစ်နေ၏။





မေခက်တည်ကတော့ သူ့ကိုလှောင်ပြောင်ကဲ့ရဲ့မည့် သူမှ မဟုတ်တာလေ။ သူ ဘာလို့ မေခက်တည်ကို ယုံကြည်နေမိပါလိမ့်ကွယ်။

❖ ❖ ❖

ပေးစာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧရာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ သူနဲ့မေခက်တည်တို့ မကြာခဏဆို သလို ကော်ဖီဆိုင် အတူထိုင်ဖြစ်ကြသည်။

သူနဲ့ဟန်နီ ပြတ်သွားတာကိုလည်း မေခက်တည် ကို ရင်ဖွင့်ဖြစ်သွားသည်။

"ဟင် ... ရှင့်ကို မိတ်ကပ်ဖန်တီးရှင် လုပ်ခိုင်းတယ်"

"ဟုတ်ပါတယ်ဆို"

"ဒါတော့ တရားလွန်တာပေါ့။ ရှင်မလုပ်တာ မှန်ပါတယ်။ တို့ ယူ့ကို နားလည်တယ်"

တက်ဝေက မေခက်တည်ကို သူ့အပေါ် နားလည် ပေးနိုင်ဆုံးပဲဟု ထင်လာမိသည်။

"ဘာလို့ တို့ ယူ့ကို နားလည်ပေးနိုင်လဲ သိလား။ တို့ ကိုယ်တိုင်လည်း ယူ့လို ခံစားဖူးလို့ပဲ။ တို့လည်းလေ တို့





ချစ်သူကို အရမ်းချစ်ခဲ့တာ။ ဒါပေမဲ့ သူကတော့ တို့ကို ဥပေက္ခာပြုပြီး သူဖြစ်ချင်တာပဲ သိတတ်တဲ့လူမျိုးပေါ့။ နောက်ဆုံးတော့ တို့နဲ့သူ လမ်းခွဲလိုက်ရတာပါပဲ။ အချစ်ခံ ရတဲ့သူတွေဟာ အရမ်းကို တစ်ဖက်စောင်းနင်း ဆန်တတ် ကြတယ်နော်။ တို့ချစ်သူနဲ့ ယူ့ကောင်မလေးကတော့ ထိပ်ဆုံးကပဲ ဖြစ်မယ်ထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကျန်ရစ်ကြီးနှစ်ယောက် ခံစားချက်တွေ တိုက်ဆိုင် နေလိုက်ကြတာ။

အဖြစ်ချင်းတူတာမို့ သူမတို့နှစ်ယောက် ပိုပြီးရင်းနှီး လာကြကာ တစ်ယောက်ကိုတစ်ယောက် ပိုပြီးနားလည်လာကြ သည်။ ငယ်ပေါင်းကြီးဖော်တွေလိုလည်း ရင်းနှီးကြသည်။

မေခက်တည်ကလည်း သူ့ကို ဘယ်သွားသွား အဖော်ခေါ်တတ်သလို သူကလည်း မေခက်တည်တို့ဆိုင်ဘက်ကို သင်တန်းမရှိလည်း ရောက်ဖြစ်သည်။ ဒါပေမဲ့ သူတို့နှစ်ယောက် တကယ် ရိုးရိုးသားသား ခင်ကြတယ်ဆိုတာ ကျိန်ဝံ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့် ရဲဘော်ရဲဘက်စိတ်မျိုးပဲ ရှိသည်။

မေခက်တည် အိုင်းလိုင်နာဆိုးတာ အရှမ်းများနေရင် တက်ဝေက ကဲ့ရဲ့တတ်ပြီး တက်ဝေ ဆံပင်တွေသုဉ်းသိုးသိုးဖြစ်ရင်လည်း မေခက်တည်က နှာခေါင်းရှုံ့တတ်သည်။

တစ်ခါတလေ မေခက်တည်က သူတို့အိမ်ကို အလည်ခေါ်သဖြင့် သွားလည်ဖြစ်သေးသည်။ မေခက်တည်ရဲ့မိဘတွေက သဘောထားပြည့်ဝပြီး လူငယ်တွေနဲ့ လိုက်လျောညီထွေနေနိုင်သူတွေဖြစ်၍ အဆင်ပြေပါသည်။

ထို့ကြောင့် တက်ဝေကလည်း အိမ်မှာ ဘုရားကိုးဆုပင့်တော့ မေခက်တည်နဲ့ သူ့မိဘတွေကို ဖြန့်ဖိတ်ဖြစ်သည်။

တက်ဝေတို့ထက်စာရင် မေခက်တည်တို့က အဆပေါင်းများစွာ ချမ်းသာပါသည်။

တက်ဝေမိခင်ကတောင် မေးနေသေးသည်။ တက်ဝေနဲ့ မေခက်တည်တို့ အခြေအနေကို မေးတာပါ။ သို့သော် တက်ဝေတို့က သူငယ်ချင်းတွေပါဟု မနည်းဖြေရသည်။





ဟန်နို့ကို မျက်မှန်းကျိုးနေသော တက်ဝေမိဘတွေက မေခက်တည်ကိုတော့ ချစ်ခင်နေကြသည်။

မေခက်တည် မိဘတွေကလည်း တက်ဝေလို ရိုးသားသောကောင်လေးမျိုးကို သဘောကျသတဲ့။

တက်ဝေနဲ့ဆို ဘယ်သွားသွား မေခက်တည်ကို စိတ်ချလက်ချ ထည့်သည်။

သို့သော် သူတို့နှစ်ယောက်ရဲ့ ရိုးသားမှုကို သူတို့ပဲ သိပါသည်။

သူတို့က ပတ်ဝန်းကျင်ကို အမှတ်တမဲ့ပေမယ့် ပတ်ဝန်းကျင်က သူတို့ကို စောင့်ကြည့်နေတာကိုတော့ သူတို့မေ့နေခဲ့သည်။

အခုက စောင့်ကြည့်နေသူတွေကတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေနဲ့ မေခက်တည်တို့ တတွဲတွဲလုပ်နေတာကို ဟန်နီက အရင်ဆုံး သတိထားမိတာပါ။ သတိထားမိတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ မေခက်တည်သည် တက်ဝေ သူတောင်းစားလုပ်တုန်းက ငွေတစ်ထောင် ထည့်သွားသော မိန်းမဆိုတာကိုလည်း ချက်ချင်းမှတ်မိလိုက်သည်လေ။

မေခက်တည်က ကားကို ကိုယ်တိုင်မောင်းပြီး တက်ဝေကို လာခေါ်သွားတိုင်း သူမရင်ထဲမှာ တနုံ့နုံ့။ တက်ဝေကို မချစ်သော်လည်း တက်ဝေက မိမိထက်သာသောမိန်းမနဲ့ တွဲနေတာကို မခံချင်။

ရပ်ကွက်ထဲမှာလည်း သိက္ခာကျသလို ခံစားရသည်။

တက်ဝေတို့ ဘုရားကိုးဆူပူဇော်ပွဲတုန်းက အဲဒီမိန်းမရဲ့တစ်မိသားစုလုံး လာသည်ကို ရပ်ကွက်ထဲက ပြန်ကြားရသည်





လေ။ နှစ်ဖက်မိဘတောင် အဝင်အထွက် ဖြောင့်နေပြီဆိုတဲ့သဘောပေါ့။

သူမတုန်းက မသိလိုက် မသိဘာသာ နေတတ်သော တက်ဝေမိဘတွေကလည်း ကားကို ကိုယ်တိုင်မောင်းတဲ့ မေခက်တည့်ကိုကျတော့ ဆော်တော်ဦးစားပေးကြသည်။

တက်ဝေအမေဆို မေခက်တည်နဲ့ တရင်းတနှီးရယ်မောပြောဆိုနေတတ်သည်လေ။ ရင်ထဲမှာ မခံချင်မှုတွေဖြင့် လောင်မြိုက်နေသည်။

မေခက်တည်က သူမထက် ပိုချမ်းသာတာပဲရှိတာ။ သူမလောက်တောင် မချောပါ။ ဂါဝန်လေးတွေပဲ အမြဲဝတ်တတ်တဲ့သူမဟာ ဆွဲဆောင်မှုမရှိဘဲ ကလေးဆန်နေသည်။

ကိုယ့်အလုကို မာန်တက်နေသော ဟန်နီသည် သူ့အကြောင်း စဉ်းစားမိတိုင်း ချိုးချိုးဖွဲ့ဖွဲ့လေး တွေးနေမိတတ်သည်။

ဒီကြားထဲက မိဖြူကတစ်မျိုး။

"မိဟန်နီ ... ကိုတက်ဝေကြီး စွံသွားပြီထင်တယ်နော်"

"ဘယ်သိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကောင်မလေးက ကားကို ကိုယ်တိုင်မောင်းတာဟာ။ ချမ်းသာပုံပဲ။ ကိုတက်ဝေတော့ ထိပေါက်ပြီ"

"သူက လူထက်ပိုပြီး ပစ္စည်းကိုမက်တာ နေမှာပေါ့ ... ဟွန်း"

"အေး ... သူ့ကောင်မလေးက နင့်လောက် မလှတာတော့ အမှန်ပဲ။ ဒါပေမဲ့ သူက ကိုတက်ဝေကို သဘောကျပုံရတယ်ဟ၊ ကိုတက်ဝေနဲ့ ပြုံးပြီးပြောဆိုနေတာ။ ကိုတက်ဝေကြီး သူချစ်များ တွေ့သွားပြီလား မသိဘူး"

"တော်စမ်းပါ မိဖြူရယ်၊ မသိရင် မှတ်ထား။ အဲဒါဖောက်ပြန်ခြင်းလို့ ခေါ်တယ်"

"ဖောက်ပြန်ခြင်း ... ဘာလို့ ဖောက်ပြန်ခြင်းလဲ။ ဘာကို ဖောက်ပြန်လို့လဲ"

"ဟဲ့ ... ငါ့ကို ချစ်လှပါချည်ရဲ့ဆိုတဲ့လူက လပိုင်းလေးနဲ့ နောက်တစ်ယောက် ပြောင်းနိုင်တာက ဖောက်ပြန်ခြင်း မဟုတ်လို့ ဘာလဲ"





"ဟဲ့ ... သူနဲ့ နင်က ပြတ်သွားပြီလေ။ ပြတ်သွားတာကလည်း နင်ကဖြတ်လို့ ပြတ်တာပဲ။ နင်ဖြတ်ပြီးမှ သူက နောက်တစ်ယောက် တွဲတာ၊ ဘယ်လိုလုပ် ဖောက်ပြန်ခြင်း ဖြစ်မှာလဲဟဲ့"

"သြော် ... နင်က ငါပြောတာကို နားမလည်ဘူး။ သူက ငါ့ကိုချစ်တယ်ဆိုပြီး နောက်တစ်ယောက်နဲ့ အချိန်တိုလေးအတွင်း တွဲနိုင်တဲ့ သူ့ရဲ့စိတ်။ ငါက အဲဒါကို ဆိုလိုတာဟ"

"ဒါကလည်းဟယ်၊ သူက နင်နဲ့ပြတ်မှတော့ နင့်ကို တသသလုပ်နေလို့မှ မရနိုင်တော့တာ။ ဒီတော့လည်း အချစ်သစ် ရှာမှာပေါ့ဟဲ့"

"နင်က အမြဲ သူ့ဘက်တော်သားပဲနော် မိဖြူ"

"ငါက ဘက်တော်သား မဟုတ်ဘူး။ မှန်တာကိုပြောတာ။ နေပါဦး မိဟန်နီရဲ့။ နင်က ဖြတ်ပြီးတော့မှ မနာလိုဖြစ်နေတာလား။ ဒါမှမဟုတ် လွတ်တဲ့ငါး ကြီးနေတာလား"

"ဟင့်အင်း ... ငါဖြတ်လိုက်တဲ့သူက ငါ့ထက်ချမ်းသာတဲ့ မိန်းမနဲ့တွဲနေလို့ မခံချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အကျင့်ပုပ်တယ်လို့ ခေါ်တယ်"

"မိဖြူနော်"

"ဟုတ်တယ်လေ၊ နင်နဲ့သူ ဘာမှမဆိုင်တော့ဘူး။ သူ့ဘာသာ ဘယ်သူနဲ့ကြိုက်ကြိုက်ပေါ့။ ခုဟာ နင်ကလိုက်ပြီးပုပ်နေတာ။ နင်လည်း မကြိုက်ဘူး။ သူများကြိုက်တော့လည်း နင် မနာလိုဘူး"

"ဘာဖြစ်လဲ"

"မိဟန်နီနော် ... သူငယ်ချင်း အရင်းကြီးမို့လို့ ပြောလိုက်ရင် မကောင်းရှိတော့မယ်"

"ဟင်း ... သူငယ်ချင်းအရင်းကြီးလည်း နင်က သူတို့ဘက်ကပဲ ပါတယ်။ တကယ်ပြောရရင် ငါလေ ရင်ထဲမှာမကျေမနပ်ကြီး ဖြစ်နေတယ်ဟာ"

"မိန်းမ သိသားပဲ"

ဟန်နီ ရင်ထဲမှာ ခံစားနေရတာတွေကို မိဖြူကိုပွင့်ပွင့်လင်းလင်း ရင်ဖွင့်လိုက်မှပဲ နေသာထိုင်သာ ရှိသွားတော့သည်။





မဟုတ်ရင် သူတို့ကိုတွေးတိုင်း မကျေမနပ်ဖြစ်နေရတာလေ။

တွေးနေရင်း ဟိုမိန်းမကားက လမ်းထဲဝင်လာပြန်၏။

"ဟွန်း ... မုန်းစရာ ကောင်းတယ်"

မေသက်တည်ကတော့ သူမကိုထိုးနေတဲ့ မျက်စောင်းတွေအကြောင်း မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"တက်ဝေ ... မင်းနဲ့ Mark II နဲ့က ဘာလဲကွ"

ဖိုးကျော်တို့က မေခက်တည်ကို သူမရဲ့ Mark II ကားလေးကို အဆွဲပြုပြီး Mark II လို့ နာမပြုထားကြသည်။

"သူငယ်ချင်းပါ"

"သူငယ်ချင်း၊ ဟုတ်ရော ဟုတ်ရဲ့လားကွာ"

"မင်းကို ငါက ညာစရာလား ဖိုးကျော်ရာ"

"သိပါဘူးကွာ၊ မင်းတို့က အသွားအလာ အရမ်းစိပ်နေလို့ မေးကြည့်ရတာ"

"တကယ်တော့ သူနဲ့ငါက ဘဝတူတွေကွ။ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးရင်းနဲ့ အရမ်းခင်တဲ့သူငယ်ချင်းတွေ ဖြစ်သွားကြတာ၊ ငါတို့နှစ်ယောက်လုံး တကယ်





ရိုးသားတယ်၊ ဒါပေမဲ့ကွာ သူက ငါ့အတွက် သူများတွေထက်ပိုပြီး နားလည်ပေးနိုင်တယ်၊ ငါလည်း အဲဒီလိုပဲ"

"အေး ... အဲဒါမျိုးတွေလည်း ဖြစ်တတ်တယ်၊ မင်းကတော့ ထားပါ။ ဟာန်နီ့ကိုလည်း ရူးရူးမူးမူး ချစ်ထားတာဆိုတော့။ ဒါပေမဲ့ သူက မင်းအပေါ် ရိုးသားပါ့မလား။ သူ မင်းကို စိတ်ဝင်စားနေရင် မကောင်းဘူးနော်"

"သူ့မှာလည်း အရူးအမူးချစ်ခဲ့ဖူးတဲ့ချစ်သူ ရှိတယ်ကွ။ ငါနဲ့ဘဝတူတွေပါဆိုကွာ"

"ဪ"

ဖိုးကျော်က သူမအကြောင်း ဆက်မပြောတော့ဘဲ ...ကြည့်ထားသော သိပ္ပံကားတစ်ကားအကြောင်း ပြောနေသည်။

ပါးစပ်က ဟိုပြောဒီပြောနဲ့ မျက်စိအရသာခံရတဲ့ ...လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကို ယောကျ်ားလေးတွေ အင်မတန် ...သက်ကြသည်။

ထို့အတွက် မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်မ...ိုင်ခြင်းကိုလည်း ဒီလိုပြန်မှတ်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကိုရီးယားကားအကြောင်းပြောရင် လူတွေ ဘာပြောကြမလဲ။

မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ဖက်ရည်သောက်ရင်း ယောကျာ်းလေးတွေကိုကြည့်ရင်ရော ? ။

ထို့ကြောင့် လက်ဖက်ရည်ဆိုင်မှာ မိန်းမပျိုလေးတွေ မထိုင်ရဲကြသလို ငဲ့တောင်မကြည့်ရဲကြပါ။ တချို့သော အိမ်ထောင်သည့် အမျိုးသမီးတွေပဲ ပိုက်ဆံအိတ်ချိုင်းကြားညှပ်ကာ လက်ဖက်ရည်ဆိုင်ထိုင်တတ်ကြသည်။

သို့သော် မိန်းမပျိုလေးတွေ ဘယ်မှာရှိုးထုတ်ပါသနည်း။

ဟုတ်တယ်။ မိန်းကလေးတွေရဲ့နေရာက ခုခေတ်မှာ ဟိတ်နဲ့ဟန်နဲ့ ပေါ်ထွက်လာတဲ့ Coffee Shop တွေမှာပေါ့။ ကော်ဖီဆိုင်မှာ ကော်ဖီတစ်ခွက်မှာ စာအုပ်လေးတစ်အုပ်ဖတ်ရင်း ဟန်ရေးပြတော့ ဣန္ဒြေလည်းရတာပေါ့လေ။

သူတွေးချင်ရာ လျှောက်တွေးနေတာ ဖိုးကျော်ဘယ်ထသွားမှန်းတောင် မသိလိုက်ဘူး။





ထိုစဉ်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့ Mark II တစ်စီး လာရပ်သည်။

မေခက်တည်က ခပ်တည်တည်ပဲ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာသည်။

"ယူ့အိမ်ရောက်သေးတယ်၊ လက်ဖက်ရည်ဆိုင်မှာဆိုလို့ လိုက်လာကာ"

"ဘာကိစ္စ"

"ယိုးဒယားသံရုံး သွားမလို့ ခဏလိုက်ခဲ့ဟာ"

"ခဏစောင့်၊ အိမ်မှာ အင်္ကျီပြန်လဲဦးမယ်"

"လုပ်မနေပါနဲ့ဟာ၊ ဒါနဲ့ပဲလိုက်ခဲ့၊ ဥပမာ ကျုပ်အလုပ်သမားလို့ ထင်ရုံပေါ့"

"အကျင့်ကိုပုပ်တယ်၊ ဒီမှာ ဇွပ်ကျယ်အပြဲကြီးဟ၊ ပြန်တော့လဲပါရစေဦး"

မေခက်တည်က အားရပါးရ အော်ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ ကမ်းရိုးတန်းသင်္ဘောပေါ် ပင်လယ်ပြင် အတွေ့အကြုံရရန် တစ်နှစ်လိုက်ရသည်။

ထိုတစ်နှစ်အတောအတွင်းမှာ ရန်ကုန်ကိုက ကမ်းကပ်ခိုက်ပဲ ပြန်လာရတာဆိုတော့ တက်ဝေ ပြန်လာရင် ပြန်လာမှန်းတောင် မသိလိုက်ကြ။

ဟန်နီသည် တက်ဝေပျောက်နေသော ဘယ်ရောက်နေလဲ သိချင်ပြန်သည်။

မိဖြူကို ဖိုးကျော်ထံတွင် စုံစမ်းခိုင်းလိုက်သည်။

"နင်မချစ်တဲ့ လူတစ်ယောက် ဘယ်ရောက်ရောက်ပေါ့ဟာ။ ဘာလို့ စုံစမ်းချင်ရတာလဲ"

"မချစ်တာက မချစ်တာပဲ၊ သိချင်တာက သိချင်တာပဲလေဟယ်"





"ဟင်း ... မိန်းမ၊ လွတ်တဲ့ငါး ကြီးပြန်ပြီလား။ နင် ဒီလောက် သိချင်တာ မရှိသားဘူး"

"ဟား ဟား ... ဘာလို့ မရှိသားရမှာလဲ၊ ဒါက မိန်းမသဘာဝပါဟ။ မိန်းမဆိုတဲ့အမျိုးက ကိုယ်နဲ့မဆိုင်တဲ့ တခြားတစ်ယောက်အကြောင်းဆိုရင်တောင် စပ်စပ်စုစု သိချင်တတ်တာလေ။ ခုဆို ကိုယ်နဲ့ဆိုင်နေတဲ့လူအကြောင်း ပိုသိချင်တာပေါ့ဟဲ့။ ဒီသဘောပါ"

"အေးပါ၊ အလျှောက်ကောင်းပါတယ်၊ ငါ ကိုဖိုးကျော်ဆီမှာ စုံစမ်းပေးပါ့မယ်"

စုံစမ်းကြည့်တော့မှ တက်ဝေ တစ်ယောက် သင်္ဘောသားဖြစ်ဖို့ ကြိုးစားနေမှန်း သိရသည်။ ရင်ထဲနည်းနည်းတော့ နင့်သွားသည်။

ဟန်နီက တက်ဝေကို ပေါတောတောလို့ ထင်ထားတာ။ ခုတော့ ဟန်နီ အထင်သေးခဲ့သောသူက ဟန်နီ့ဒယ်ဒီလို သင်္ဘောသားလုပ်မတဲ့လေ။

ခုမှလွတ်တဲ့ငါးက တကယ်ကြီးသလိုလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ တစ်ယောက် တကယ် အသည်းယားနေမိသည်။ သို့သော် ဘာမှမတတ်နိုင်တော့။ အရာရာနှောင်းခဲ့ပြီ။ ပြန်ပြုပြင်ဖို့ မလွယ်တော့။

ဟန်နီသည် ခုမှ သူမအပေါ် အစစအရာရာအလျှော့ပေး အလိုလိုက် အကြိုက်ဆောင်ကာ ချစ်ခင်ခဲ့သော တက်ဝေရဲ့ အချစ်တွေကို နမြောသလိုလို။

မိဖြူက ဟန်နီ့ကို အပြစ်တင်ပါသည်။

"နင်ကလေ သူ သဘော်သားဖြစ်မှ စိတ်ဝင်စားတယ် ဆိုတော့ နင် လူကိုစိတ်ဝင်စားတာတော့ မဖြစ်နိုင်ဘူး။ သဘော်သားကို စိတ်ဝင်စားတာပဲဖြစ်မယ်"

"မိဖြူနော်"

စိတ်တိုပါတယ်ဆိုမှ မိဖြူကတစ်မျိုး။

"မိဖြူ ငါ ဘာလုပ်ရင် ကောင်းမလဲဆိုတာပဲ အကြံပေးစမ်းပါဟယ်"

"နင် ဘာဖြစ်ချင်လို့လဲ"

"ငါ ကိုတက်ဝေကို ပြန်ဆက်သွယ်ချင်တယ်"





"ဘာ"

"ဟုတ်တယ်၊ ငါ သူ့ကို ပြန်ဆက်သွယ်ချင်တယ်"

"ဟယ် ... နင်ကလည်း ဖြတ်တုန်းကလည်း နင်ပဲစဖြတ်တာလေ။ ပြီးတော့ အခု ကိုတက်ဝေမှာကလည်း ဟိုတစ်ယောက်ရှိနေပြီလေ။ အဲဒါ နင်က ဘယ်လိုလုပ်ပြီး ပြန်ဆက်သွယ်ဦးမှာလဲ"

"ငါ့ကို သူတော်တော်ချစ်တယ်လေ။ ငါကသာ ပြန်လက်ခံမယ်ဆိုရင် သူက အားလုံးကို ထားခဲ့ပြီး ငါ့ဆီပြန်လာမှာပဲ"

"အဲဒါဆို နင် ဘယ်တရားပါမလဲ"

"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး"

"ငါကတော့ အဲလိုမထင်ဘူး။ ဘယ်နေရာမဆို တရားမျှတမှုရှိသင့်တယ်"

"တော်ပြီ မိဖြူရာ၊ နင်က ဘယ်တော့မှ ငါ့ဘက်ကမပါဘူး"

"ငါက နင့်ကို မမှားစေချင်လို့ပါဟာ။ ခုလည်း နင်က ကိုတက်ဝေထက် သဘော်သားဆိုတာကြီးကို ပိုမက်နေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မိဖြူ ဟန်နီ့ကို အရှုံးပေးရတာပါလဲ။ မိဖြူကို ဖိုးကျော်ဆီလွှတ်ကာ တက်ဝေကို ဆက်သွယ်လို့ရတဲ့ လိပ်စာကို တောင်းခိုင်းသည်။

တက်ဝေက ရန်ကုန်ကို သဘောပြန်ကပ်လာရင် အိမ်ပြန်လာတတ်တာမို့ တကူးတက ဆက်သွယ်စရာမလိုပါ။

သို့သော် ဖိုးကျော်က ဟန်နီနဲ့ တက်ဝေကို ဇာတ်လမ်း ပြန်မဆက်စေချင်တော့သဖြင့် လိပ်စာမရှိဟုပဲ ပိတ်ပြောလိုက်သည်။

တက်ဝေ သင်္ဘောသားလုပ်မည်ဆိုမှ ဆက်ဆံရေး တွေ ပြောင်းလာသော ဟန်နီ့သဘောထားကိုလည်းမကြိုက်။ ဟန်နီနဲ့ တက်ဝေကို ပြတ်လက်စနဲ့ ပြတ်သွားစေချင်သည်။





ဟန်နီဆိုသည့် ကောင်မလေးက တက်ဝေကို တကယ်ချစ်တာမှ မဟုတ်တာ။

ထို့ကြောင့် ဖိုးကျော်ကတော့ ဘာမှကို မကူညီနိုင်ပါ။

ဆက်သွယ်ရမယ့်လိပ်စာ မသိဘူးပြောလိုက်တော့ တက်ဝေနဲ့ အဆက်အသွယ်ရရင် ဟန်နီ့ဆီ ဖုန်းဆက်ဖို့ပြောပေးပါတဲ့။

အဲဒါလည်း မပြောပေးနိုင်ပါဘူး။ တည်ငြိမ်နေတဲ့ ကန်ရေပြင်ကို ခဲလုံးပစ်ချချင်တဲ့ သူမအကြံအစည်ကို အားမပေးနိုင်ဘူး။ ဒီလိုနဲ့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း တက်ဝေ ကောပြန်လာတော့ ဖိုးကျော်နဲ့ တက်ဝေ တွေ့ဖြစ်ကြပါသည်။ တက်ဝေက ဟန်နီ့အကြောင်း မမေးသလို ဖိုးကျော်ကလည်း ဟန်နီပြောသည့်ကိစ္စကို တက်ဝေကို မပြောပေးပါ။

တက်ဝေက ဟန်နီ့အကြောင်းသာ မမေးတာပါ။ မေခက်တည်နဲ့တော့ ဖုန်းပြောဖြစ်ကြသတဲ့။ မေခက်တည်ဖို့ လက်ဆောင်တွေ ဝယ်လာသလို ရန်ကုန်ပြန်ရောက်တိုင်းလည်း တွေ့ဖြစ်ကြသတဲ့။

ထို့ကြောင့် စီးနေတဲ့ရေကို ဖြောင့်ဖြောင့်စီးနိုင်အောင်ပဲ ကြိုးစားပါတော့မည်။

မေခက်တည်နဲ့ တက်ဝေတို့ရဲ့ ဆက်ဆံရေး ဒီထက်ပိုတိုးတက်လာစေဖို့ ဟန်နီဆိုသည့် အဆီးအတားတစ်ခုကို ပယ်ဖျက်ဖို့ပဲ စဉ်းစားရမည်။





တက်ဝေ တစ်ယောက် Sea Service တစ်နှစ်ယူပြီးချိန်မှာ ဟန်နီတစ်ယောက် တက်ဝေ ဖုန်းကို စောင့်မျှော်ခြင်းအား လက်လျှော့လိုက်သည်။

မိဖြူ ပြောတော့ ဖိုးကျော်က တက်ဝေကို ဟန်နီ့ဆီ ဖုန်းဆက်ဖို့ ပြောပေးသည်တဲ့။ တက်ဝေက မဆက်ချင်တော့လို့ မဆက်တာဆိုပဲ၊ ထို့အတွက် ဟန်နီ တော်တော်ရှက်သွား၏။

တက်ဝေက သူ့ဘေးမှာ Mark II နဲ့ မိန်းမတစ်ယောက်ရှိတော့ ချစ်လှပါချည်ရဲ့ဆိုတဲ့ သူမကို လှည့်တောင်မကြည့်တော့။

အချစ်နဲ့ Mark II ကားက တော်တော်တန်ခိုးကြွတာပါလားဟု သူမတွေးမိကာ ...

သူ့ဖခင်နဲ့ တစ်ကုမ္ပဏီတည်းဖြစ်သော သင်္ဘောကုမ္ပဏီတစ်ခုမှ သင်္ဘောသားတစ်ယောက်နှင့် တွဲတော့သည်။

ရိုးရိုးသင်္ဘောသားတော့မဟုတ်။ သင်္ဘောအင်ဂျင်နီယာတစ်ယောက်ပါ။

သူမထက် အသက်ကြီးပေမယ့် ရေကတော့ လျှံမှ လျှံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူစီးတဲ့ မာစီဒီးစ်ကားကြီးကလည်း ဟန်နီ့ကို ဆွဲဆောင်သည်လေ။

ဒယ်ဒီနဲ့အတူ အိမ်ကိုလိုက်လည်ရင်း ဟန်နီ့ကိုတွေ့တာဖြစ်သည်။

ဟန်နီက ရေလာမြောင်းပေး စလုပ်ရာက ချစ်သူတွေ ဖြစ်သွားကြသည်။ မခံချင်စိတ်တွေနဲ့ သူ့ထက်သာတဲ့ လူတစ်ယောက် အမြန်ဆုံးတွဲပြချင်နေတဲ့ အချိန်မှာပဲ ထိုလူက တိုက်တိုက်ဆိုင်ဆိုင် ဒယ်ဒီနဲ့ အိမ်လိုက်လည်တာဖြစ်သည်။

ဟန်နီ ထိုလူနှင့် ကြိုက်ကတည်းက ထိုလူ့မာစီဒီးစ်က လမ်းထဲမှာ လမ်းသလားတော့သည်။

တက်ဝေလည်း တွေ့ပါသည်။ တက်ဝေ ရင်ထဲမှာ ကြေကွဲနေပါသည်။

ထိုအကြောင်းအရာကို မေခက်တည်ထံတွင် ရင်ဖွင့်ဖြစ်သည်။

မေခက်တည်ကသာ သူ့ကို နားလည်ပေးနိုင်သူ မဟုတ်ပါလား။





မေခက်တည်ကလည်း တကယ်ပဲ နားလည်စွာ နှစ်သိမ့်ပေးတတ်ပါသည်။

နောက်ဆုံးတော့ သူ သင်္ဘောတက်ဖို့ အချိန်ကျလာခဲ့သည်။

သူတက်ရမည့် သင်္ဘောကုမ္ပဏီက စင်ကာပူမှာမို့ စင်ကာပူကို လေယာဉ်ဖြင့် သွားရမည်ဖြစ်သည်။

သူသွားတော့ သူ့မိသားစုနှင့်အတူ ဖိုးကျော်ရော မေခက်တည်ပါ လေဆိပ်သို့လိုက်ပို့ကြသည်။

သူ လေယာဉ်ပေါ် တက်ကာနီး ဖိုးကျော်က ...

"မင်း ... ဟန်နီ့ကို မေ့လိုက်တော့ သူငယ်ချင်း"

မေခက်တည်ကတော့ ...

"တက်ဝေ ... ရှင် ဟိုရောက်လို့ ဟန်နီနဲ့ပတ်သက်ပြီး တစ်ခုခု အကူအညီလိုရင် ပြောနော်၊ ကျုပ်ကူညီမယ်"

တက်ဝေ လေယာဉ်ပေါ် တက်ကာနီး လွမ်းမိသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ သဘောတက်သွားပြီး မကြာခင်မှာပဲ ဟန်နီတစ်ယောက် သူမနဲ့တွဲနေသော သဘောသားနှင့် လက်ထပ်သွားခဲ့သည်။

ဟန်နီတို့ရပ်ကွက်က လူတွေဟာ ကိုယ့်အဆင့်အတန်းအရ ဟိုတယ်မှာတက်ပြီး မင်္ဂလာဆောင်နိုင်သူ ရှားပါသည်။

သို့သော် ဟန်နီကတော့ ဟိုတယ်မှာ မင်္ဂလာဆောင်နိုင်ခဲ့သည်။ သူမတို့မင်္ဂလာပွဲမှာ မီးပြုတောင် ပန်းကြဲပေးခဲ့ရသေးသည်။

ပြေလည်မှုတွေ ဝန်းရံနေတော့ ဟန်နီ တစ်ယောက် တက်ဝေ ဆိုတာကို သတိတောင်မရတော့ပါ။ အစကတည်းက သူမက တက်ဝေကို ချစ်တာမှ မဟုတ်တာ။





သို့သော် ဟန်နီ့ပျော်ရွှင်မှုတွေက တာရှည်မခံပါ။ သူမလက်ထပ်ထားသော ယောက်ျားက တစ်ခုလပ် ဖြစ်နေသည်။ ပထမဇနီးနဲ့ တရားဝင် ကွာရှင်းပြီး လင်ခန်း မယားခန်း ပစ္စည်းခန်းပါ ခွဲခြမ်းစိတ်ဖြာထားသော်လည်း သူ့သားအတွက် ကလေးစရိတ်ကို လစဉ်ထောက်ပံ့ပေးရသည်။

သိုမျှမက ကလေးနေမကောင်း ဖြစ်တာတို့၊ ကလေးကစားကွင်းသွားချင်တာတို့ဆို သူက ကလေးဆီသွားသေးတာ။ ဟန်နီ ဒါတွေကို မသိဘဲ လက်ထပ်ခဲ့တာပါ။ သတင်းစာထဲမှာတောင် အကြီးအကျယ် ကြော်ငြာခဲ့သေးတာ။ ခုတော့ ...

တစ်စ တစ်စနှင့် ဟန်နီသည် ငွေကြေးတွေ ဝန်းရံခနေသော အိမ်ထောင်ရေးကို စိတ်ပျက်လာသည်။

အထူးသဖြင့် သူ့သားဆီ သူသွားတွေ့သည့် အချိန်တိုင်းပေါ့။

ထို့ထက်ပိုဆိုးတာက သူဟာ သူ့သားကို ချစ်လွန်းလို့ နောက်မိန်းမယူဖြစ်ရင်တောင် ကလေးမရနိုင်အောင်ဆိုပြီး သားကြောဖြတ်ထားခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီသည် တက်ဝေကို နှိပ်စက်ခဲ့သည့်ဒဏ်တွေများ ပြန်ခံစားရလေသလားဟု အလန့်တကြားတွေးမိသေးသည်။

တစ်စတစ်စနှင့် ဟန်နီသည် ပိုက်ဆံတွေ ဝန်းရံခနေပေမယ့် ပျော်ရွှင်မှုတွေတော့ ဆိတ်သုန်းလာခဲ့သည်။

သို့သော် ဟန်နီ့ခင်ပွန်းကတော့ ဟန်နီ့စိတ်ကို နည်းနည်းမှ ငဲ့ကြည့်ပေးခဲ့ပါ။ ဟန်နီ ဆိုတာ သူ့အတွက် အပျင်းပြေကစားစရာ အရုပ်တစ်ရုပ်ပမာ။





ဟန်နီ လက်ထပ်သွားခဲ့ပြီတဲ့။

မေခက်တည်က အကြောင်းကြားတော့ သူတော်တော် ကြေကွဲသွားသည်။

သူ့နှလုံးသားမှာ ပထမဆုံး အမြစ်တွယ်ခဲ့တဲ့ ပန်းကလေး။

သူ မြတ်မြတ်နိုးနိုး ချစ်ခဲ့ရတဲ့ မိန်းကလေး။

ခုတော့ သူတစ်ပါးရင်ခွင် ခိုဝင်ပြီပေါ့။ သူမကလေးနဲ့ လမ်းခွဲကတည်းက ဆုံးရှုံးမှုကို လက်ခံထားပြီးသားပေမယ့် ခုလို တိတိလင်းလင်း လက်ထပ်သွားခဲ့ပြီဆိုတော့ နှလုံးသားက ကြီးကြီးမားမားကို ဟာသွားသည်။

သူမသည် သူ့အတွက် ရည်းစားဦးမဟုတ်။ အချစ်ဦးသာ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ဦးတည်းသော ချစ်သူလည်း ဖြစ်ခဲ့သည်။

ထိုနေ့က တော်တော်ကြေကွဲရသည်။ ဂျူတီချိန်ပြီးတော့ အရက်ကို အမူးအရူး သောက်ပစ်လိုက်သည်။

သို့သော် ...

မူးလေလေ သတိရလေ ပိုရူးရလေပါပဲ။ မြင်မြင်ရာမှာ ရေပဟ်လည်ဝိုင်းနေတဲ့ သဘော်ပေါ်မှာ သူ အသည်းကွဲနေသော်လည်း ရက်စက်ခဲ့သူ မိဟန်နီကတော့ အပျော်လွန်ပြီး သိမှာမဟုတ်ပါဘူးလေ။





ဟန်နီ့ကို မေ့ပျောက်နိုင်အောင် ကြိုးစားရင်း သူမြန်မာပြည်ကို တော်တော်နှင့် မပြန်ဖြစ်တော့။

သို့သော် မေခက်တည်နှင့်တော့ အဆက်အသွယ်မပြတ်။

သူရောက်ရာအရပ်မှ မေခက်တည်ကို ဆက်သွယ်မြဲပါ။

မေခက်တည်နဲ့ သူ့အိမ်ကို လက်ဆောင်တွေပုံမှန်ပို့မြဲပါ။

တစ်ခါတစ်ရံ သူ ဟန်နီ့ကို သတိရပြီး အသည်းကွဲသီချင်းတွေဆိုရင် သူနဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကိုနိုင်ကလည်း ဆွေးဆွေးမြည့်မြည့် လိုက်ဆိုတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင့်ဘဝကျတော့ တစ်မျိုးသနားစရာပါ။ ကိုနိုင်က လက်ထပ်ပြီး ရက်ပိုင်းအတွင်းမှာပဲ သဘောတက်လာရသူပါ။

သို့သော် အိမ်ထောင်သည်ပေါက်စဆိုတော့ အနောက်ဘက်မျှော်လင့်ချက်တွေနဲ့ ရသမျှစုကာ မုန့်မုန့်နွေးနွေး ဇနီးသည်လေးဆီ ပို့လိုက်ရတာ။ သူ့မှာတော့ သွားတိုက်ဆေးဝယ်တာ၊ ချင်းဂန်းစားတာကအစ စာရင်းလေး တတိုတိုနှင့်။

စာချုပ်စေ့လို့ အိမ်ပြန်သွားတော့ ဇနီးသည်က နှလုံးထိရှုံးကာ ကြေးပတ်လည်ဝိုင်းနေသည့်အဖြစ်။

ဒီလိုနဲ့ နောက်တစ်ပတ် သဘောအမြန်တက်ဖို့ ပြင်ဆင်ရပါလေရော။

ဒီတစ်ခါတော့ မိန်းမကို နှစ်လုံးထိမထိုးတော့ဖို့ ကတိတွေ အထပ်ထပ်တောင်းခဲ့တာပေါ့။

သူ့မိန်းမက သူ့စကားနားထောင်ရှာပါတယ်။ လုံးဝ နှစ်လုံးထိမထိုးတော့ဘူး။ သို့သော် ...

သူပို့ပေးသော ပိုက်ဆံတွေနဲ့ ဆံပင်တွေဖြောင့်လိုက် ကောက်လိုက်၊ ရှော့ပင်ထွက်လိုက်၊ ဝယ်လိုက်ခြမ်းလိုက်၊





စားလိုက်သောက်လိုက်နဲ့။ မကြာပါဘူး။ သူ့မိန်းမ ကောင်လေးတစ်ယောက်နဲ့ တွဲမိသွားသတဲ့။

အဲဒါကို သူ့အမျိုးတွေက မကျေနပ်လို့ ကိုနိုင့်ကို လှမ်းပြောကြတော့ ကိုနိုင် ပိုက်ဆံမပို့ရဲတော့ဘဲ ရှိတဲ့ပိုက်ဆံကို ချုံခြိုကျစ်လစ်နေအောင် သိမ်းဆည်းထားရတော့တယ်။ ပြန်မှပဲ ပေးသွားမယ်ပေါ့။

သို့သော် သူ့ပိုက်ဆံမပို့တော့ သူ့မိန်းမဆီက ရာဇသံရောက်လာသည်။

ငွေမပို့လို့ စိတ်ဆိုးသည့်အကြောင်း။

သူ့မိန်းမ စိတ်ကောက်တာကို မခံနိုင်သော ကိုနိုင်က စုဆောင်းထားသမျှ ပို့ပေးလိုက်ပြန်တာပဲ။ မယားပြောတော့ ... လေး။

သူ ပိုက်ဆံလွှဲလိုက်တာဟာ သူ့ရဲ့မဟာကံဆိုးမှု ဖြစ်သွားသည်။

သူ့မိန်းမက နောက်ယောကျ်ားနောက် လိုက်သွားသည်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်မှာ ရှက်လည်းရှက်။ ယူကျုံးမရလည်းဖြစ်ကာ မြန်မာပြည် မပြန်ဖြစ်တော့ဘဲ သင်္ဘောပေါ် အရိုးထုတ်နေဖြစ်သူပါ။

"မိန်းမဆိုတာ မရှိမကောင်း၊ ရှိမကောင်းဗျ။ မရှိတော့လည်း မကောင်းဘူး။ ရှိတော့လည်း ကောင်းကျိုးမပေးပါဘူးဗျာ"

ဒါကို ကိုနိုင်ရဲ့လက်သုံးစကားပါ။ ဒီလိုနဲ့ ကိုနိုင်နဲ့ တက်ဝေ တွဲဖက်ဖြစ်နေကြသည်။

တက်ဝေကလည်း သူ့အကြောင်းတွေ ကိုနိုင့်ကို ရင်ဖွင့်ဖြစ်သည်။

ဒီလိုနဲ့ ကိုနိုင်နဲ့ တက်ဝေတို့ သောက်ဖော်သောက်ဖက် ဖြစ်ကြပြန်ရော။

တက်ဝေက မေခက်တည် အကြောင်း ပြောပြတော့...

"အဲဒီကောင်မလေးကို မင်း လက်ထပ်ရင် မင်းအတွက် စိတ်ချမ်းသာမှာပဲ။ လောကကြီး သာယာအေးချမ်းဖို့က





နားလည်မှုရှိဖို့ပဲ လိုတာဗျ။ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာတဲ့။ အချစ်ဆိုတာ အင်မတန်ပူတဲ့ အမျိုးဗျ။ နားလည်မှုရှိတဲ့ အခါကျတော့ ပဋိပက္ခတွေ မဖြစ်တော့ဘူးပေါ့ဗျာ။ စဉ်းစားပေါ့ဗျာ။ ခင်ဗျား မိန်းမတစ်ယောက်ကို မဖြစ်မနေ လက်ထပ်တော့မယ်ဆိုရင် ခင်ဗျားအပေါ် နားလည်မှုရှိတဲ့ မိန်းမကိုပဲရွေး"



www.burmeseclassic.com

www.burmeseclassic.com



သူ သဘော်တစ်ခေါက် ပြန်ဆင်းလာတော့ မေခက်တည်ကို လက်ထပ်ခွင့်တောင်းဖြစ်သည်။

"ဟက်ပေ ... ယူ ဘာတွေ ဖောက်ပြန်တာလဲ။ ဘိုက သူငယ်ချင်းတွေလေ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေ လက်မထပ်ရဘူးလို့မှ မရှိဘဲ။ ကိုယ် မင်းအပေါ် နားလည်ပေးနိုင်သလို မင်းကလည်း ကိုယ့်အပေါ် နားလည်ပေးနိုင်တယ်လေ၊ အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ နားလည်မှုက အရေးကြီးဆုံးပဲမို့လား"

"ယူပြောတော့လည်း ဟုတ်သလိုပဲ၊ ဒါပေမဲ့ အချစ်မပါတဲ့ အိမ်ထောင်ရေးက တာရှည်ခံပါ့မလား"





"ဩော် ... မေခက်တည်ရယ်၊ ကိုယ်တို့က ဆယ်ကျော်သက်တွေမှ မဟုတ်တော့တာကွာ၊ အချစ်ကို အရှူးအမူး ကိုးကွယ်ရမယ့်အရွယ်တွေ ကျန်ခဲ့ပြီ ငါ့သူငယ်ချင်းရဲ့"

"အဟီး ... ငါလည်း ကြားဖူးတာ ပြောရတာလေ။ တကယ်ဆိုရင် ငါချစ်သူကိုပဲ လက်ထပ်ချင်တယ်ဟာ၊ ယူလည်း ဟန်နီ့ကိုပဲ လက်ထပ်ချင်မှာပဲနော်"

"တစ်ခါတလေတော့လည်း ဖြစ်ချင်တာတွေက မဖြစ်နိုင်တော့ဘူးလေဟာ၊ မေခက်တည် စိတ်ကူးမလွဲနဲ့နော်၊ နင့်အပေါ် ငါ့လောက်နားလည်ပေးနိုင်တဲ့သူရှိမှာ မဟုတ်ဘူး"

"အောင်မယ် ... လာသေးတယ်၊ ဟင်း ..."

"ဟား ဟား ... နင် လက်ခံတယ်ဆိုရင် ငါ့မိဘတွေခေါ်ပြီး သမီးလာတောင်းလိုက်တော့မယ်"

"နေပါဦးဟာ၊ နင် ဒီတစ်ခေါက် သဘော်ဆင်းလာပြီး စာမေးပွဲဖြေမှာမို့လား၊ ပြီးရင် သဘော်ပြန်တက်မှာမို့လား"

"အင်းလေ ... ဒါပေမဲ့ စာမေးပွဲဖြေဖို့ရက်က လိုသေးတယ်ဟာ၊ ဟဲ ... ဟဲ ... မိန်းမ အရင်ယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်စုတ်"

ဒီလိုနဲ့ပဲ သူတို့တွေ လက်ထပ်ကြဖို့ ဆုံးဖြတ်ဖြစ်သွားတယ်။ မိဘတွေကလည်း သဘောတူကြပါတယ်။ မေခက်တည်တို့ဘက်က ပိုပြီးချမ်းသာပေမယ့် မာန်မာနမရှိကြ။ ကြည်ကြည်ဖြူဖြူပဲ သဘောတူကြတယ်။

ဒီလိုနဲ့ သူတို့မင်္ဂလာပွဲ စီစဉ်ဖြစ်သွားကြတယ်။ အရင်ဆုံး ဟိုတယ်တွေမှာ ရက်လိုက်ယူရတယ်။

တက်ဆဲ ရာလာတဲ့ပိုက်ဆံက ဟိုတယ်မှာ မင်္ဂလာဆောင်ဖို့အတွက် ကောင်းကောင်းကြီးကို လုံလောက်တယ်လေ။

တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြသဖြင့် မင်္ဂလာပွဲအတွက် စီစဉ်ရတာလည်း စိတ်ချမ်းသာကြတယ်။

တက်ဆေက အရာရာကို မေခက်တည် စိတ်တိုင်းကျလိုက်လျောတတ်တယ်လေ။

မေခက်တည်ကလည်း တစ်ဖက်သတ် ကိုယ်လုပ်ချင်ရာ လုပ်တာမျိုးမရှိ၍ သူတို့နှစ်ယောက် အပေးအယူမျှကြတယ်။





မိဘတွေကလည်း တပြုံးပြုံးနဲ့ ပျော်နေကြသည်။

ဖိုးကျော်က သတို့သားအရန်။ သတို့သမီးအရံက မေခက်တည်သူငယ်ချင်း။

အရေးထဲ ဖိုးကျော်က သူနဲ့တွဲရမယ့် သတို့သမီးအရန်လှ၊မလှ မေးနေသေးတယ်။

ကံမကောင်းချင်တော့ သတို့သမီးအရန်က စေ့စပ်ထားပြီးသား ဖြစ်နေတယ်လေ။

ဟန်နီလည်း သူတို့မင်္ဂလာပဲသတင်းကို ကြားပါတယ်။ တစ်ရပ်ကွက်တည်းကို။

တစ်ရပ်ကွက်တည်းဆိုတာက ဟန်နီ့မိဘတွေအိမ်နဲ့ပြောတာပါ။ ဟန်နီကတော့ မြို့ထဲက အဆင့်မြင့်ကွန်ဒိုကြီးတစ်ခုမှာနေတာ။

မိဘတွေ အိမ်ပြန်ရင်း ကြားခဲ့ရတာပါ။ တက်ဝေက သူရှာလာသောပိုက်ဆံနဲ့ မေခက်တည်ကို ဟိုတယ်မှာ မင်္ဂလာဆောင်ပေးသတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်ထဲရောက်လာသော ကံကောင်းခြင်းတွေကို တစ်စစီ ချေမွပစ်ခဲ့သူဖြစ်၏။

တက်ဝေလို ငံ့ထားမတတ် ချစ်သောလူနဲ့သာယူဖြစ်ခဲ့ရင်ဟု အကြိမ်ကြိမ် တွေးနေမိသည်။



BURMESE CLASSIC .com



တက်ဝေသည် မေခက်တည်ကို လက်ထပ်မည်ဟု စဉ်းစားကတည်းက မေခက်တည်အပေါ် ဂရုတစိုက်ရှိလှပါသည်။

သူ၏စိတ်ကိုက အားနဲ့သူမိန်းမသားအပေါ် ညှာတာချင်စိတ် ရှိခဲ့တာလေ။

ထို့အတွက် မေခက်တည်က သူနဲ့လက်ထပ်ရခြင်းအပေါ် ကျေနပ်ခဲ့ပါသည်။

မေခက်တည်က သူ့ကိုစတွေ့ကတည်းက သူ့စိတ်ကလေးကို သဘောကျခဲ့တာလေ။

ကော်ဖီဆိုင်ထဲမှာ သူမက တက်ဝေတို့အတွဲနဲ့ ကျောချင်းကပ်ထိုင်နေတာမို့ သူတို့အတွဲ ပြောနေတာကို တကူးတက နားမထောင်ပါဘဲ နားထဲ အလိုလိုဝင်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေကို သူတောင်းစားလုပ်ခိုင်းနေသော ကောင်မလေးကိုမြင်တော့ မေခက်တည်ရဲ့ချစ်သူကို သွားသတိရပြီး တော်တော်ကိုယ်ချင်းစာမိသွားသည်။

ချစ်လို့လိုက်လျောတဲ့အပေါ် အခွင့်အရေး ယူတတ်သော ကောင်မလေးကိုလည်း တော်တော်အမြင်ကတ်သွားသည်။

ထိုကောင်မလေးကြောင့်ပဲ သူမ တက်ဝေကို ပိုပြီး သတိထားမိသွားကာ ပိုက်ဆံတစ်ထောင် သွားထည့်လိုက်ပါသည်။

ခုတော့ ဟန်နီ ဆိုသော ကောင်မလေးကြောင့်ပဲ သူမနဲ့ တက်ဝေတို့ လက်ထပ်ဖြစ်ကြတော့မည်။

ဘာပဲဖြစ်ဖြစ် တက်ဝေလို ယောကျ်ားမျိုးနဲ့ လက်ထပ်ခွင့်ရတဲ့အတွက် ကျေနပ်ပါသည်။

သူမကလည်း တစ်ဦးတည်းသော သမီး။

တက်ဝေကလည်း တစ်ဦးတည်းသောသား။

သို့သော် တက်ဝေတို့က တိုက်ခန်းလေးနဲ့နေတာ ဖြစ်ပြီး သူမတို့ကတော့ ခြံဝင်းကျယ်ကျယ် နှစ်ထပ်ခွဲတိုက်ကြီးနဲ့ နေတာမို့ သူမတို့အိမ်မှာပဲနေဖို့ အားလုံးက သဘောတူကြပါသည်။





ဟန်နီးမွန်းက ဗန်ကောက်ကို ထွက်ကြမည်။

အချစ်မပါတာကလွဲရင် အစစအရာရာ အဆင်ပြေပါသည်။ ပြီးတော့ ပျော်လည်း ပျော်ရွှင်ပါသည်။

တက်ဝေတို့ ဟန်နီးမွန်း ဗန်ကောက်ကိုသွားမည့် အကြောင်း ဖိုးကျော်က ရပ်ကွက်ထဲမှာ သတင်းဖြန့်သည်။

တခြားကြောင့်တော့ မဟုတ်ပါ။ ဟန်နီ သိစေချင်၍ ဟန်နီ့ကိုအမြင်ကတ်၍ပါ။

တစ်ချိန်က တက်ဝေကို ငပေါထင်ခဲ့ကြသော ရပ်ကွက်ထဲကလူတွေကလည်း တက်ဝေကို အထင်ကြီးကုန်ကြပြီ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဟန်နီ ဆွေ့ဆွေ့ခုန်နေပါသည်။ တက်ဝေတို့ ဟန်းနီးမွန်းက ဗန်ကောက်တဲ့လေ။

သူမတုန်းက ဘယ်ကိုမှ ဟန်းနီးမွန်း မထွက်လိုက်ရ။

ကိုကိုက သူ့မယားကြီးနဲ့တုန်းက ဟန်းနီးမွန်းသွားဖူးသတဲ့။

ဒါက ဒုတိယအိမ်ထောင်ဖြစ်တဲ့အပြင် အသက်တွေလည်း ကြီးလာပြီမို့ မသွားချင်တော့ပါတဲ့။

သွားချင်ရင်တော့ ဟန်းနီးမွန်း မဟုတ်ပဲ သူ့သားပါခေါ်ပြီး အပျော်ခရီးထွက်မတဲ့။





သူ့သားပါပြီး မသွားချင်သဖြင့် ဟန်နီ ဘယ်မှမသွားလိုက်ရတော့။

ခုတော့ ဘာစ်ချိန်ကချစ်သူ တက်ဝေက ဟိုတယ်မှာ လက်ထပ်ပြီး ဗန်ကောက်တောင် ဟန်းနီးမွန်း ထွက်ဦးမတဲ့။

ရင်ထဲမှာ နာမြောတသစိတ်နဲ့ ယူကျုံးမရ။

ဟန်နီ့ရဲ့အိမ်ထောင်ရေးကို စိတ်တိုင်းမကျလေ တက်ဝေကို နှမြောလေပါပဲ။

ကိုကို့ကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ်ဘူးလေ။ ခုချိန်မှာ သူမ မချစ်ခဲ့ဘူးလို့ ထင်ခဲ့တဲ့ တက်ဝေကိုပဲ သတိတွေရနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေတို့ လက်ထပ်ပွဲကြီး စည်စည်ကားကားနဲ့ ပဲ ပြီးဆုံးသွားသည်။

ဖိုးကျော်တို့က အိမ်ကိုအရင်ကြိုပြေးကာ ကြိုးတားကြသည်။

"လင်းတ ... ဝိုင်းပြီးသိမ်းဖို့တော့ မစဉ်းစားဘူး၊ ကြိုးတားဖို့ ပြန်ပြေးရတယ်လို့"

တက်ဝေမှာ သတို့သားတန်မဲ့ လက်ဖွဲ့ပစ္စည်းတွေ ကားပေါ်သိမ်းကျုံးတင်နေသည်။

"တက်ဝေရယ် ... ထားလိုက်၊ ဟိုမှာ တို့ အလုပ်သမားတွေရှိတယ်၊ သူတို့သိမ်းဆည်းပြီး လာပို့လိမ့်မယ်။ ယူ စိုးရိမ်မနေနဲ့၊ တို့အိမ်ပြန်ကြမယ်၊ မိဘတွေလည်း ကန်တော့ရဦးမှာ"





"အေးပါကွာ"

အိမ်ရောက်တော့ ကြိုးတားတဲ့သူတွေက မနည်း။ ထိပ်ဆုံးမှာ ဖိုးကျော်၊ ပြီးတော့ မေခက်တည်ရဲ့ အမျိုးတွေ၊ မေခက်တည်ရဲ့ သူငယ်ချင်းတွေ၊ မေခက်တည်ဆိုင်က ဝန်ထမ်းတွေ။

ကြိုးတံတားပြီးတော့ အခန်းဖွင့်ပေးမှ အဝတ်အစားဝင်လဲကာ မိဘတွေ ကန်တော့ရသည်။

ပြီးတော့ ညဘက်မှာ ဒင်နာကိုတော့ ဆိုင်မှာပဲ ရင်းနှီးသူတချို့ကို လိုက်ကျွေးဖြစ်သည်။

ဒီလိုနဲ့ သူတို့တွေ ဇနီးမောင်နှံ ဖြစ်သွားကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ အရာရှိစာမေးပွဲအောင်သောနေ့။

"ဟဲလို ... မိန်းမရေ။ ငါ အောင်တယ်ဟ"

"ဟုတ်လား။ ကောင်းတာပေါ့။ ကျုပ်လည်း ဝမ်းသာပါတယ်၊ ကဲ ... စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ ဘာလုပ်ချင်လဲ။ ဘာလိုချင်လဲပြော"

"ဘာမှမလိုချင်ပါဘူးကွာ၊ ကလေးမှ မဟုတ်တာ။ အရာရှိဖြစ်ပြီဆိုတော့ ပိုက်ဆံပိုရှာနိုင်ပြီ၊ မိန်းမကို ပိုက်ဆံများများ ပို့နိုင်တာပဲ၊ ဝမ်းသာလှပါပြီ"

"ငွေရေးကြေးရေးက အဲလောက် အရေးမကြီးပါဘူး ယောက်ျားရယ်၊ အဓိက အိမ်ထောင်ရေး အဆင်ပြေဖို့ပဲ လိုတာ"





"အင်း ... ဒါလည်း ဟုတ်ပါတယ်လေ"

"ယောက်ျား"

"ဟာ"

"ယောက်ျားစာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ ကလေးလေးတစ်ယောက် လက်ဆောင်ပေးရမလား"

"ဟမ်"

"ကလေးမလိုချင်ဘူးလားလို့"

"ဟာ ... မိန်းမ၊ တကယ်ကြီးလား"

"တကယ်ကြီး မဟုတ်ဘူး၊ တကယ်လေး"

"ဟာ"

တက်ဝေ ဘာပြောရမှန်း မသိဘဲ ကြောင်အမ်းအမ်းကြီးဖြစ်နေသည်။ ရင်တွေလည်း ခုန်နေသည်။

"ယောက်ျား ... ဟဲလို"

"မိန်းမ ... ငါ ... ငါ ရင်ထဲ ဘယ်လိုကြီးမှန်း မသိဘူး၊ ရင်တွေခုန်နေသလိုပဲ။ ငါ ... အဖေ ... ကလေးအဖေ ဖြစ်ရတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ယောက်ျားရဲ့"

"ဟား ... ဟား ... ပျော်စရာကြီးလား မသိဘူး၊ မိန်းမ
နေကောင်းလား"

"ကောင်းတယ်"

"အေး ... ငါ အခုပဲ လာခဲ့မယ်၊ သိလား"

"**Yes Sir**"

တက်ဝေ သူမဆိုင်ကို အမြန်ပြေးသွားမိသည်။ သူ့
ရဲ့ဇနီးလေးက မခို့တရို့ ရက်ပြုံးလေးနဲ့။

"မိန်းမ"

"ယောက်ျား ... ရှင့်ကြည့်ရတာ သိပ်မပျော်သလိုပဲနော်။
အင်းလေ ဟန်နီနဲ့ရတဲ့ကလေး ဆိုရင်တော့ ရှင်ပျော်မှာ
ပေါ့"

"မဟုတ်ဘူး မိန်းမရဲ့၊ ကိုယ်ပျော်တယ်၊ ပျော်တာထက်
ရင်တွေခုန်ပြီး ရင်ထဲ ဘယ်လိုကြီးမှန်း မသိဘူး ဖြစ်နေတာ"

"ရှင် ရပ်ရှင်တွေထဲကလို နုန်ပေါက်ပြီး မပျော်ဘူးလေ"





"မဟုတ်ပါဘူး မိန်းမရယ်၊ ပျော်ပါတယ်ဟာ။ အဲလိုခုန်
ပေါက်ပြီး ပျော်ရတာလား ... အယ်း၊ ငါ အဲလိုကြီးပျော်
တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်
နေတာဟာ၊ ငါ ... ငါ မပြောပြတတ်ဘူးဟာ"

မခက်ဆာည်က ရယ်နေသည်။

"စတာပါ ယောက်ျားတယ်၊ တကတဲ"

"ဘယ်နလရှိပြီလဲ"

"ဘယ်သိမလဲ၊ ခုမှ ဆီးစစ်ကြည့်ထားတာ၊ ဆရာဝန်သွား
ပြကြည့်ရဦးမှာ"

"အေး ... OG နဲ့ ပြရမယ်မို့လား၊ အမေတို့ကို ပြောပြီး
ပြီလား"

"မပြောရသေးဘူးလေ၊ ဆရာဝန်ပြပြီး သေချာပြီဆိုမှ
ပြောရမှာ"

"အေး ... ဟုတ်တယ်၊ ဒီညနေ ဆရာဝန်သွားပြစို့ ...
အယ်း"

"ဘာဖြစ်နေတာလဲ ပြုံးစိစိနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးလေးပဲ မိန်းမရဲ့ပျော်တော့ ပျော်စရာလေး။ ကိုယ်နဲ့တူတဲ့ သားလေး မွေးပေးနော်"

"ဒါပေါ့ ယောက်ျားရဲ့၊ သားလေးပဲဖြစ်ဖြစ် သမီးလေးပဲဖြစ်ဖြစ် ချစ်ရမယ်နော်"

"Yes"

* * *





မေခက်တည်မှာ ကိုယ်ဝန်ရှိလာတော့ အရင်ကထက်ပိုပြီးဂရုစိုက်သည်။

"ယောက်ျားရေ" ဆိုတာနှင့် ရေယူလာပြီးသား။ ကလေးလေး စိတ်ဓာတ်ကောင်းပြီး ရတနာသုံးပါး ကိုးကွယ်ခြင်းကို ကျင့်သားရအောင်ဆိုပြီး တရားခွေတွေ အမြဲဖွင့်နားထောင်နိုင်းတတ်သည်။

ကလေးလေးက သန္ဓေကောင်းပါသည်။ မေခက်တည်မှာ တခြားကိုယ်ဝန်ဆောင်မိခင်တွေလို ပျို့ခြင်း၊ အန်ခြင်း၊ မူးဝေခြင်း အလျဉ်းမရှိဘဲ ပကတိကျန်းမာနေသည်။

OG ပြပြီး OG ညွှန်ကြားသည့်အတိုင်း ဆေးသောက်ရသည်။ ကိုယ်ဝန်ဆောင်အားဆေး။ ကလေးဉာဏ်ကောင်းစေဖို့ Folic Acid စသဖြင့် ဆေးသောက်ရခြင်းပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိမှ ပိုပြီးဝလာကာ ပိုလည်းလှလာသည်။ စိတ်ကချမ်းသာတာကိုး။

တက်ဝေကလည်း မွေးမည့်ရက်မတိုင်ခင် သင်္ဘော ပြန်တက်ဖို့ရှိတာကို ရွှေ့ဆိုင်းထားလိုက်ရသည်။

တက်ဝေက မေခက်တည် ချောချောမောမောမွေး ဖွားပြီးမှပဲ သင်္ဘောပြန်တက်ဖို့ ဆုံးဖြတ်သည်။

ထို့အတွက် မေခက်တည်ကလည်း ကျေနပ်ပျော်ရွှင် ရပါသည်။ ဘယ်သူမဆို ကလေးမွေးသည့်အချိန် ခင်ပွန်းသည်ကို အနားမှာရှိစေချင်မှာပဲလေ။ ဒါကကို ကိုယ့်အတွက် အားတစ်ခုပဲ မဟုတ်လား။

ကိုယ့်မိခင်နဲ့ ကိုယ့်ခင်ပွန်းကိုတ,ရင်း ကလေးမွေး တတ်ကြတာ မိန်းမသားတွေရဲ့သဘာဝပဲလေ။

မေခက်တည် ကိုယ်ဝန်ကြီးနဲ့ တက်ဝေတို့ရပ်ကွက် ထဲသွားတော့ ရပ်ကွက်ထဲမှာ သတင်းပျံ့သွားပြီး ဟန်နီပါ သိ သွားသည်။





ခင်ပွန်းသည်က သားကြောဖြတ်ထားသဖြင့် သား သမီးမရနိုင်သော ဟန်နီသည် မေခက်တည်အပေါ် ကြီးစွာသော မနာလိုခြင်း ဖြစ်မိသည်။

သူမပိုင်ဆိုင်သင့်သော အရာတွေကို လုယူသော မိန်းမအဖြစ်လည်း မုန်းတီးမိသည်။

ခင်ပွန်းဖြစ်သူကို မကျေနပ်တိုင်း မေခက်တည်ကို မုန်းတီးနေမိသည်။

လူတစ်ယောက်ရဲ့ကံကြမ္မာသည် ထိုသူ၏စိတ်ထား အပေါ်တွင် မူတည်ကြောင်းကိုတော့ ဟန်နီ မေ့နေခဲ့သည် ထင် ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲနေသော ခင်ပွန်းဖြစ်သူကိုကြည့်ကာ ...

"ကိုကို ... ဒီနေ့ အားတယ်ဆို၊ ဘယ်သွားမလို့လဲ"

"သားလေ ရေကူးသင်ချင်တယ်ဆိုလို့ မနက် မနက်တွေ သားကို ရေကူးသင်တန်း လိုက်ပို့ပေးမလို့ ဟန်နီရဲ့"

"ကိုကို ... ကိုကိုနဲ့ ကိုကို့သား အဲလိုသွားနေတိုင်း ဟန်နီ အထီးကျန်နေမယ်ဆိုတာ ကိုကို မသိဘူးလား"

"ခက်တာပဲ၊ မင်းကိုခေါ်တော့လည်း မင်းမှ မလိုက်တာ။ မင်းက ကိုယ့်သားနဲ့ဆို ဘယ်လမ်းမှ မသွားချင်ဘူးလေ။ မင်းမလိုက်ရတော့လည်း ဂျီကျတယ်။ မင်းက ဘယ်လို မိန်းမလဲကွာ"





"ကိုကို ဘယ်လိုပြောလိုက်တာလဲ။ ဟန်နီလည်း ကိုကို့ ရင်သွေးကို မွေးချင်တာပဲ။ ဟန်နီကိုယ်တိုင်မွေးတဲ့ သားကို လိုချင်တာပဲ။ ကိုကို ဟန်နီ့ဘက်ကျတော့ ထည့်မစဉ်းစားဘူးမို့လား"

"အဲဒီအတွက် ကိုယ်လည်း မင်းကိုအားနာပါတယ်ကွာ။ တကယ်ပါ။ ဒါပေမဲ့ ဟန်နီရယ် ... အဲဒါတွေက ပြန်ပြီး လုပ်ယူလို့မှ မရတော့တာကွာ။ ဟန်နီ ခုလို မကျေမနပ် ဖြစ်မယ့်အစား ကိုယ့်သားကိုပဲ ဟန်နီ့သားလို သဘောထားပေးလိုက်ရင် အိုခေသွားမှာ"

"သွား ... သွား ... ရှင်သွားတော့၊ ရှင်ထွက်သွားလိုက်တော့"

"သွားဆိုလည်း သွားပါ့မယ်ကွာ။ ဟန်နီ ဘယ်သွားချင်လဲ စဉ်းစားထားလေ။ ကိုယ်ပြန်လာရင် လိုက်ပို့မယ်၊ ဟုတ်ပြီလား"

ကျောခိုင်းသွားသော ကျောပြင်တစ်ခု။ ဟန်နီနဲ့ မတွေ့ခင်ကတည်းက သူ့မှာ သားတစ်ယောက် ရှိနေခဲ့ပြီး ဟန်နီနဲ့ လက်မထပ်ခင်ကတည်းက သားကြောဖြတ်ထားတဲ့သူကို ဟန်နီက ဘယ်လိုစွပ်စွဲချက်တွေ တင်ရမလဲ မသိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီနဲ့ သူ တကျက်ကျက် ဖြစ်ရတဲ့ ရန်ပွဲကလေး တွေကတော့ မနည်းတော့ဘူး။

အထူးသဖြင့် ဖြစ်သမျှ ရန်ပွဲတိုင်းဟာ သူ့သားနဲ့ တစ်နည်းမဟုတ် တစ်နည်းတော့ ပတ်သက်နေတာချည်းပဲ။

ထို့အတွက် ဟန်နီက လင်ပါသားကို မုန်းနေမိသည်။

ဟန်နီကသာ မုန်းနေတာ။ ခနစ်နှစ်အရွယ် ကလေး ငယ်လေးကတော့ ဘာမှသိမှာမဟုတ်ပါ။

သူတို့သားအဖကြားကို တွန်းပို့လိုက်တဲ့ ဟန်နီရဲ့ ကံကြမ္မာကို ဟန်နီ အပြစ်တင်ရမှာပါ။

တကယ်တော့ ကိုကိုနဲ့လက်ထပ်ဖြစ်တာဟာ မေ ခက်တည်ကြောင့်ပါ။

မေခက်တည်နဲ့ တက်ဝေ တွဲနေတာကို မခံချင်ဖြစ် ပြီး သူမလည်း ကိုယ်ပိုင်ကားနဲ့ ကိုကို့ကို စ,ပြီးရေလာမြောင်းပေး လုပ်ခဲ့တာ မဟုတ်လား။

အရင်းစစ်လိုက်ရင် မေခက်တည်မှာ အပြစ်ရှိနေ သည်။





သူမ ကိုကို့လို ကလေးတစ်ယောက် အဖေနဲ့လက် ထပ်ဖြစ်တာဟာ မေခက်တည်ကြောင့်ပင်။

မေခက်တည်သည် သူမနဲ့ တက်ဝေ မပြတ်ခင်က ပင် တက်ဝေနားကို စတင်ချဉ်းကပ်လာသူဟု သူမယူဆခဲ့သည်။

တက်ဝေရဲ့ခွက်ထဲကို ပိုက်ဆံတစ်ထောင်ထည့်သွား ကတည်းက ဇာတ်လမ်းစခဲ့တာဖြစ်သည်။

တက်ဝေနဲ့ သူ မပြတ်ကတည်းက မေခက်တည်က တက်ဝေဆီကို ရောက်ခဲ့တာဖြစ်၏။

သူမကြောင့် တက်ဝေကို ဟန်နီ ပြန်ဆက်သွယ် တော့ ဟန်နီ့ကို ချစ်လှပါရဲ့ဆိုသော တက်ဝေသည် ဟန်နီ့ဆက် သွယ်မှုကို ဥပေက္ခာပြုသွားခဲ့တာပင်။

ဒီနေ့ ဟန်နီ စိတ်ဒုက္ခရောက်နေရတာသည် မေခက် တည်ကြောင့် ! ။



www.burmeseclassic.com

ဟန်နီနဲ့ ကိုကို ဆယ့်ကိုးလမ်းမှာ ထမင်းသွားစားရင်း မေခက်တည်နဲ့ တက်ဝေကို တွေ့ရတယ်။

ဗိုက်ကြီးနဲ့ ကော့ပက်ပက်ကြီးဖြစ်နေတဲ့ မေခက်တည်ကို ယုယဖက်ပွေ့ပြီး ဂရုစိုက်နေတဲ့ တက်ဝေကိုတွေ့ရတော့ ငိုချင်သွားတယ်။

စားစရာတွေ တစ်ခုပြီးတစ်ခုကို ခွဲ့ကျွေးနေတာ။ ဟိုမိန်းမ လက်မပါဘူးလားမသိ။

“ဟန်နီ ဘာဖြစ်နေတာလဲ”

“ဟင် ... ဘာမှမဖြစ်ပါဘူး ကိုကိုရဲ့။ ဩော် ... ကိုကို ဟန်နီ့ကို အခေါက်ကင်ခွံ့ကျွေး”





“လူကြားထဲမှာ ခွံ့ကျွေးစရာလားကွာ။ ဟန်နီက ဟာသပဲ ဟား ... ဟား၊ ကဲ ... စား ... စား”

ပြောလည်းပြော။ သူ့ဘာသာလည်း စာရင်းရယ်နေသော ကိုကို့ကို တော်တော်အမြင်ကတ်သွား၏။

တက်ဝေကတော့ မေခက်တည် ပါးစပ်ကို တစ်ရှူးနဲ့ သုတ်ပေးနေသည်။

မြင်ကွင်းက ဟန်နီ့စိတ်ကို အပ်နဲ့ဆွနေသည်။ စားပြီးတော့လည်း ဖေးဖေးမမနဲ့ ဖက်ပွေ့ပြီး ခေါ်သွားသည်။

“ဘာလဲ ဟန်နီက အားကျနေတာလား”

“အားကျတာထက် မနာလိုတာက ပိုများမယ်ထင်တယ်”

“ဆောရီးပဲကွာ၊ ကိုယ်ကတော့ မဖန်တီးပေးနိုင်တော့ဘူး”

“အဲဒီအတွက် ကိုကို ဟန်နီ့ကို ဘာပြန်လုပ်ပေးမှာလဲ”

“ကိုယ် ဟန်နီ လိုချင်တာတွေ ဖြည့်ဆည့်ပေးထားတယ်လေ။ ကွန်ဒိုခန်းမှာ ဘားတယ်၊ စီးစရာကားရှိတယ်၊ ဘဏ်စာအုပ်ရှိတယ်”

“တကယ်တမ်းကျတော့ အဲဒါတွေက အရေးမပါဘူး ကိုကိုရဲ့”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ပထမဇနီးကတော့ အဲဒါတွေက အရေးကြီးတယ်လို့ ပြောဖူးတယ်ကွ။ ထားပါ။ ဟန်နီ … ကိုယ် နောက်လထဲ ပြန်တက်ရမယ်ထင်တယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ဟန်နီ့သူငယ်ချင်းကို ခေါ်ပြီးနေရင်နေလေ"

"ရပါတယ် ပူမနေပါနဲ့"

"ပူတော့ ပူတာပေါ့ကွာ။ မင်းက လက်ရှိဇနီးပဲ"

"ကျစ် … မပြောပါနဲ့တော့ ကိုတိကျရယ်"

"မင်း ငယ်သေးလို့ပါကွာ။ နောက်တော့လည်း အမှန်တရားတွေကို လက်ခံတတ်လာမှာပါ"

ရှင့်ရဲ့အမှန်တရားတွေက မေတ္တာမှ မပါတာ။ ထားပါလေ။ ဟန်နီ ကိုယ်တိုင်ကလည်း မေတ္တာကြောင့် လက်ထပ်ခဲ့တာမှ မဟုတ်တာ။





မေခက်တည်သည် ကိုယ်တိုင် ရင်သွေးလေးကို လွယ်ထားရမှ မိခင်မေတ္တာ၊ မိဘမေတ္တာဆိုတာကို ပိုပြီးနားလည်လာသည်။

ယောက်ျားဖောင်စီး၊ မိန်းမစီးနေတဲ့။

အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့နေရာမှာ ယောက်ျားလေးတွေက သက်စွန့်ဆံဖျား ပိုက်ဆံရှာရပြီး မိန်းကလေးတွေကတော့ သက်စွန့်ဆံဖျား ကလေးမွေးကြရတာလေ။

သို့သော် …

ခုခေတ်မှာတော့ …

ယောက်ျားလေးတွေ ဖောင်မစီးကြဘဲ သင်္ဘောစီးကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သက်စွန့်ဆံဖျားက ပိုက်ဆံရှာရတာခြင်း တူပေမယ့် အရင်ခေတ်ကလေးကက်တော့ အသက်အန္တရာယ် မရှိတော့ပါ။

ပြီးတော့ ခုခေတ်မှာ သင်္ဘောသားလုပ်တဲ့ အရေအတွက်ကလည်း ကမ္ဘာပေါ်ရှိ ယောက်ျားအားလုံးနဲ့ အချိုးချတွက်ကြည့်ရင် ရာခိုင်နှုန်းတော်တော် နည်းပါးသည်။

တချို့အလုပ်တွေလည်း သက်စွန့်ဆံဖျား လုပ်ရတာတွေ ရှိပါသည်။

သို့သော် တိုးတက်လာသော ခေတ်အခြေအနေနဲ့ စက်ယန္တရား အကူအညီတို့ကြောင့် သက်စွန့်ဆံဖျားလုပ်ရသည့် အလုပ်ဟူသည် ရှားပါးလာ၏။

သို့သော် မိန်းမတွေအတွက်မူကား ထိုသို့မဟုတ်။ ယခင်ကလည်း ကိုယ်ဝန်ဆောင်သားဖွားခြင်းဟူသည် သက်စွန့်ဆံဖျား အလုပ်ဖြစ်ခဲ့သလို ယခုခေတ်မှာလည်း စိုးရိမ်ရဆဲပင်ဖြစ်သည်။

ဘယ်လိုပင် ခေတ်မီဆေးဝါးတွေ ပေါ်ပေါက်ပါစေ၊ ဘယ်လိုပင် ခေတ်မီစက်ကိရိယာတွေ ပေါ်လာပါစေ။ ကိုယ်ဝန်ဆောင်ခြင်းသည် သွေးသားဖြင့် ဆောင်ရခြင်းဖြစ်သည်။





မိခင်ရဲ့ခန္ဓာကိုယ်မှ လူသားတစ်ဦး ထပ်ပွားယူခြင်းဖြစ်သည်။

ထို့ကြောင့် မိန်းမတို့သည် ကိုယ်ဝန်စရှိသည်မှ မွေးဖွားသည်အထိ အန္တရာယ်က လက်တစ်ကမ်းမှာ ရှိနေသည်။

ယခင်ကထက် စာရင်တော့ တတ်ကျွမ်းနားလည်သည့် ဆရာဝန်များ၊ ဆေးဝါးများ၊ အထောက်အကူပြု စက်ကိရိယာများကြောင့် ယခုခေတ်မှာ ပိုပြီးအဆင်ပြေလာရုံပဲရှိသည်။

ဒါတောင် မြို့ပြလူနေမှုနှင့်အလှမ်းဝေးကာ ဗဟုသုတကင်းမဲ့ခေါင်ဖျားသော နေရာတွေမှာ အသေအပျောက်ရှိကြစမြဲဖြစ်သည်။

သို့သော် မိခင်တိုင်းသည် ငါမိ၏ရင်သွေးကို ရဲရဲရင့်ရင့် မွေးကြစမြဲဖြစ်သည်။

မိမိအတွက် စိုးရိမ်ရတာတောင်မှ သားသမီးကို လိုချင်ကြသည်။

သက်စွန့်ဆံဖျား မွေးချင်ကြသည်။ ဒါဟာ မိခင်မေတ္တာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးပြီးရင်လည်း ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ကလေးကို လူရယ်လို့ ဖြစ်မြောက်လာအောင် ပြုစုပျိုးထောင်ရဦး မည်။

ကိုယ်ဝန်ဆောင်ချိန်သည် မျိုးစေ့ချသည်နှင့်တူပြီး ထိုမျိုးစေ့လေးကို အပင်ပေါက်လာအောင် အားစိုက်ရပြန်သည်။

မွေးကာစကလေးကျတော့ ပျိုးပင်ပေါက်ကလေးနဲ့ တူသည်။ ပျိုးပင်ကလေး ကောင်းကောင်းရှင်သန် ကြီးထွားလာဖို့ ဂရုတစိုက် ပြုစုပျိုးထောင်ပေးရပြန်သည်။

မျိုးစေ့မမှန် ပင်မသန်တဲ့။ ကိုယ်ဝန်ဆောင်ချိန်မှာ ဂရုတစိုက်မရှိလို့ မွေးလာတဲ့ကလေး တစ်ခုခုချွတ်ယွင်းခဲ့ရင် မိဘဖြစ်သူပဲ ရင်ကျိုးရဦးမည်လေ။

မေခက်တည်မှာ အစုံလျှောက်တွေးပြီး လွယ်ထားရ သော ရင်သွေးလေးအတွက် ပူပန်နေမိသည်။ ကိုယ်လက်အင်္ဂါ စုံလင်စွာနဲ့ ရှောရှောရှူရှူမွေးလာရင် တော်ပါပြီ။





မေခက်တည်သည် ပုဂ္ဂလိကဆေးရုံတစ်ခုမှာ မွေးဖို့ Package ယူလိုက်သည်။

ထိုဆေးရုံ၏ဝန်ဆောင်မှုကိုကြိုက်၍ ယူလိုက်တာပါ။

ထိုဆေးရုံမှာ ကလေးသွားမွေးရင် မွေးဖွားသူ မိခင် နဲ့ လူနာစောင့်တစ်ယောက်တို့ အဝတ်အစားပဲ ယူသွားရုံပင်။ ကလေးပစ္စည်း ဘာမှယူစရာမလို။ ကလေးမွေးပြီးသည်နှင့် ကလေး နဲ့ ပတ်သက်သော လိုအပ်မှုမှန်သမျှ ဆေးရုံက ထုတ်ပေးမှာဖြစ် သည်။

ထိုပြင် ဆေးရုံကို ထမင်းချိုင့်ပို့စရာမလို။ ဆေးရုံမှ ပင် လူနာစောင့်အတွက်ရော၊ မိခင်အတွက်ပါ အစားအသောက် စီစဉ်ပေးမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွက် ဘေဘီယူနစ်လည်း သီးသန့်လုပ်ပေးထားသည်မို့ အစစအရာရာ စိတ်ချမ်းသာအဆင်ပြေသည်။

မေခက်တည်တို့က ငွေကြေးချမ်းသာတော့ ကလေးမွေးတာတောင် အဆင့်မြင့်မြင့် မွေးနိုင်သည်။

သို့သော် အဓိကကျတာက ဘယ်မှာပဲမွေးမွေး ကလေးရော မိခင်ပါ ကျန်းမာစွာ မွေးဖွားနိုင်ဖို့က အဓိကဖြစ်ပါသည်။





ဒီလိုနဲ့ မေခက်တည် သားလေးတစ်ယောက်ကို အောင်မြင်စွာ မွေးဖွားခဲ့ပါသည်။

ကလေးက အရမ်းထွားနေလို့ ဗိုက်ခွဲမွေးလိုက်ရသည်။

မေခက်တည်သည် အခြားသောပိုက်ဆံရှိ အမျိုးသမီးတွေလို အလှပျက်မှာစိုး၍ မိခင်နို့မတိုက်ချင်တာမျိုး မရှိဘဲ ကိုယ့်ကိုယ်ကိုယ်ထက် ကိုယ့်သားသမီးအတွက် စဉ်းစားသော နို့တိုက်မိခင်ဖြစ်သည်။

ကလေးက ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်နှင့် ချစ်စရာကတုံးတခဲကြီးပါ။

တက်ဝေမှာ မွေးကာစတည်းက တဖွေ့ဖွေ့ တပိုက်ပိုက်နှင့် သားလေးကို ချစ်မဝ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှနားမလည်သည့် ကလေးလေးကို ချော့လို့မဆုံး မြှူလို့မဝ။

သူ့ပါးစပ်ထဲ ကလေးက စိတ်ကောက်ချင် ကောက်နေတတ်ပြီး၊ ရယ်ချင် ရယ်နေတတ်၏။

"ဖေဖေ့သားကြီးက ဖေဖေမခေါ်လို့ စိတ်ကောက်နေတာလား။ အေး ... ဖေကြီးက ခေါ်မှာပေါ့ကွ။ ဟော ... သားကြီးရယ်ပြီ။ ဒါမှ ဖေ့ချစ်သားကြီးကွ"

တက်ဝေအသံသည် မိုးလင်းမှမိုးချုပ် ညံညံကြဲနေတတ်သည်။

ရင်သွေးဟူသည် အိမ့်ဆည်းလည်းပေကိုး။





တက်ဝေ သင်္ဘောပြန်တက်ဖို့ကို နှောက်ဆံတင်းနေသည်။ သားကိုမခွဲနိုင် ဖြစ်နေသည်။

ကလေးကဖြင့် လသားလေးပဲ ရှိသေးကာ ဘာမှမသိနားမလည်သေး။ တက်ဝေကပဲ အဖြစ်သည်းနေတာပါ။

"မိန်းမနော် ... ငါ သင်္ဘောတက်သွားရင် သားကိုဂရုစိုက်နော်"

"ကျုပ် မွေးထုတ်ထားတာပါဟယ်"

"မွေးတာက မွေးတာပဲလေကွာ။ မင်းက ငါ့လောက် သားကိုချစ်ချင်မှ ချစ်မှာ"

"သည်းပါ။ ဘယ်ရာဇဝင်ပဲကြည့်ကြည့် မွေးထုတ်ထားတဲ့ မအေတွေက သားသမီးကို ပိုချစ်တာပါတော်"



www.burmeseclassic.com

www.burmeseclassic.com



သဘော်တက်ဖို့ရက် နီးလေ တက်ဝေ သားနားက မခွာလေပါပဲ။

"တက်ဝေ"

"ပြောလေ မိန်းမ"

"ရှင့်ကို တစ်ခုပဲ မှာချင်တယ်။ တစ်ခုခု ဆုံးဖြတ်တော့မယ် ဆိုရင် ကျုပ်ကို မငဲ့ရင်နေ။ သားမျက်နှာလေးတော့ သတိရနော်"

"ဘာကိုဆိုလိုတာလဲ မိန်းမရဲ့"

"ဘာမဆိုပေါ့၊ ဘာကိစ္စပဲဖြစ်ဖြစ် သားရှိတယ်ဆိုတာကို မမေ့နဲ့လို့"

"စိတ်ချစမ်းပါကွာ၊ ဒီမှာ ... ငါ့ဘဝမှာ ငါ့သားက အရေး အကြီးဆုံးပဲ"

မေခက်တည်က ကျေနပ်စွာ ပြုံးနေသည်။ သူမတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မချစ်ကြပါဘူး။ နားလည် မှုတွေနဲ့ အိမ်ထောင်တစ်ခု တည်ဆောက်ခဲ့ကြတာလေ။





ဒါပေမဲ့ သားလေးမွေးလာတော့ သားကိုချစ်တဲ့ အချစ်တွေ ပိုလာတယ်။

အချစ်ဆိုတာ သူတို့အိမ်ထောင်ရေးထဲကို ရောက် လာတယ်။

သားဟာ သူတို့နှစ်ယောက်ကို ချည်နှောင်ထားတဲ့ ကြိုးလေးပဲ ဖြစ်တယ်။

တက်ဝေက သားကို ငံ့ထားမတတ် ချစ်ရှာတယ် လေ။ မေခက်တည်အတွက် ယောကျ်ားကောင်းတစ်ယောက် ဖြစ် သလို သားအတွက်လည်း ဖခင်ကောင်း ဖြစ်မယ်ဆိုတာ သံသယ ဖြစ်ဖွယ် မရှိပါဘူး။

ခုချိန်မှာ အချစ်ဦးနဲ့ လွဲခဲ့တဲ့ ကံကြမ္မာကိုတောင် မေခက်ဟည်က ကျေးဇူးပြန်တင်နေမိသည်။

တက်ဝေနဲ့အတူ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေး ဟာ အေးချမ်းသာယာခြင်းတွေ ပြည့်နေလို့လေ။

"ကလေးအမေ ဘာတွေပြုံးနေတာလဲ။ ကလေးကို ငါကြည့် ထားတုန်း တစ်ရေးလောက် အိပ်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေ သဘော်တက်သွားပါသည်။ မချစ်ဘဲယူခဲ့သည့်ယောကျ်ားဆိုပေမယ့် မေခက်တည် လွမ်းနေမိသည်။ လွမ်းရလောက်အောင် ကိုယ့်အပေါ်ကောင်းသည့် ယောကျ်ားမဟုတ်လား။

သားလေးကလည်း တက်ဝေနဲ့ တော်တော်တူသည်။ တက်ဝေကို သတိရတိုင်း သားမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ ချစ်မဝ။

တက်ဝေက ဒီတစ်ခေါက် နည်းနည်းကြာမည်ဖြစ်သည်။ တက်ဝေ ပြန်လာရင် သားလေးက အဖေကို မသိဖြစ်နေမှာစိုး၍ သားကို တက်ဝေ ဓာတ်ပုံလေးတွေ ပြထားရမည်။

မေခက်တည်တို့အတွက် ငွေမလိုပါ။ သို့သော် ထို့အတွက် တက်ဝေကို သဘော်မတက်ဖို့ မပြောချင်ပါ။





နဂိုကတည်းက တက်ဝေသည် မေခက်တည်တို့ထက်တာရင် ငွေကြေးချို့တဲ့သည်လေ။

သဘော်အရာရှိဆိုတဲ့ ဂုဏ်တော့ သူလိုချင်မှာပဲ။ မေခက်တည်က အရင်းအနှီး ထုတ်ပေးပြီး စီးပွားရေးတစ်ခုခုလုပ်ခိုင်းလည်း ရပေမယ့် သူ့သိက္ခာကို ထည့်တွက်ရသေးသည်။

ထို့ကြောင့် အရာရာကို မျှတစွာ နားလည်ပေးရင်းမထားဖြစ်ခဲ့တာပါ။ တကယ်တော့ ကလေးက ငယ်သေးတာမို့ ကိုယ့်ခင်ပွန်းကို ကိုယ့်နားပဲ ရှိစေချင်သည်လေ။

နှစ်နဲ့ချီပြီး အဝေးကို ပိုက်ဆံအတွက် သွားစရာမလို။

သို့သော် သူ့ရဲ့သိက္ခာအတွက်၊ ယောကျ်ားတစ်ယောက်ရဲ့ အနေအထားအတွက်၊ အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့စိတ်အတွက် မေခက်တည် နားလည်ပေးခဲ့တာပါ။

တစ်ယောက်နဲ့တစ်ယောက် မချစ်ကြပါဘဲ နားလည်ပေးနိုင်ကြတာပါ။

တက်ဝေက ဆိပ်ကမ်းတစ်ခုကပ်တိုင်း ဖုန်းဆက်သည်။ သားအသံ အီးအီးအားအားလေးတွေကို နားထောင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဂရုစိုက်ဖို့လည်း တဖွဖွ မှာတတ်သည်။ လူကြုံရှိတိုင်းလည်း သူမတို့သားအမိအတွက် လက်ဆောင်တွေ ပို့ပေးတတ်သေးသည်။

"ကက်ဝေ ... ကျူပ်လေ ယူ့ကိုလွမ်းတယ် သိလား"

"ကိုယ်ရောပဲ မိန်းမရဲ့၊ ကိုယ်ကမှ နှစ်ယောက်လွမ်းရတာ။ သားကိုရော မင်းကိုပါ လွမ်းရတာ။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်နော် မိန်းမ။ ကျန်းမာအောင်နေ"

"အင်းပါ"

"လောလောဆယ်တော့ ကိုယ်က စကားနဲ့ပဲ ဂရုစိုက်နိုင်သေးတယ်။ ပြန်လာမှပဲ အတိုးချပြီး ပြုစုပေးမယ်နော်"

"ရပါတယ် ယောကျ်ားရယ်၊ ယောကျ်ားလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်။ အဝေးမှာ တစ်ယောက်တည်း နေရတာ"





ကိုကို ပြန်ထွက်သွားတာမို့ ဟန်နီ တစ်ယောက်တည်း ပျင်းနေမိသည်။

အားရင် ရပ်ကွက်ထဲပဲ ပြန်လည်နေမိသည်။

ဟန်နီ့ဒယ်ဒီလည်း သင်္ဘောတက်သွားတာမို့ မာမီက အိမ်ပိတ်ပြီး ဟန်နီနဲ့ လာနေပေးပါသည်။ ဒါပေမဲ့ မာမီကအိမ်ကပ်တာမှ မဟုတ်တာ။ တစ်နေ့ တစ်နေ့ သူ့အပေါင်းအသင်းတွေနဲ့ လည်လို့ ပတ်လို့မှ မဝတာ။

ဟန်နီ မိဖြူဆီ လာလည်မိသည်။

"ဟန်နီ ... နင် တစ်ခုခုလုပ်ပါလား။ ဥပမာ အကျီဆိုင်လေးဖြစ်ဖြစ်ပေါ့။ နင်ခုလို အချိန်တွေ ယောင်တောင်တောင် မဖြစ်တော့ဘူးပေါ့။ ကလေးလည်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကလေးမှ မရနိုင်တော့တာ။ ငါလေ တော်တော် နှောင်တရတယ် သိလား"

"နှောင်တဆိုတာကတော့ အချိန်မီရိုးထုံးစံ မရှိဘူးလေဟာ။ နင် နှောင်တရနေလို့လည်း ပြန်ပြင်လို့မှ မရတော့တာ။ ဒီလက်ရှိအနေအထားကိုပဲ ကောင်းအောင်ဖန်တီးသင့်တယ်ဟ"

"ဟုတ်တယ်၊ ဒါပေမဲ့ ငါ စိတ်လေနေတယ်"

"စိတ်လေတာ အလုပ်မရှိလို့ဟ၊ နင် အလုပ်တစ်ခုခုလုပ်လိုက်။ စိတ်လေချိန် ရှိမှာတောင် မဟုတ်ဘူး။ အားနေလို့ စိတ်လေနေတာဟ"

"အေးပါ၊ ငါ လုပ်ဖို့စဉ်းစားလိုက်ဦးမယ်"

သူမတို့ စကားပြောနေတုန်း တက်ဝေအမေက တက်ဝေသားလေးကိုချီပြီး အိမ်ရှေ့က ဖြတ်လျှောက်သွားသည်၊ မေခက်တည်တို့သားအမိ ရောက်နေသည့်သဘော။

မေခက်တည် ... မေခက်တည်။





သူမပိုင်ဆိုင်သမျှကို လုယူသွားသောမိန်းမ။

တက်ဝေ သားလေးက ဖြူဖြူဖွေးဖွေး ဝကစ်ကစ်လေးနဲ့ ချစ်စရာလေး။

တကယ်ဆို ဒီအနေအထားတွေက ဟန်နီ ပိုင်ဆိုင်သင့်တဲ့ အနေအထားတွေလေ။

ဟန်နီ့အတွင်းစိတ်တွေဟာ ဒေါသအမှောင် ဖုံးလွှမ်းနေသည်။

ကံကြမ္မာနဲ့ အမှန်တရားဆိုတာတွေကိုလည်း သတိမရနိုင်။

အရာရာကို အပြုသဘောဘက်က မတွေးပေးနိုင်ဖြစ်နေသည်။

"မိဖြူ ... ငါ ဒီလိုဖြစ်လေ မေခက်တည်ကို မကျေနပ်လေပဲဟာ"

"ဖူးစာဆိုတာ ရှိသေးတယ်ဟာ။ ဘယ်လောက်ပဲ ချစ်ကြပါစေ။ ဖူးစာမပါရင် ဘယ်လိုမှ မဆုံနိုင်ကြဘူး။ ပြီးတော့



www.burmeseclassic.com


www.burmeseclassic.com



ကိုတက်ဝေကြီးက သူနဲ့မှ ဖူးစာပါလာလို့ နေမှာပါဟာ၊ ခုချိန်မှာ သူတို့အကြောင်းတွေ စဉ်းစားရင်း အချိန်မကုန်ဘဲ နင် ဘာလုပ်သင့်လဲဆိုတာပဲ စဉ်းစားရတော့မှာဟ"








www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှာ မေခက်တည်တို့ သားအမိတွေ ရောက်နေကြသည်။

ထက်ဝေ ပြန်လာမှာမို့ လာကြိုတာလေ။ နှစ်ဖက်မိဘတွေလည်း ပါလာသည်။

"သားသား ခဏနေရင် ဟိုကလို လေယာဉ်ကြီးတွေနဲ့ ဖေဖေ ပါလာတော့မှာနော်။ ခေါ်ကြည့်ပါဦး ဖေဖေလို့"

"ပေးပေး"

"ဖေဖေ ပီအောင်ခေါ်"

"ပေးပေး"

"အေး ... အေး ... ဟုတ်ပြီ"

"သားသား မုန်းမုန်းချားမယ် မေးမေး"

"မေမေက မုန့်မုန့်ကျွေးမှာပေါ့ သားသားရဲ့"





သားသည် မေမေ့ကိုမေးမေး၊ ဖေဖေ့ကို ပေးပေးဟု သာ ခေါ်တတ်သည်။ မေခက်တည် ဘယ်လိုပဲသင်သင် ထိုသို့ပဲ ခေါ်တာမို့ လက်လျှော့လိုက်ရသည်။

သားကို မုန့်ကျွေးနေတုန်း လေယာဉ်စိုက်လာခဲ့သည်။

"သားသား ... ဖေဖေ လာတော့မယ်နော်၊ ဖေဖေလို့ခေါ်နော်"

"ဟုတ်ကဲ့"

လူအုပ်ကြားထဲကနေ တိုးထွက်လာသော တက်ဝေ။ လက်နှစ်ဖက်ကို ဘေးသို့ဆန့်တန်းထားပြီး ရင်ခွင်ကို ဖွင့်ထားသော တက်ဝေ။

"ယောက်ျား"

"မိန်းမ ... သားသား"

"သားသား ... ဖေဖေလို့ခေါ်လိုက်"

"ပေးပေး"

"ဝါး"



www.burmeseclassic.com

www.burmeseclassic.com



တက်ဝေက သားနဲ့ သူမကို သိမ်းကျုံးဖက်ပြီး သားအမိနှစ်ယောက်လုံးကို နမ်းနေသည်။ သားက ပထမတော့ စိမ်းနေသေးကာ နောက်တော့ ခိုးခိုးခစ်ခစ် ရယ်နေသည်။

"သားသား"

"ပေးပေး"

"သားသား"

"ပေးပေး"

"ဟား ဟား … ငါ့သားက ချစ်စရာကြီးကွာ။ ဖြူဖွေး ဝကစ်နေတာပဲ။ မဆိုးဘူး ငါ့မိန်းမ တောတ်တယ်"

"သားသား မုန့်မုန့်ချားမယ်"

"ဟော … သားကို ဖေကြီး ဝယ်လာတဲ့မုန့်တွေ ကျွေးမှာ ပေါ့ကွာ"

သူတို့မိသားစု ပြန်ဆုံစည်းခြင်းဟာ တကယ့်ကို ပျော်ရွှင်စရာအတိ ဖုံးလွှမ်းနေခဲ့ပါတယ်။





တက်ဝေ ပြန်လာကတည်းက သားနားကမခွာပါ။

"မိန်းမ … သားကို ချစ်လို့လိုမဝဘူးကွာ၊ နောက်ထပ် ကလေးတစ်ယောက်လောက် ထပ်ယူရအောင်။ ဒီတစ်ခါ သမီးလေးဖြစ်ဖြစ်"

"ဟွန်း … ယောကျ်ားနော်"

မေခက်တည်က မျက်နှာရဲကာ မျက်စောင်းထိုးသည်။

"မိန်းမက ဘာကိုရှက်နေတာလဲ"

"ယောကျ်ား ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ်က ရိုးရိုးသားသား ပြောတာပါဟ"

"တက်ဝေနော် … ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... သား ... သားသားရဲ့မေးမေးကြီး ရှက်နေတာကို ကြည့်စမ်းပါဦးကွ"

သားသားကလည်း ဘာမှန်းမသိဘဲရယ်နေ၏။ ဘာပဲဖြစ်ဖြစ် သူမတို့မိသားစုဘဝလေးက ကြည်နူးရိပ်မြုံလေးပါပဲ။

သားက အမြဲပြုံးရယ်နေတတ်သည့် မျက်နှာချိုသောကလေးပါ။

နှစ်ဖက်အဘိုးအဘွားတွေကလည်း အသည်းစွဲပါပဲ။

သားက ဉာဏ်လည်းကောင်းသလို ချွဲလည်းချွဲနွဲ့တတ်သည်လေ။ သားလူလေးကို မိဘတွေ ချစ်မဝဖြစ်တာမဆန်းပါဘူးနော်။

❖ ❖ ❖





တက်ဝေ ဒီနေ့ အစွန်းဆောင်ဖို့ကိစ္စနဲ့ သဘော်သားရုံးကို လာတာပါ။ အပြန်ကျတော့ သားအတွက် သားကြိုက်တတ်တာလေးတွေဝယ်ဖို့ စီးတီးမာ့ထ် ခဏဝင်ဖြစ်တယ်။

"သားအတွက်ဆိုတာပဲ တက်ဝေ ခေါင်းထဲမှာ အချိန်ပြည့်ရှိနေတတ်တယ်။ ဒါဟာ ဖခင်တစ်ယောက်ရဲ့ မေတ္တာပါပဲ"

သားက ရေခဲမုန့်၊ ချောကလက်၊ ဂျယ်လီ စတာတွေ သိပ်ကြိုက်သည်။

ထို့ကြောင့် သားကြိုက်တတ်တာလေးတွေ ကြည့်နေတုန်း ...

"ဦးလေး"

"ဟင် ... ဟန်နီ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီနဲ့မတွေ့တာ ကြာပါပြီ။ သို့သော် ဟန်နီဘာမှပြောင်းလဲမသွားပါလား။ အိမ်ထောင်သည်မှ ဟုတ်ရဲ့လားဟု တောင် ထင်ရသည်။ ဧကန္တ ကလေးမယူရသေးဘူး ထင်ပါရဲ့။

တက်ဝေက တန်တလျား လျှောက်တွေးနေမိသည်။ အချစ်ဦးကို ပြန်တွေ့တော့ စိတ်ပျံ့လွင့်တဲ့ သဘောပါပဲ။

"ဦးလေး ဘာကြည့်နေတာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး ဟန်နီရဲ့၊ တစ်ယောက်တည်းလား"

"အင်း"

"ဩော် ... ကိုယ်က သားအတွက် စားစရာ လာဝယ်တာလေ"

"ကလေးအတွက် ဝယ်ထားတာတွေကို ဟန်နီ ရှင်းပေးပါရစေ"

"ဟာ ... နေပါစေ၊ ရတယ်"

"ဘာလဲ ... ဦးလေးက ကော်ဖီတစ်ခွက်လောက် ပြန်တိုက်ရမှာစိုးလို့လား"





"မဟုတ်ပါဘူး ဟန်နီရဲ့၊ တိုက်ပါတယ်။ ကော်ဖီသောက်မလား"

"ဒီအောက်က Season မှာဆို မကောင်းဘူးလား"

"ကောင်းပါတယ်၊ သောက်လေ"

Season မှာ ကော်ဖီထိုင်သောက်ဖြစ်ကြသည်။

"ဦးလေး ပြောင်းလဲလာတယ်၊ ပိုပြီးရင့်ကျက်လာသလိုပဲ။ မတွေ့တာ ကြာလို့လား မသိဘူး"

"ဟန်နီကတော့ အရင်အတိုင်းပဲ"

"လူကတော့ အရင်အတိုင်းပါပဲ။ ပြောင်းလဲလာတာက စိတ်တွေ။ စိတ်တွေက အရင်လို မလွတ်လပ်၊ မပေါ့ပါးတော့ဘူး"

"ဘာဖြစ်လို့လဲ"

"လှောင်ပိတ်နေတဲ့ အိမ်ထောင်ရေးဆိုတဲ့ နွံကြီးထဲ နစ်နေလို့ပေါ့"

"အိမ်ထောင်ရေးက အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အလိုလိုက်ပြီး အရွဲ့တိုက်တည်ဆောက်လိုက်တဲ့ အိမ်ထောင်ရေးမျိုးက အဆင်ပြေဖို့ ခဲယဉ်းမယ်ထင်တယ်။ ဟန်နီလည်း အဆင်ပြေအောင် မကြိုးစားနိုင်ခဲ့ဘူး"

"ဟန်နီရယ်"

"ဦးလေးကတော့ သားနဲ့ မယားနဲ့ အဆင်ပြေတယ်မို့လား"

"ပြေပါတယ်"

"ဝမ်းသာပါတယ်၊ ဒါပေမဲ့ ဦးလေးကို ဟန်နီ မကျေနပ်ဘူး။ ဒီအချိန်မှာ ပြန်မပြောသင့်တော့ပေမယ့် ဟန်နီ ပွင့်ပွင့်လင်းလင်းတော့ သိချင်သေးတယ်။ သိရမှလည်း ဟန်နီ့ရင်ထဲက တအုံ့နွေးနွေး ဖြစ်နေတာတွေ ပြေမယ်ထင်လို့"

"ဟန်နီက ဘာကိုသိချင်တာလဲ"

"ဦးလေးကို ဟန်နီ ပြန်ဆက်သွယ်တုန်းက ဦးလေး ဘာလို့ ဟန်နီ့ကို ဥပေက္ခာပြုသွားတာလဲ။ ဟန်နီ့ကို ချစ်လှပါချည်ရဲ့ဆိုတဲ့ ချစ်သူက မေခက်တည်ကြောင့် ဟန်နီ့ကို ကျောခိုင်းသွားတာလား။ ဟန်နီနဲ့ ပြတ်တုန်းကတောင် မပြတ်ဖို့ တောင်းပန်ခဲ့တဲ့ ဦးလေးက ဘာကြောင့်ပြောင်း





လဲသွားတာလဲ။ Mark II စီးနိုင်တဲ့ မေခက်တည်က ပြောင်းလဲခြင်းရဲ့ အဓိကလား။ ဒါဆိုရင် ဦးလေးရဲ့အချစ်က ဘာကြီးလဲ"

"ဟန်နီ ... ဟန်နီ ပြောတာတွေ ကိုယ် ဘာမှနားမလည်ဘူးကွာ"

"ဟန်နီ ... မိဖြူကတစ်ဆင့် ကိုဖိုးကျော်ကို ပြောခိုင်းလိုက်တယ်လေ။ ဦးလေးကို ဟန်နီ့ဆီ ဖုန်းဆက်ပါလို့။ ဦးလေး ဘာလို့ မဆက်တာလဲ"

"ဘယ်တုန်းကလဲ"

"ဦးလေးရာ ဟန်နီပါ လက်မထပ်ကြခင်တုန်းက။ ဦးလေး သင်္ဘောမတက်ခင် ကမ်းရိုးတန်းမှာ Sea Service ယူတုန်းကထင်တယ်"

"ကိုယ့်ကို ဖိုးကျော် ဘာမှမပြောဘူး"

"ဦးလေးက မရှိတော့ ဦးလေးကို ဘယ်လိုဆက်သွယ်ရမှန်း မသိဘူး။ ဦးလေးကို ဆက်သွယ်ခိုင်းတော့လည်း မဆက်ဘူး။ ဟန်နီ ဦးလေးကို စောင့်ခဲ့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဟန်နီ စောင့်နေတဲ့ အချိန်တွေမှာ ဦးလေးက Mark II စီးတဲ့ မေခက်တည်နဲ့ ပြုံးပျော်နေခဲ့တယ်လေ"

"ဟာ"

"အဲဒါကြောင့် ဟန်နီလည်း အရွဲ့တိုက်ပြီး တွေ့တဲ့လူနဲ့ တွဲဖြစ်ခဲ့တာပဲ။ ကားပါရင် ပြီးရောဆိုပြီး ဟန်နီ သူနဲ့တွဲခဲ့တာ။ ဦးလေးတောင် Mark II မက်တယ်မို့လား"

"ဟန်နီရယ်၊ ဒါတွေက တကယ်ပဲလား"

ဟန်နီ ထပ်ပြောပြတဲ့ သူမအိမ်ထောင်ရေးအကြောင်း ကြားရတော့ သူ တော်တော်စိတ်မကောင်းပါ။ ဟန်နီလို အပျိုစင် နုနုထွတ်ထွတ်က ဒုတိယအိမ်ထောင် အထူခံလိုက်ရသည်တဲ့လေ။

သူ့ကြောင့်များလားလို့ တွေးမိတော့ အပြစ်မကင်းသလို ခံစားရသည်။

"ဟန်နီ ဦးလေးကို ချစ်သူဘဝမှာ နွဲ့ဆိုး ဆိုးခဲ့မိတာပဲ ရှိတာပါ။ ဟန်နီ ဦးလေးဆီက ချူမစားခဲ့ဘူး။ ဦးလေးကို ဒုက္ခကြီးကြီးမားမားရောက်အောင်လည်း မကျီစားခဲ့ပါဘူး။ တချို့ကိစ္စလေးတွေမှာ ဟန်နီ လွန်တာတွေ ရှိပါတယ်၊





ဒါပေမဲ့ ဦးလေးရယ်၊ ဟန်နီကြောင့် ဦးလေးနစ်နာခဲ့တာ မရှိပါဘူး"

"ဟုတ်ပါတယ် ဟန်နီရယ်"

"ဒါပေမဲ့ ဟန်နီခံရတဲ့ အပြစ်တွေက ဟန်နီ့အတွက် မတန်ပါဘူး။ ဟန်နီ ဝမ်းအနည်းဆုံးက ဘာလဲသိလား။ သူက သူ့သားကိုပုံပြီး ချစ်ချင်လို့ နောက်အိမ်ထောင်ထပ်ပြုဖြစ်ရင်တောင် ကလေးမရအောင်ဆိုပြီး သားကြောဖြတ်ထားခဲ့တာတဲ့"

"ဘာ"

"ဟန်နီ ဘာလုပ်ရမလဲ။ ဟန်နီ့ဘဝက ဘာမှအဓိပ္ပာယ်မရှိတော့သလို ခံစားရတယ် ဦးလေးရယ်"

"ဟန်နီရယ်"

ဟန်နီ မျက်ရည်ကျတာကို ပထမဆုံး မြင်ဖူးခဲ့၏။ သူချစ်ခဲ့တဲ့ ဟန်နီ ငိုနေသည်လေ။ ရင်ထဲမကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဟန်နီနဲ့လမ်းခွဲပြီး ပြန်လာတော့ ဖိုးကျော်ဆီ သွားဖြစ်သည်။

"ဟန်နီ ပြောခိုင်းတာကို မိဖြူက ဖိုးကျော်ကို မပြောတာလား။ မိဖြူက ပြောရက်နဲ့ ဖိုးကျော်က မပြောပေးတာလား။ ဦးလေးကို တကယ်မပြောတာ အမှန်ဆိုရင်လေ"

"ကိုယ် တကယ်မသိဘူး ဟန်နီ၊ ပြီးတော့ ကိုယ်နဲ့ မေခက်တည် လက်ထပ်တဲ့အထိ ကိုယ်တို့ ရိုးရိုးသားသား သူငယ်ချင်းတွေပဲ။ သူကလည်း သူ့ချစ်သူနဲ့ပြတ်ဘာယ်၊ ကိုယ်လည်း ဟန်နီနဲ့ပြတ်တယ်။ ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် ကိုယ်ချင်းစာပေးနိုင်ပြီး နားလည်ပေးနဲ့ကြတာပဲရှိတယ်။ ဟန်နီ လက်ထပ်သွားတော့မှ ကိုယ့်ကိုနားလည်ပေးနိုင်တဲ့ မေခက်တည်ကို လက်ထပ်ခွင့်တောင်းခဲ့တာ"





"ဒါဆို တကယ် ဦးလေး မသိခဲ့တာပေါ့နော်။ ဦးလေး ဟန်နီ့ကို တမင် မဆက်သွယ်ခဲ့တာ မဟုတ်ဘူးနော်"

"တကယ် ဟန်နီ"

"ဒါဆို မပြောပေးတာ မိဖြူလား၊ ဖိုးကျော်လား။ သူတို့ မပြောပေးတာက ဟန်နီ့ဘဝကို ကံဆိုးမိုးမှောင် ကျစေခဲ့တာပဲ။ ဟန်နီ မကျေနပ်ဘူး"

"ဒီကိစ္စကို ကိုယ် စုံစမ်းပေးပါမယ် ဟန်နီ"

သူ ဟန်နီ့ကို ကတိပေးခဲ့သည်။ ဟန်နီ့သူငယ်ချင်း မိဖြူကတော့ မသိပေမယ့် ဖိုးကျော်က အစကတည်းက သူနဲ့ ဟန်နီ့ကို သဘောမတူခဲ့။ ဟန်နီကို အမြဲအပြစ်တင် ရှုတ်ချနေသူက ဟန်နီနဲ့ပြန်ဆက်သွယ်မှာကို လိုလားမှာမဟုတ်။ သူ့ကိုလည်း ပြောပေးမှာမဟုတ်။

ဖိုးကျော်ပဲဆိုတာ သူ့စိတ်ထဲ အတတ်သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... Boss လာ ... လာ။ ဘယ်ကနေ မျက်စိလည် လာတာလဲဟ"

"တမင်လာခဲ့တာ။ ငါ မင်းကို မေးစရာရှိလို့"

"အေး ... မေးလေကွာ။ ဘာများလဲ"

"မင်း ငါ့ကို ဟန်နီနဲ့ ပတ်သက်ပြီး ထိမ်ချန်ထားတာရှိ လား"

"ထိမ်ချန်ထားတာ"

"ဥပမာကွာ ... ဟန်နီက ငါ့ကို သူ့ဆီဖုန်းဆက်ပါလို့ မှာတာမျိုး"

"ဩော် ... အေး၊ ငါ မှတ်မိတယ်၊ ဟုတ်တယ်၊ တစ်ခါ လာပြောဖူးတယ်။ မိဖြူ လာပြောတာ။ ဒါပေမဲ့ ငါ မင်းကို တမင်မပြောပေးတာ။ ပြောပေးချင်စိတ်လည်း မရှိဘူး။ နေဦးကွ ... အဲဒီတုန်းက မင်း သဘောတက်ဖို့လုပ်နေတာ သိသွားပြီး မေခက်တည်နဲ့ တွဲနေတာကိုလည်း သိလို့ ပြန်ဆက်သွယ်ချင်တာကွ။ စိတ်ရင်းနဲ့မှမဟုတ်တာ။





မင်းကို သူ ဘယ်တုန်းက စိတ်ကောင်းကောင်း ထားဖူး လို့လဲ။ ငါလည်း ပြတ်လက်စနဲ့ ပြတ်ပစေတော့ဆိုပြီး"

"မင်းကွာ။ မင်းစေတနာကို ငါသိတယ်။ ဒါပေမဲ့ ငါ့စိတ် ကို မင်း သိရက်နဲ့ကွာ၊ ဟန်နီကို ငါ ဒီလောက်ချစ်တာ သိရက်နဲ့ကွာ"

"မင်း ဟန်နီ့ကိုယူရင် ခုလောက် စိတ်ချမ်းသာရမယ် ထင်လို့လား"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ။ အခု သူ့အိမ်ထောင်ရေး အဆင်မပြေတာ သိရတော့ ငါ့ရင်ထဲ ဘယ်ကောင်းမလဲ"

တက်ဝေက ဟန်နီ့ အိမ်ထောင်ရေးအကြောင်း ဖိုးကျော်ကို ပြောပြတော့ ...

"တက်ဝေရာ ... ဒီလိုကြားရတော့လည်း ငါလည်း ဘယ် စိတ်ကောင်းပါ့မလဲ။ ဒါပေမဲ့ ဒါတွေက ဘယ်သူမပြု မိမိ မှုပဲလေကွာ။ သူ့ရဲ့မစူးစမ်း မဆင်ခြင်တတ်တဲ့စိတ်ကြောင့် ဖြစ်လာရတဲ့ နောက်ဆက်တွဲတွေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါက ချစ်ရတဲ့သူဆိုတော့ စိတ်မကောင်းဘူး။ သူ ပျော်ရွှင်အဆင်ပြေတာပဲ မြင်ချင်တယ်ကွာ"

"မင်း မှားနေပြီ။ မင်း ချစ်တာမှန်တယ်။ ဒါပေမဲ့ မင်း အခုစဉ်းစားရမှာ မေခက်တည်နဲ့ မင်းသားလေးအကြောင်းပဲ စဉ်းစားသင့်တယ်"

"ငါ သိတယ်၊ ဒါပေမဲ့ ဟာန်နီ အရွဲ့တိုက်သွားတာ ငါ့ကြောင့်။ သူ မရူးစမ်း မဆင်ခြင်တာ ငါ့ကြောင့်ကွ"

"တစ်စိတ်တစ်ဒေသတော့ ဟုတ်တယ်လေ။ ဒါပေမဲ့ အားလုံးက ပြီးပြီ။ ဘာမှမတတ်နိုင်တော့ဘူးကွ"

ထိုစဉ်မှာပဲ သူ့ဖုန်းက မြည်လာသည်။

"တက်ဝေရေ အဆင်ပြေရဲ့လားဟင်၊ ကြာနေလို့ စိတ်ပူလို့ ဆက်လိုက်တာ"

"ပြေပါတယ်၊ ကိုယ် ခဏနေ ပြန်လာမှာပါ။ ဖိုးကျော်ဆီ ခဏဝင်နေလို့"

"ဪ ... အိုခေ ... အိုခေ ... ဒါပဲနော်"

"အင်း"





"ကဲ ... တက်ဝေ၊ ငါ မင်းကို မပြောမိတဲ့အတွက် တောင်းပန်တယ်။ ဒါပေမဲ့ အဲဒါကလည်း ငါ့ရဲ့စေတနာ အမှားပါကွာ။ မင်း အခုစဉ်းစားရမှာက မင်းပိုင်တဲ့အိမ်ထောင်ရေးပဲ။ သူများအိမ်ထောင်ရေးထက် မင်းအိမ်ထောင်ရေးက ပိုအရေးကြီးတယ် သူငယ်ချင်း"

သူ ဖိုးကျော်ကို ဘာမှမပြောချင်တော့။ ဟာန်နီ့ကို သနားမိတာပဲသိသည်။ ဟာန်နီ ဆိုတာ သူ့နှလုံးသည်းပွတ်လေ။ ဟာန်နီ့မျက်ရည်က သူ့ရဲ့အတွေးတွေကို ဖုံးလွှမ်းထားသည်။ ဟာန်နီ့ ငိုကြွေးခြင်းက သူ့ရင်ကို အတိုင်းမသိ နာကျင်စေခဲ့သည်။ သူက ဟာန်နီ့ကို ဒီလိုပုံစံနဲ့ မြင်ချင်တာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သားကို ချော့မြှူနေရတိုင်း ဟန်နီ့ကိုသတိရသည်။ ဟန်နီက ဘယ်တော့မှ ရင်သွေးမရနိုင်တော့ဘူးတဲ့လေ။

သူမခင်ပွန်းကလည်း ပထမအိမ်ထောင်နဲ့ရတဲ့သားကို သည်းသည်းလှုပ်ဆိုတော့ သူမ အထီးကျန်ရှာမှာပဲ။

ဟန်နီနဲ့ တွေ့ပြီးကတည်းက ဟန်နီ့အကြောင်းပဲ တွေးနေမိသည်။

ဟန်နီ ပြန်ဆက်သွယ်တာကို သူ မသိလိုက်တဲ့အတွက်လည်း ယူကျုံးမရ ဖြစ်မိသည်။ သို့သော် ဖိုးကျော်ကိုလည်း အပြစ်မတင်ချင်တော့ပါ။

ခုချိန်မှာ ဟန်နီ့ကို ဟန်နီ စိတ်ချမ်းသာအောင် ဘာလုပ်ပေးရမလဲလို့ပဲ စဉ်းစားနေမိသည်။





သူ ဒီလိုစဉ်းစားမိတဲ့အတွက် မှားလား မှန်လား သူ မသိပါ။ ရင်ထဲမှာ တစ်ကြိမ်သာပွင့်ခဲ့တဲ့ မြတ်နိုးမှုပန်း။ ထိုပန်းကလေး နေထိ၍ နွမ်းနေရှာသည်။ သူ ရေလောင်းပေါင်းသင်ပေးချင်တာပဲ သိသည်။

ကိုယ်အမြတ်နိုးဆုံး အရာတစ်ခုကို ဘယ်သူက ပျက်ဆီးစေချင်မှာလဲ။

ကိုယ်ချစ်တဲ့သူရဲ့ မျက်ရည်ကိုရော ဘယ်သူက မြင်ချင်မှာလဲ။

ကိုယ်ကတော့ သားနဲ့ မယားနဲ့ ပျော်လို့ ရွှင်လို့။ ကိုယ့်ချစ်သူခမျာ တစ်ယောက်တည်း စိတ်ဆင်းရဲနေရတာကို ဘယ်သူက ကြည့်ရက်မှာလဲ။

သူ အတွေးတွေနဲ့ မေခက်တည် အလစ်မှာ ဟန်နီ့ဆီ ဖုန်းခေါ်မိသည်။

"ဟန်နီ ... ကိုယ်ပါ"

"ဦးလေး ... ဟန်နီ့ဆီ ဖုန်းဆက်တယ်။ ဟယ် ... ဟန်နီ ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟန်နီ ဘာလုပ်နေတာလဲ”

“အိမ်မှာ ဦးလေးရဲ့ နေမကောင်းလို့။ မေမေကလည်း သူ့အသိတွေနဲ့ ချောင်းသာ သွားတယ်လေ။ အိမ်မှာ ဟန်နီတစ်ယောက်တည်း ဖျားနေတာ”

“ဆေးခန်းမသွားဘူးလား”

“လမ်းတောင် မလျှောက်ချင်ဘူး ဦးလေးရယ်၊ လူက အရမ်းနုံးနေတာ”

“ဟာ ... ဒါဆို ကိုယ် ဆရာဝန်ပင့်ပြီး လာခဲ့မယ်လေ၊ ခဏစောင့်”

“ဒါဆိုရင်တော့ တော်တော်ကျေးဇူးတင်တယ် ဦးလေးရယ်”

သားကို ခဏထားခဲ့ရသည်။

“မိန်းမရေ ... အပြင်ခဏ သွားလိုက်ဦးမယ်”

“ဘယ်လဲ ယောကျ်ား”

“သင်္ဘောပြန်ဆင်းလာတဲ့ အသိတစ်ယောက် ခေါ်လို့”

“အင်း ... သွားလေ၊ သား ... လာ မေမေ့ဆီ”

“သားသား ဖေဖေနဲ့လိုက်မယ်”





“လိုက်လို့မရဘူး သားရဲ့ အဖေကြီးက အလုပ်ရှိလို့သွားမှာ။ မေမေနဲ့ နေခဲ့နော်၊ ဖေဖေကြီးက သားသားအတွက် မုန့်မုန့် ဝယ်ခဲ့မယ်တဲ့။ နော် ... ဖေဖေနော်”

“ဝယ်ခဲ့မှာပေါ့ သားရယ်။ မုန့်တွေ အများကြီးဝယ်ခဲ့မယ်၊ နော် သားသား”

သားကိုချော့ထားခဲ့ပြီး ဆရာဝန်ပင့်ကာ ဟန်နီဆီ ပြေးရသည်။

ဟန်နီတို့တိုက်က ကွန်ဒိုဆိုတော့ ဓာတ်လှေကားနဲ့ ဟန်နီတို့အထပ်ကို တက်ရသည်။

အိမ်အကူကောင်မလေးက တံခါးလာဖွင့်ပေးသည်။

အိမ်တွင်းအပြင်အဆင်ကိုကြည့်ပြီး အိမ်ရှင်မရဲ့ အစွမ်းအစကို ခန့်မှန်းလို့ ရသတဲ့။

ဟန်နီတို့အခန်းဟာ သိပ်ပြီး သပ်သပ်ရပ်ရပ်တော့ မရှိပါ။

ဟန်နီ့ကို ဧည့်ခန်းမှာပဲ ဒရင်းဘက်ဒ်ပေါ် လှဲလျက် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ကိုယ်တွေ တော်တော်ပူနေပါ၏။ ဆရာဝန်က ချက်ချင်းဆေးထိုးပေးပြီး ဆေးသောက်ခိုင်းသည်။

အိုဗာတင်းတစ်ခွက် အမြန်ဖျော်ကာ ဆေးတိုက်ရသေးသည်။

နဖူးပေါ် ရေဖတ်စတင်ပေးရသည်။

"ကိုယ် ဆရာ့ကို ပြန်ပို့ပေးလိုက်ဦးမယ်။ ဟန်နီ ခဏစောင့်။ ကိုယ် ပြန်လာခဲ့မယ်နော်"

"ဦးလေး ... တကယ်ပြန်လာမှာလား"

"တကယ်ပါကွာ။ ခဏစောင့်နော်"

"ဟုတ်"

ဆရာ့ကိုပြန်ပို့ပေး။ ပြီးတော့ ငါးရံ့ဆန်ပြုတ်လေး တစ်ပွဲဝယ်ကာ ပြန်လာခဲ့သည်။

သူပြန်ရောက်တော့ ဟန်နီ မှိန်းနေသည်။

"ဟန်နီ"

"ဦးလေး"

ဟန်နီက သူ့ကိုကြည့်ရင်း မျက်ရည်ကျသည်။





"ကျေးဇူးပါပဲ ဦးလေးရယ်"

"မလိုပါဘူး ဟန်နီရယ်၊ ကဲ ... ဒီမှာ ငါးရံ့ဆန်ပြုတ်လေး ဝယ်လာတယ်။ ပူပူလေး သောက်လိုက်ဦး"

"မသောက်ချင်ဘူး ဦးလေးရယ်"

"မသောက်ရင် ဟန်နီ အားပြတ်သွားမှာပေါ့။ မသောက်လို့မရဘူး။ ပူပူလေး သောက်လိုက်ဦး"

ဆန်ပြုတ် ခွံ့တိုက်နေသောသူ့ကို ငေးကြည့်ရင်း ဟန်နီ မျက်ရည်ကျသည်။ မမြင်ချင်ဘူး ချစ်သူ့မျက်ရည်။

၆၀ တန်စာ၊ ဘူဖြုံပေးခြင်း၊ မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဗေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က သူ ဟန်နီ့နားမှ တစ်နေကုန်နီးပါးကြာသည်။ ပြန်လာရတာတောင် စိတ်မချ လက်မချ ပြန်ခဲ့ရသည်။

ဟန်နီ အိပ်ပျော်သွားမှ ပြန်လာခဲ့ရတာပါ။ စိတ်မကောင်းစွာနဲ့ ပြန်လာလိုက်မိတာ သားဖို့မုန့်ဝယ်ဖို့တောင်သတိမရ။

သားကိုတွေ့မှပဲ မုန့်မပါတာ သတိရသည်။ တော်ပါသေးရဲ့။ သားက အိပ်ပျော်နေလို့။ မေခက်တည်ကတော့ သူ့ကို အကဲခတ်နေသည်။

"ယောက်ျား တစ်ခုခုများ ဖြစ်နေလား။ နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

"ယောက်ျားကို ကြည့်ရတာ နွမ်းနေသလိုပဲ"





"ဘာမှမဖြစ်ပါဘူး မိန်းမရယ်"

"ရော့ ... လန်းသွားအောင် သံပရာရည်လေးသောက်လိုက်"

သံပရာရည်သောက်ရင်း ဆိုဖာပေါ် ခြေပစ်လက်ပစ် လှဲနေမိသည်။

မေခက်တည်က ဘာမှထပ်မမေးတော့ပါ။ သူ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ မမေးမှန်း သိပါသည်။

မေခက်တည်သည် သူ့အပေါ် နားလည်ပေးနိုင်ဆုံးသော မိန်းမဖြစ်သည်။

မေခက်တည်အပေါ် သူ အားတော့နာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာလည်း သူ ဟန်နီ့ဆီ ရောက်ပါသည်။ ဟန်နီ့ကို လန်းလန်းဆန်းဆန်း တွေ့ရသဖြင့် သူ စိတ်ချမ်းသာရသည်။

"မနေ့က ဦးလေးလာပေးလို့။ မဟုတ်ရင် ဟန်နီ ဒီနေ့ ထနိုင်မှာတောင် မဟုတ်ဘူး။ ကျေးဇူးပါပဲ ဦးလေးရယ်"

"ကိုယ်တို့ကြားမှာ ကျေးဇူးစကား မလိုပါဘူး ဟန်နီရယ်။ ဟန်နီ သက်သာတာကိုပဲ စိတ်ချမ်းသာလှပြီ။ ကိုယ် ညက တစ်ညလုံး အိပ်မပျော်ဘူးကွာ၊ အဖျားပြန်တက်နေမလား စိတ်ပူနေတာ။ မနေ့က ပြန်သာသွားရတာ စိတ်မချဘူး"





"ဟန်နီတို့နှစ်ယောက်က နီးရက်နဲ့ ဝေးခဲ့ကြတာနော်၊ ဟန်နီလည်း ဦးလေးရဲ့တန်ဖိုးကို သိတာကြာပါပြီ ဦးလေးရယ်။ ဒါပေမဲ့ ဟန်နီသိခဲ့တာ အချိန်မီပါတယ် ဦးလေးရယ်"

"ဟုတ်ပါတယ် ဟန်နီ။ ကိုယ်လည်း ဖိုးကျော်ကို အပြစ်မတင်ချင်တော့ဘူးလေ။ ကိုယ်တို့နှစ်ယောက်ရဲ့ ကံလို့ပဲ"

ဟန်နီက အဖျားသွေးမပြယ်ချင်သေးသော မျက်နှာနီနီလေးနှင့် အစ်အစ်ကလေးပြုံးရင်း ...

"ဟန်နီတို့နှစ်ယောက် ကံမဟုတ်ပါဘူး။ ဟန်နီ့ ကံပါ။ ဦးလေးက အစစအရာရာ အဆင်ပြေနေတာပဲ"

"ဟန်နီရယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ကစပြီး သူ ဟန်နီ့အခန်းကို မသွားရတော့။ ဟန်နီက သူမအမေ ပြန်ရောက်လာပြီမို့ မလာဖို့ပြောသည်။

သူမ အပြင်ကို ထွက်လာခဲ့မည်တဲ့။ အပြင်မှာတွေ့ဖြစ်ကြသည်။

နောက်ပိုင်း သူ အိမ်ကနေ နေ့တိုင်းထွက်ဖြစ်သည်။ မေခက်တည်ကို အကြောင်းပြတာကတော့ စာမေးပွဲနောက်တစ်ဆင့်ဖြေရန် သင်တန်းတက်နေသည်ဟု။

မေခက်တည်ကတော့ သူ့ကို ဘာမှစပ်စပ်စုစုမမေးပါ။ သူ ပြောသမျှကို လက်ခံသည်။

ထို့ကြောင့် တစ်ခါတစ်ရံ သူ အားနာရပါသည်။

သား ...။





သားကိုလည်း သူ သိပ်ချစ်ပါသည်။ သို့သော် ဟန်နီသည် သူမ၏လင်ပါသားကြောင့် စိတ်ထိခိုက်နေရသူဖြစ်သည်။ ကလေးက သူမကို ဘာမှစိတ်ဒုက္ခမပေးသော်လည်း ဒီကလေးကြောင့် သူမသည် သားသမီး ပိုင်ဆိုင်ခွင့်မဲ့ခဲ့သူဖြစ်သည်။

ထို့ကြောင့် သူက ဟန်နီ့ရှေ့မှာ သားအကြောင်း တတ်နိုင်သမျှ မပြောဖြစ်အောင်နေသည်။

သားအကြောင်း ပြောမိလို့ ဟန်နီက ပိုပြီးစိတ်အားငယ်မှာစိုးသည်။

တက်ဝေသည် ဟန်နီ့ကို ချစ်ခဲ့တုန်းကလည်း မိုးမမြင် လေမမြင် အရူးတစ်ပိုင်း ချစ်ခဲ့သူဖြစ်သည်။

ခုချိန်မှာလည်း သူသည် ဟန်နီ့ကိုချစ်ဆဲဖြစ်သည်။ သူ့အချစ်က ပျိုသည်၊ အိုသည်ဟူ၍ မရှိပါလားဟု သူ့ကိုယ်သူ ပြန်သဘောကျနေသေးသည်။ စည်းဆိုတာကို သူ မေ့နေခဲ့သည်။

ဇနီးဖြစ်သူ၏ နောက်ကွယ်မှာ ရည်းစားဟောင်းနဲ့ ပြန်တွေ့တာဟာ ရိုးသားမှု မဟုတ်တာကိုတော့ သူ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒါကို အပြစ်လို့ သူ မယူဆ။ သူနှင့် ဟာန်နီသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းမရှိ။ အားငယ်ကာ ကွက်လပ်ဖြစ်နေသော ဟာန်နီ့ကို သူ ဖေးမနေတာဟာ သင့်လျော်သည့်လုပ်ရပ်ဟု သူ ယူဆသည်။

သို့သော် ဒီကိစ္စကို မေခက်တည်ကိုလည်း သူဖွင့်မပြောချင်။ မေခက်တည်က သိရင်လည်း နားလည်ပေးပည့်မိန်းမဖြစ်သည်။ သို့သော် မေခက်တည်သိရင် ဒီလောက်လှုတ်လှုတ်လပ်လပ်တွေ့လို့ မကောင်း။ ဟာန်နီသည်လည်း အားငယ်သွားနိုင်၏။

သူသည် ဘာကိုပဲတွေးတွေး ဟာန်နီ့ဘက်ကိုပဲ ဦးစားပေး တွေးမိသည်။ ဟာန်နီနှင့်စာရင် မေခက်တည်နဲ့ သားက အလိုလိုနောက်ရောက်နေတာကို သူ့ကိုယ်သူ သတိမထားမိ။

* * *





"ဦးလေးရေ"

ဟာန်နီ့ဆီက ဖုန်းဝင်လာချိန်မှာ မေခက်တည် ရေချိုးခန်းထဲဝင်နေ၍ တော်သေးသည်။

ညဘက်ဆက်တာဟာ သူ့အတွက် အကျပ်အတည်းဖြစ်သော်လည်း မဆက်ဖို့ ဟာန်နီကို မပြောရက်ပါ။ တော်ကြာ အရေးကြီးကိစ္စရှိရင် မခက်ပါလား။ ဖုန်းယူပြီး ဝရန်တာထွက်လာခဲ့ရသည်။

"ပြောလေ ဟာန်နီ၊ ဘာဖြစ်လို့လဲ"

"ဘာမှအရေးတကြီးတော့ မရှိပါဘူး။ မနက်ဖြန် မော်တင်မှာတင်တဲ့ ဟာသကား လိုက်ပြပါလားလို့ ပြောမလို့။ ပျော်စရာမရှိတဲ့ ဘဝဆိုတော့ ဟာသကားတွေက အလွတ်



www.burmeseclassic.com

www.burmeseclassic.com



ခံလို့ မဖြစ်ဘူးလေ။ ယုတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရယ်ချင်တယ်”

“အေး ... အေးပါ၊ ကိုယ် မနက်ကျရင် လာခေါ်မယ်၊ ဟုတ်ပြီလား”

“နေ့ခင်းပွဲ ကြည့်မှာနော်”

“အင်း ... အင်း ... ကိုယ်လာခေါ်မယ်နော်”

“ဖုန်းချချင်နေပြီလား ဦးလေး။ ဒါပဲနော်”

ဟန်နီ ဖုန်းချသွားမှ သက်ပြင်းချနိုင်သည်။ မေခက်တည်ကို ကြည့်လိုက်တော့ ဟန်မပျက် စာအုပ်ဖတ်နေတာ တွေ့ရသည်။ တော်ပါသေးရဲ့။





ဟန်နီ တော်တော်လိမ္မာလာသည်ဟု သူ ထင်မိသည်။

အရင်ကဆို တော်တော်ဆိုးသည့် ဟန်နီက ခုဆို သူ့ကို လိုက်လိုက်လျောလျောရှိလို့ စိတ်ချမ်းသာရသည်။ ဒီနေ့လည်း ရုပ်ရှင်ကြည့်တာကို သူ့အတွက် ကွာစေ့တွေ နေကြာစေ့တွေ အခွံနွှာပေးလာ၏။

မေခက်တည်နှင့် သူ့ကြားမှာတောင် လင်မယားဖြစ်ပြီး ဒီလိုယုယမှုမျိုး မရှိဘူးလေ။

အရင်က ကိုယ့်အပေါ် ဆိုးခဲ့ အနိုင်ယူခဲ့တဲ့ ဟန်နီက ဒီလိုအပြုအမူမျိုးတွေ လုပ်နေတာကို သူကိုယ်တိုင်တောင် မယုံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်တက်ရင် ဖိနပ်ကိုင်ပေးတတ်သော ဟန်နီ။ ကော်ဖီဆိုင်ထိုင်ရင် ကော်ဖီခွက်ကလေး ကိုင်ပေးတတ်သော ဟန်နီ။

ဘယ်လိုပဲဖြစ်ဖြစ် ယောက်ျားဆိုတာမျိုးက မိန်းမ မာယာကို ခံနိုင်ရည်စွမ်းအင် နည်းတတ်သည်မို့လား။ ကိုယ်ချစ်တဲ့ မိန်းမရဲ့ မာယာဆိုတော့ ပိုပြီးခံနိုင်ရည်မရှိတာပေါ့။

ဟန်နီ့ထံတွင် သာယာနေသော တက်ဆေဟာ မေခက်တည်နဲ့ သားအပေါ်ကို လစ်ဟင်းလာခဲ့သည်။ ဒါကို တက်ဝေကိုယ်တိုင် သတိမပြုမိဘဲ အရှိန်ဖြင့် လိမ့်ချင်တိုင်း လိမ့်နေခဲ့သတဲ့။





တက်ဆေ ဒီနေ့ ဟန်နီ့ကို ကျောက်တန်းရေလယ်ဘုရားသို့ လိုက်ပို့ပေးဖို့ ပြောထားသည်မို့ သွားဖို့ပြင်ဆင်နေမိသည်။

"ယောက်ျား အပြင်သွားမလို့လား"

"ဟုတ်တယ်၊ ကိုယ် ဒီနေ့ နည်းနည်းနောက်ကျမယ်နော်"

"ယောက်ျား ... သား နေမကောင်းဘူး"

"ဟုတ်လား၊ ဘာဖြစ်တာလဲ"

"ကိုယ်ပူနေတာ။ ခုနကလည်း နွားနို့တိုက်တာ ပြန်အန်တယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ သားအခန်းဆီ ပြေးသွားမိသည်။ သားတောင် ဒီရက်ပိုင်းအတွင်း ပိန်သွားသလိုပဲ။ သူ သားကိုချီရင်း အပြစ်မကင်းသလို ခံစားနေရသည်။

"သား ... သား"

"ဖေဖေကြီး သားသား နေကောင်းဘူး"

"အေး ... သားလေး ကောင်းသွားအောင် ဖေဖေလုပ်ပေးမယ်နော်။ မိန်းမ ... သားကို ဆေးခန်းပြရအောင်"

"ဘိုကင်ကြို့ယူပြီး ပြီ ယောက်ျား။ ကိုးနာရီပြရမယ်"

"အင်း ... အခု ရှစ်နာရီဆိုတော့ ခဏနေရင် သွားကြတာပေါ့"

မေခက်တည်က ခေါင်းညိတ်ပြသည်။ သူလည်း ဟန်နီ့ကို ပို့ပေးမည့် အစီအစဉ်ကို ဖျက်ရတော့မည်။

"မိန်းမ ကိုယ် အပေါ့သွားချင်လို့ သားကို ခဏခေါ်ထားဦး"

ရေချိုးခန်းထဲဝင်ကာ ဟန်နီ့ကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောရသည်။

ပြီးမှ ...





သားကို ဆေးခန်းလိုက်ပို့ရသည်။

ကလေးက သွေးလွန်တုပ်ကွေး ဖြစ်တာမို့ ဆေးရုံတင်လိုက်ရသည်။

တော်ပါသေးရဲ့။ သူ မသိဘဲနဲ့ ကျောက်တန်းထွက်သွားမိရင်အခက်။

သားက ဆေးရုံမှာ မနေချင်၍ ဂျီကျနေသည်။ မေခက်တည်ကလည်း သားကိုကြည့်ပြီး မျက်ရည်ဝဲနေသည်။

"ယောက်ျား"

"မိန်းမ စိတ်မပူနဲ့။ ဆေးရုံရောက်နေပြီလေ။ ကိုယ်တို့သားလေး ဘာမှမဖြစ်နိုင်တော့ပါဘူး"

သား ဘယ်တုန်းကစပြီး နေမကောင်းဖြစ်မှန်း သူ မသိပါ။ သားနဲ့ မေခက်တည်အပေါ် သူ တော်တော်အားနာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သား ဆေးရုံမှာရှိစဉ်တစ်လျှောက်တော့ သူ ဟန်နီ့ဆီ မရောက်ဖြစ်ပါ။ ဖုန်းလည်း မဆက်ဖြစ်။ ဟန်နီက သားအခြေအနေ လှမ်းမေးရင်း တစ်ခါလှမ်းဆက်သေးသည်။

အဲဒီနောက် သူ မဆက်လို့လားမသိ။ သူမဆီက လည်း ဖုန်းမလာပါ။

ထိုရက်တွေအတွင်း သားကိုစိတ်ပူရင်းက သူမကို သူ တကယ်သတိရနေခဲ့ပါသည်။

သို့သော် သူ သားနားက ခွာသွားလို့ မရလို့ သူမ ဆီ ဖုန်းမဆက်တာပါ။ သူမအသံကြားရင် သူမဆီ သွားချင်မှာလေ။

ဒီရက်ပိုင်း မေခက်တည်လည်း ပိန်သွားသည်။ သားကို ဆေးရုံမှာစောင့်ရင်း မေခက်တည် အိပ်ကိုမအိပ်သလောက် ပါပဲ။





သားကို စိတ်ပူတာလည်း ပါမှာပါ။

သူလည်း သားကိုရော မေခက်တည်ကိုပါ ဂရုစိုက် ပါသည်။

မေခက်တည်ကိုလည်း သူမကြိုက်တတ်တာလေးတွေ ဝယ်ကျွေးမိသည်။

"ကျေးဇူးပဲယောကျ်ား" တဲ့။

သူတို့တွေဟာ လင်မယားတွေပဲ။ ကျေးဇူးစကား လိုသေးလို့လားလို့ သူ အကြိမ်ကြိမ် စဉ်းစားမိသည်။ ခုဆို သူနဲ့ ဟန်နီ့ကြားမှာတောင် ကျေးဇူးစကား မလိုသလိုပဲ။

ဟန်နီ ဖြစ်ချင်တာကို သူ အလိုလိုဖြည့်ဆည်းပေး နေခဲ့သည်လေ။

ထားပါလေ။

သတ်မှတ်ချက်တွေ၊ တော်စပ်မှုတွေဆိုတာက ရင် တွင်းခံစားချက်မှ မဟုတ်တာ။

နှလုံးသားထဲက ထွက်ပေါ်လာတဲ့ ဆန္ဒနဲ့တော့ ဘယ်ထပ်တူကျပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေခက်တည် ဆိုတာက သူ့ရဲ့ဇနီးဖြစ်ပြီး ဟန်နီက တော့ သူသိပ်ချစ်ရသူလေ။ အနေအထားကတော့ မတူဘူးပေါ့။

သား ဆေးရုံတက်နေစဉ်တစ်လျှောက် မေခက်တည် က သားနားကမခွာဘဲ သူကတော့ လိုအပ်သည့် ဆေးဝယ်၊ ဈေး ဝယ်၊ လိုတာအိမ်ပြန်ယူ စသဖြင့် မနားရပါ။

ခုတော့ သားလည်း သက်သာလာပါပြီ။ သားက နေမကောင်းဖြစ်မှ သူ့ကို အပျောက်မခံချင်။ သူ့ကိုမတွေ့ရင် ငိုသည်။

သူသည် သားနဲ့ ဟန်နီဆိုသော ကြိုးနှစ်ချောင်းကြား မှာ တင်းကျပ်နေသလို ခံစားရသည်။

ဟန်နီနဲ့ ဓာတ်လမ်းကို သူ ဘယ်လိုဆက်ရမလဲ မသိသေးပါ။ သူ့ရင်ထဲမှာရှိတဲ့ ဆန္ဒကတော့ သူ့အပေါ် နားလည် ပေးနိုင်တဲ့ မေခက်တည် သူ့ကို ဆက်လက်နားလည်ပေးနိုင်ပါစေ ဟုပင်။





သား ဆေးရုံက ပြန်ဆင်းလာတော့ တက်ဝေသည် ဟန်နီ့ထံ သွားမြဲအတိုင်း သွားတွေ့ပြန်ပါသည်။

စိတ်ဆင်းရဲရသူက မေခက်တည်ပါ။

တက်ဝေနဲ့ ဟန်နီ အဆင်ပြေပေမယ့် မေခက်တည် ကတော့ အဆင်မပြေပါ။

မေခက်တည်သည် တက်ဝေနဲ့ ဟန်နီတွေ့နေတာ ကို အစောကြီးကတည်းက သိပါသည်။

မေခက်တည်တို့က အသိုင်းအဝိုင်း ကျယ်ပြန့်ပါ သည်။ မေခက်တည်ကို ပြန်ပြောတဲ့သူ တော်တော်များပါပြီ။

တက်ဝေနဲ့ ဟန်နီသည် နည်းနည်းလေးမှ အနေ အထိုင်မဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူမြင်ကွင်းမှာ သမီးရည်းစားတွေလို တွဲသွားတွဲလာ လုပ်နေကြသည်။

ရန်ကုန်မြို့ကြီးက ကျယ်ပါသည်။ သို့သော် မေခက်တည်တို့ အသိုင်းအဝိုင်းကလည်း ကြီးပါသည်။

ရန်ကုန်မြို့ကြီး ကျယ်ပေမယ့် သွားစရာနေရာကတော့ လက်ချိုးရေတွက်လို့ ရပါသည်။

ကန်ရေပြင်ဆိုတာ ကန်တော်ကြီးနဲ့ အင်းလျားပဲရှိသလို ဘုရားသွားသူ အများစုကလည်း ရွှေတိဂုံကိုပဲ သွားကြပါသည်။

ရုပ်ရှင်ရုံကရော ဘယ်နှရုံရှိသလဲ လက်ချိုးရေတွက်လို့ ရပါသည်။

ရှော့ပင်းစင်တာကရော ဘယ်နှခုရှိပါသလဲ။

ဒီအသိုင်းအဝန်းထဲမှာပဲ အားလုံးက ကျင်လည်နေကြတာပါ။

ဒီတော့ မေခက်တည်ယောက်ျား တက်ဝေကို တွေ့သူတွေ တွေ့ကြပါသည်။





ခက်သည်က တက်ဝေ တွဲနေသော ဟန်နီကလည်း လွတ်လပ်သူ မဟုတ်။

အများအမြင်မှာ မသင့်တော်သလို မေခက်တည် အတွက်လည်း မသင့်တော်ပါ။

တက်ဝေ ဟန်နီ့ကို ဘယ်လောက်ထိ ချစ်သည်ဆိုတာကို သူမ သိပါသည်။

သို့သော် တက်ဝေသည် ခုလောက်ထိ မိုက်မဲလိမ့်မည်ဟုတော့ မထင်ခဲ့မိပါ။

တက်ဝေသည် သူမကိုသာမက သားကိုလည်း မေ့နေခဲ့ပြီဖြစ်သည်။

ဟန်နီနဲ့ယှဉ်ရင် သားသည်လည်း နောက်သို့ရောက်နေခဲ့ပါပြီ။

မေခက်တည် ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ရမှန်းမသိပါ။ ဘယ်လိုဖြေရှင်းရမယ် မသိသေးလို့ သူမ သိနေတာကို မသိချင်ယောင် ဆောင်ထားရတာ ပင်ပန်းလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေခက်တည်သည် ဒီပြဿနာကို အညင်သာဆုံး ဖြေရှင်းချင်သည်။ လူသိရှင်ကြား အရှက်တကွဲလည်း မဖြစ်လိုပါ။

ပြီးတော့ ဟန်နီ့ကြောင့်လည်း သူမတို့မိသားစု အပြိုကွဲမခံနိုင်ပါ။

တက်ဝေရော ဟန်နီပါ လွတ်လပ်ကြသူတွေ မဟုတ်သလို သားကရှိသေးသည်။

သူမက တက်ဝေကို နားလည်ပေးလိုက်နိုင်ရင်တောင် သားကိုတော့ မိတကွဲ ဖတကွဲ မဖြစ်စေချင်ပါ။

အဖြစ်ကိုမခံနိုင်ပါ။

သားအတွက် ဒီအိမ်ထောင်ရေးကို လုံးဝကို ပြိုကွဲမခံနိုင်ပါ။

ဟန်နီသည်လည်း သူမခင်ပွန်းအပေါ် သစ္စာရှိသင့်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဟန်နီက အရင်လက်ထပ်သွားသူဖြစ်သည်။ ခုမှ သူများအိမ်ထောင်ရေးကို လာနှောင့်ယှက်သလို ခံစားမိသည်။





မေခက်တည်သည် တက်ဝေကို အချစ်ကြောင့် လက်ထပ်ထားတာ မဟုတ်ပေမယ့် တည်ပြီးတဲ့ဘုရား ပြန်မဖျက်ချင်တာ မြန်မာမိန်းမသားတစ်ယောက်ရဲ့ ဆန္ဒပါ။

ပြီးတော့ တက်ဝေနဲ့ သူမကြားမှာ သံယောဇဉ်ကြိုးလည်း ရှိထားပြီး ဟန်နီကြောင့်သာ မဟုတ်ရင် သူတို့အိမ်ထောင်ရေးဟာ ဘာအဖုအထစ် ပြဿနာမှ ရှိတာမဟုတ်ဘူးလေ။

ဒီတော့ ဘယ်လိုမှ သူမဘက်က တက်ဝေကိုမစွန့်လွှတ်နိုင်။

ဒီရက်ပိုင်း ထိုပြဿနာအတွက် စဉ်းစားရလွန်းလို့ ကောင်းကောင်းအိပ်မပျော်။ စားလို့လည်း မဝင်ပါ။

သူမ ပိန်တောင်ပိန်သွားသည် ထင်ပါရဲ့။ အင်္ကျီတွေတောင် အနည်းငယ် ပွသွားသည်။

သို့သော် တက်ဝေကတော့ သတိထားမိမှာ မဟုတ်ပါဘူးလေ။

သားလေးကိုကြည့်ပြီး ဝေဒနာကို အဖြေရှာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုထိကို အဖြေမရသေးပါ။

သက်ပြင်းတွေကို အကြိမ်ကြိမ်ချရင်း ...။

အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့ နေရာမှာ အခြေခံအကျဆုံး အချက်က သစ္စာရှိမှုပဲ ဖြစ်ပါသည်။

— သစ္စာမရှိတဲ့ အိမ်ထောက်ရေးဟာ ပြိုလဲဖို့ အလွယ်ကူဆုံးပါပဲ။

ဘယ်သူကမှတော့ ကွဲကွာမယ့် အိမ်ထောင်ရေးမျိုး တည်ဆောက်ချင်မှာ မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ဆိုတာတွေ ပေါ်ပေါက်လာမှသာ။ ထိုအကြောင်းတွေထဲမှာ သစ္စာမဲ့မှုက မဖြစ်သင့်ဆုံးပါပဲလေ။





မေခက်တည်သည် တစ်ယောက်တည်း စဉ်းစားလို့ မရတဲ့အခါမှာ တက်ဝေနဲ့ ဟန်နီ့အကြောင်းကိုသိပြီး သူမကိုလာပြောသော သူငယ်ချင်းကို တိုင်ပင်ဖြစ်သည်။

"ငါ ဘာလုပ်ရမလဲ ခိုင်ရယ်"

"နင် ကြမ်းလို့တော့ မရဘူး မေခက်တည်။ နင်ကိုင်တွယ်တတ်မှ ဖြစ်မယ်နော်"

ခိုင်သည် ကလေးနှစ်ယောက်ရှိပြီး သူမ ခင်ပွန်းနှင့်လည်း အဆင်ပြေကာ သာယာသော အိမ်ထောင်တစ်ခု ထူထောင်နိုင်သူဖြစ်သည်။

ထို့ကြောင့်လည်း သူမ ခိုင်နဲ့တိုင်ပင်ဖြစ်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ မိန်းမတစ်ယောက်ရဲ့ လုပ်ရပ်တွေက အဓိကကျတယ်ဟဲ့"

"ယောက်ျားကို ပျော်အောင်ချည်ထားနိုင်တာလည်း မိန်းမပဲ။ စိတ်ကုန်အောင် တွန်းထုတ်တာလည်း မိန်းမပဲဟ"

နိုင့်ရဲ့ဒဿနာတွေက မှတ်သားလောက်ပါသည်။

"သိပ်ပြီးတော့ မိုက်ရိုင်း၊ ရိုင်းစိုင်းပြီး အသိဉာဏ်မရှိတဲ့ယောက်ျားမျိုးကတော့ ထိန်းဖို့မလွယ်ဘူးပေါ့ဟာ။ သာမန်နဲ့ သာမန်ထက် တစ်ခုခုသာနေတဲ့ ယောက်ျားတွေကတော့ ထိန်းလို့ရပါတယ်"

"နိုင်ရဲ့ ... ငါ့ရဲ့ပြဿနာကကျတော့ အဲဒီဟန်နီဆိုတဲ့ ကောင်မလေးက သူ့အချစ်ဦး၊ သူအရမ်းချစ်တဲ့သူပေါ့ဟာ။ ငါနဲ့ကျတော့ သင့်တော်တယ်ထင်လို့ လက်ထပ်ခဲ့ကြတာလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ နင်တို့က တရားဝင်လက်ထပ်ပြီးသား။ သားတစ်ယောက်လည်း ရှိနေသေးတယ်



လေ။ ဘာပဲဖြစ်ဖြစ် နင် လျစ်လျူရှုထားလို့ မရဘူး။ ကလေးအတွက်ပဲဖြစ်ဖြစ် နင် ထိန်းရမယ်"

"ငါလည်း အဲလိုပဲ ဆန္ဒရှိတယ်"

"အင်း"

"ငါ့အိမ်ထောင်ရေးကို အပြိုကွဲမခံနိုင်ဘူး။ ငါတို့က မြန်မာမိန်းမ။ ပြီးတော့ ငါတို့မျိုးရိုးမှာ လင်ကွာမယားကွာဆိုတာ မရှိခဲ့ဘူး။ ငါ့ကျမှ အဖြစ်မခံနိုင်ဘူး နိုင်"

"အေး ... နင် ခုချိန်ထိ နင်သိတာကို မျိုသိပ်ပြီး ဖြေရှင်းစရာ နည်းလမ်းရှာနေတာကိုက နင် ဒီကိစ္စကို ဖြေရှင်းနိုင်ဖို့ တစ်ဝက်သေချာနေပြီ။ နင် ဝုန်းဒိုင်းကြဲလိုက်ရင် နင့်ဘက်က လုံးဝငွမ်းမှာ။ ငါ ခုနကစကားကို ပြန်ဆက်ရရင် ...

ယောက်ျားတစ်ယောက်ကို ပျော်အောင်ချည်နှောင်ဖို့ဆိုတာ လွယ်တော့မလွယ်ဘူး။ စိတ်ကုန်အောင် တွန်းထုတ်ဖို့ကျတော့ အရမ်းလွယ်တယ် ...

www.burmeseclassic.com

မိန်းမတစ်ယောက်ဟာ အိမ်ထောင်ပြုတော့မယ်ဆိုရင် ကိုယ့်အိမ်ထောင်ဘက်အတွက် သာမန်မိန်းမဖြစ်ဖို့လိုတယ်ဟ"

"သာမန်မိန်းမ"

"ဟုတ်တယ်၊ သာမန်မိန်းမဖြစ်ဖို့လိုတယ်"

ခိုင်က အအေးမော့သောက်ရင်း ...

"နင်လည်း အအေးသောက်လိုက်ဦး။ သာမန်မိန်းမဆိုတာက ...

1) **ပညာမတတ်တဲ့မိန်းမ မဖြစ်ရဘူး။**

ငါဆိုလိုတာက ပညာမတတ်တဲ့မိန်းမဆိုတာ အတန်းပညာကိုချည်းပဲ ဆိုလိုတာ မဟုတ်ဘူး။ အတန်းပညာမတတ်ခဲ့ရင်တောင် လက်လှမ်းမီရာ စာတွေကို ဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတရှိအောင် ကြိုးစားသင့်တယ်။ ပညာလည်းမတတ်၊ ဗဟုသုတလည်း မရှိတဲ့ မိန်းမတစ်ယောက်ဟာ သူ့အိမ်ထောင်ရေးကို ဘယ်လိုလုပ်ပြီး ကောင်းကောင်း





ထိန်းနိုင်မှာလဲ။ နိုင်စားဝတ်၊ လှည့်စားတတ်တဲ့ ယောကျ်ားမျိုး၊ ပြီးတော့ သူ့လိုပဲ ပညာမတတ်၊ ဗဟုသုတမရှိတဲ့ ယောကျ်ားမျိုးနဲ့တွေ့ရင် ဒုက္ခရောက်မှာပေါ့ ...

2) **ရိုးသားလွန်းပြီး နုံလွန်း၊ အေးလွန်း၊ အ,လွန်းတဲ့ မိန်းမလည်း မဖြစ်ရဘူး ...**

အရမ်းရိုးသားပြီး အေးတဲ့၊ နုံတဲ့၊ အ,တဲ့မိန်းမကျတော့လည်း ယောကျ်ားလှည့်တာ ခံရမှာပဲ။ အိမ်ထောင်တစ်ခုကို အောင်မြင်အောင်ထိန်းဖို့ကို သူ ရိုးအ၊ နုံအနေတာနဲ့ပဲ ယောကျ်ားရဲ့အထင်သေးလှည့်စား နိုင်စားခံရမှာပဲ။ ပြီးတော့ အဲလို ရိုးအ,တဲ့မိန်းမတွေက ပတ်ဝန်းကျင်စကားကို ယုံလွယ်တတ်သေးတယ်၊ မနာလို သွေးထိုးတာမျိုးကို ယုံတတ်ရင်လည်း အောင်မြင်တဲ့ အိမ်ထောင်တစ်ခုကို ထူထောင်ဖို့ မလွယ်ဘူး ...

3) **ပညာအရမ်းတတ်တဲ့မိန်းမ မဖြစ်ရဘူး။**

အခုနလိုပဲဟာ ငါဆိုလိုတာက အတန်းပညာတွေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တွေ ဒီဂရီတွေ ဘယ်လောက်ပဲရရ ကိုယ့်အိမ်ထောင်ရေးမှာတော့ အဲဒီပညာတွေ ချပြလို့မရဘူး။ အိမ်ထောင်ရေးမှာက ဘွဲ့လက်မှတ်တွေ ဒီဂရီတွေ မလိုဘူးဟ။ အဲဒါကြောင့် မိန်းမတစ်ယောက်က ငါ ပညာတွေသိပ်တတ်တယ်ဆိုပြီး မာန်တက်ဖို့ထက် ကိုယ့်အိမ်ထောင်ကို သာယာအောင် တည်ဆောက်နိုင်တဲ့ ပညာတတ်ဖို့ပဲလိုတယ်။ ကိုယ်က ဘွဲ့တွေတသီကြီးရရင်တောင် မာန်မတက်ဘဲ သာမန်မိန်းမလိုပဲ အိမ်ရှင်မ ပီသရမယ်။ မာန်ထောင်မိရင် ယောကျ်ား ရဲ့အမြင်ကတ်ခြင်းခံရပြီး အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်တယ်"

**2) ဂျီကျတတ်တဲ့မိန်းမ မဖြစ်ရဘူး ...**

နောက်ဆုံးအမျိုးအစားပေါ့ဟာ၊ အဲဒီအမျိုးအစား မိန်းမမျိုးတွေကျတော့ အသုံးအဖြုန်းကြီးတာနဲ့လည်း ဆက်နေတယ်ဟ၊ သုံးဖို့ဖြုန်းဖို့၊ ဝတ်ဖို့၊ စားဖို့ လှပဖို့အတွက်ပဲ စဉ်းစားပြီး ယောကျ်ားကို ကဂျီကဂျောင်ကျတယ်ပေါ့





ဟာ၊ သူတို့လို မိန်းမတွေကကျတော့ ယောကျ်ားဆိုတာ မိန်းမသုံးဖို့ လိုသလောက်ရှာပေးရမယ့်တာဝန်ရှိတယ်လို့ ထင်ကြတယ်၊ သုံးချင်သလိုမသုံးရတဲ့အခါကျတော့ ဂျီကျတော့တာပဲ၊ အဲ ... နောက်တစ်မျိုးရှိသေးတယ်၊ သုံးဖို့ဖြုန်းဖို့ဂျီကျတာမဟုတ်ဘူး၊ အဲဒီမိန်းမတွေကျတော့ ယောကျ်ား ဟိုဟာလုပ် လုပ်ပြန်ပြီ၊ ဒီဟာလုပ်လုပ်ပြန်ပြီနဲ့ နေရာတကာ လိုက်ပြောတတ်တဲ့မိန်းမမျိုးပေါ့ဟာ၊ မလျော့မတင်းစောင်းကြိုးညှင်းတဲ့၊ သူ့ဘက်ကိုယ့်ဘက်လည်း မစဉ်းစားဘဲ နေရာတကာ လိုက်ပြောတော့လည်း အဲဒီယောကျ်ားက စိတ်ရှုပ်ကုန်လာတတ်တယ်လေ"

နိုင်က မောသွားသလို အအေးကို လက်စသတ်လိုက်သည်။ အအေးခွက်ကလေးတောင် မအေးနိုင်တော့။ ရေခဲတွေလည်း ပျော်ကုန်ပြီး အပူငွေ့လေးတောင် ဟပ်ချင်ပြီ။

မေခက်တည်က နိုင့်စကားအဆက်ကို နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် အိမ်ထောင်ရှင်မတစ်ယောက်ဟာ သာမန်မိန်းမပဲဖြစ်သင့်တယ်၊ အရမ်းကြီးအလှေကျွမပေးရဘူး၊ သိပ်ပြီးတော့လည်း မတင်းကျပ်ရဘူး၊ ချော့တန်ချော့ ခြောက်တန်ခြောက်ပေါ့ဟာ၊ တစ်ခုရှိသေးတယ်၊ ဆိုလိုတာက ခဏခဏမျက်ရည်ကျပြ၊ မျက်ရည်ခံထိုးပြီး ငိုယိုတတ်တဲ့ မိန်းမတွေကိုလည်း ယောက်ျားတွေမနှစ်သက်ဘူးဟ၊ တချို့မိန်းမတွေကတော့ ထင်တယ်၊ မျက်ရည်ကျပြရင် သနားမှာပဲလို့၊ တစ်ခါတလေဆိုရင်တော့ သနားကောင်းသနားနိုင်တယ်၊ ထစ်ခနဲဆို မျက်ရည်ကျပြနေရင်တော့ စိတ်ပျက်ခံရမှာပဲ ...

နောက်တစ်မျိုးရှိသေးတယ်၊ ယောက်ျားကို ချွဲရနွဲ့ရမှာကို ရှက်စရာလိုလို၊ သိက္ခာကျသလိုလို၊ ဏ္ဍာရေမရှိသလိုလိုထင်တဲ့သူမျိုးပေါ့၊ တကယ်တော့ ယောက်ျားမှမဟုတ်ဘူး၊ ဘယ်သူမဆို ချိုချိုသာသာ၊ ချွဲချွဲနွဲ့နွဲ့လေးပြောရင် ကြိုက်တာပဲ၊ ရုပ်မာထန်နေရင် ဘယ်သူကသဘောကျမှာလဲ၊ ချစ်လို့ယူတာပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းနဲ့ယူတာပဲဖြစ်ဖြစ် ချော့ပြော၊ ချွဲပြီးပြောရင် အဲဒီယောက်ျား ကိုယ့်ဘက်





ပါတာပဲ၊ တစ်ခုတော့ရှိတယ်၊ တရားလွန်ကြီးတော့ ချွဲပျစ်လို့မရဘူးပေါ့ဟာ၊ အချွဲလွန်တော့လည်း ရွံစရာကြီးဖြစ်နေလိမ့်မယ် ...

ဆေးလိပ်သောက်ရင်သောက်ပြန်ပြီ၊ အရက်သောက်ရင်သောက်ပြန်ပြီ မူဆူမယ့်အစား ဆေးလိပ်သောက်ရင် ဘယ်လိုဆိုးကျိုးတွေရနိုင်လို့ မသောက်သင့်ကြောင်း ပြောပြပေးတာက ပိုကောင်းတယ် ...

နေရာဘကာမပြောဘဲ ပြောသင့်ပြောထိုက်တဲ့အခါကျမှ ပြောတော့ ကိုယ့်စကားလည်း အရာရောက်တာပေါ့ဟာ၊ အဓိကအကျဆုံးကတော့ သာမန်မိန်းမဖြစ်ဖို့ပဲ"

"ငါ နင့်ပြောတဲ့စကားတွေထဲမှာ အဲဒီစကားတစ်ခွန်းကို အကြိုက်ဆုံးပဲ ခိုင်၊ သာမန်မိန်းမ၊ သာမန်အိမ်ထောင်ရေး စံပြအိမ်ထောင်ရေးမဖြစ်နိုင်ရင်တောင် အကွဲအပြဲတွေနဲ့ ဆိုးဝါးတဲ့အိမ်ထောင်ရေးတော့ မဖြစ်ချင်ဘူး၊ အနည်းဆုံး သာမန်အိမ်ထောင်ရေးတော့ဖြစ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နင် ကိုတက်ဝေကို ဆူပူလို့လည်းမရဘူး၊ လျစ်လျူရှုထားလို့လည်းမဖြစ်သေးဘူး၊ သူ့ကို ဖြည်းဖြည်းချင်းထိန်းပြီး နင်တို့သားအမိဘက်ပြန်ပါအောင်လုပ်ရမယ်၊ သူ ဟိုတစ်ယောက်ဆီသွားမယ်ထင်ရင် ကိုယ်က မသွားနိုင်တဲ့အကြောင်းအရာဖြစ်အောင်လုပ်ရမယ်"

"အိုခေ ... ငါ သဘောပေါက်ပြီ နိုင်"





ဖုန်းလာသံကြားလိုက်သည်။ ဝရန်တာထွက်ပြီးပြောသောဖုန်းဆိုရင် ဘယ်သူ့ဆီကလာတဲ့ဖုန်းလဲဆိုတာ မခေက်တည် ခန့်မှန်းလို့ရပါသည်။

မသိချင်ယောင်ဆောင်ရတာ ပင်ပန်းလှပါသည်။ သားကို ချော့သိပ်နေပေမယ့် သူတို့ ဘာတွေပြောနေလဲဆိုတာ သိချင်နေသေးသည်။

ခဏနေတော့ သူ အပြင်ထွက်ဖို့ ပြင်ဆင်နေသည်။ မခေက်တည်သည် ကြိုတင်စဉ်းစားထားသည့်အတိုင်း ခပ်မြန်မြန်သရုပ်ဆောင်လိုက်ရသည်။

"တက်ဝေရေ ... တို့ကို ခိုင်ဆီကို ခဏလိုက်ပို့ပေးပါလား၊ ကိုယ်ကြည့်ဖို့ယူထားတဲ့ စိန်ထုပ် သွားပြန်ပေးရမှာ ခေါင်းနည်းနည်းကိုက်ပြီး ကားမမောင်းနိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com



“မိန်းမမလိုက်လည်းရလား၊ ကိုယ် အပြင်သွားစရာရှိလို့ ဝင်ပေးပေးမယ်လေ”

“မလိုက်လို့မရဘူး၊ ခိုင်နဲ့ပြောစရာလည်းရှိသေးတယ်။ တက်ဝေ လိုက်ပို့လို့မရဘူးလားဟင်”

“အင်း ... ကိုယ် သွားစရာလေးရှိနေလို့”

“မိန်းမကို ခိုင့်ဆီဝင်ပို့ပေးပြီးမှ သွားလိုက်တော့ကွာနော်”

“ပြန်လာကြိုရဦးမလား”

“ခိုင်နဲ့က မကြာဘူး ယောက်ျားရဲ့ ခဏပဲ၊ ခိုင့်ဆီဝင်ပြီးရင် ယောက်ျားသွားတဲ့ဆီလိုက်ခဲ့လိုက်မယ်လေ၊ ပြီးမှ အတူပြန်တာပေါ့”

“ဟာ ... လိုက်လို့မရဘူး”

“ဘာဖြစ်လို့လဲ ယောက်ျားရဲ့”

“အဲ ... ဘာမှမဖြစ်ပါဘူး၊ သားကရှိသေးတော့”

“သားကို နာနီနဲ့ထားခဲ့မယ်လေ၊ တစ်ခါတလေတော့ ယောက်ျားနဲ့ အေးဆေးသွားချင်သေးတာပေါ့”





တက်ဝေ မျက်နှာမသိမသာပျက်သွားသည်။ မေခက်တည်က သားအိပ်သွားပြီမို့ အဝတ်အစားထလဲလိုက်သည်။

“အဆင်ပြေရင်လည်း ဖျက်လိုက်ပါယောက်ျားရယ်၊ ယောက်ျားသွားစရာမရှိတော့ရင် အပြင်မှာ ထမင်းစားရအောင်၊ အိမ်ထမင်းအိမ်ဟင်းကို ခုတလော လျှာမတွေ့ဘူးဖြစ်နေတယ်”

အဲဒီလိုနဲ့ တစ်မျိုးပြီးတစ်မျိုး မရိုးရလေအောင် အကြောင်းပြချက်တွေပေးပြီး တားဆီးခဲ့ရပါသည်။

မသိချင်ယောင်ဆောင်ပြီး ကိုယ့်ဘက်ပြန်ပါအောင် သိမ်းသွင်းရတာဟာ တကယ်တော့ ပင်ပန်းလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ခုတလော ဟန်နီ့ကို ဘာလို့ရှောင်နေတာလဲ။ ချိန်းပြီးရင်လည်း ဖျက်တာများတယ်၊ ဘာသဘောလဲ ဦးလေး"

"မဟုတ်ပါဘူး ဟန်နီရယ်၊ ဒီရက်ပိုင်းတွေ ကိုယ် တကယ် မအားလို့ပါ၊ သားကိစ္စတွေရော၊ အိမ်ကိစ္စတွေပါ အလုပ် ရှုပ်နေလို့ပါ"

"ဒါပါပဲ နောက်ဆုံးတော့လည်း ဦးလေးက သားမယားကို ပဲ ဦးစားပေးသွားတာမို့လား"

"မဟုတ်ပါဘူး ဟန်နီရယ်၊ ဒီရက်ပိုင်း တကယ်အလုပ် ရှုပ်နေလို့ပါကွာ"

"သေရေးရှင်ရေးတွေ ရှုပ်နေလို့လား ဦးလေး၊ ဦးလေး သား ဆေးရုံတက်လို့ ဟန်နီနဲ့ မတွေ့နိုင်တာကို ဟန်နီ





နားလည်ပေးတာပဲ၊ သာမန်ကိစ္စလောက်နဲ့ သူတို့ကို ဦးစား ပေးတာတော့ ဟန်နီ မကျေနပ်ဘူး"

"ဟန်နီရယ်"

"ဟန်နီက ဘယ်သူနဲ့ယှဉ်ယှဉ် နောက်မှာပဲနေရမှာလား၊ ဦးလေးလည်း ဟန်နီ့ကိုချစ်တယ်သာပြောတာ၊ ဦးလေးရဲ့ သားနဲ့ယှဉ်တော့ ဟန်နီ့ကို နောက်ပို့ပစ်တာပဲ မို့လား၊ သားမှဟုတ်ရဲ့လား ဦးလေး"

"ကဲ ပါ ဟန်နီရယ်၊ နောက်ဆို ကိုယ် ဟန်နီ့ကိုပဲ ဦးစား ပေးပါမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဟန်နီနဲ့ မေခက်တည်တို့သားအမိကြား မှာ တော်တော်ဗျာများနေသည်။

သားသည် ဒီရက်ပိုင်းတွေ သူ့ကိုကပ်လွှန်း၏။ မေခက်တည်ကလည်း ဘာကိစ္စလေးပဲရှိရှိ သူမပါရင်မပြီး။ ကြာတော့ သူ စိတ်ညစ်လာသည်။

ဟန်နီကလည်း ငြူစူလှပြီ။

သူ စဉ်းစားလာရပြီ။ ဟန်နီနဲ့သား နှစ်ယောက်လုံး ကို သူချစ်သည်။ သားကို မထားခဲ့ရက်သလို ဟန်နီ့ကိုလည်း ပစ်မထားရက်။

မေခက်တည်သည် ခုတလော သူ့ကို အလွတ်ကို မပေးသလိုပဲ။





ဟန်နီကလည်း ဂျီကျသည်။

မေခက်တည်သည် သားလည်းရှိသည်။ ပစ္စည်းဥစ္စာ လည်းပြည့်စုံသူဖြစ်သည်။ ဘာမှ ပူစရာမရှိ။

ဟန်နီ့ခမျာ တစ်ယောက်တည်း အထီးကျန်နေရှာ သည်။ အားငယ်နေရှာသည်။ သူ့ချိန်ခွင်သည် ဟန်နီ့ဘက်သို့သာ အလေးသာသည်။

ဟန်နီ စကားနားထိုးတာကို ခံနိုင်ရည်မရှိသဖြင့် တချို့ကိစ္စတွေမှာ မေခက်တည်ကို ဥပေက္ခာပြုစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီသည် အကွက်ရွှေ့နေမိသည်။ ခုတလော တက်ဝေက ဟန်နီခေါ်တိုင်း မလာတော့။ မေခက်တည်နဲ့ တတွဲတွဲ တွေ့နေရပြန်သည်။ တစ်ခါတစ်ရံ သူတို့ကလေးပါ ပါသေးသည်။

ဒါဟာ တက်ဝေနဲ့ ဟန်နီ့အကြောင်းသိသွားလို့ သူမဘက်ပြန်သိမ်းသွင်းတာမှန်း မြေမြွေချင်းခြေမြင်ပါသည်။

မေခက်တည်သည် သူမပိုင်ဆိုင်သောအရာတွေကို လုယူသွားသူအဖြစ် မြင်ထားသော ဟန်နီသည် မေခက်တည်နဲ့ တက်ဝေရဲ့ အိမ်ထောင်ရေးကို ဖျက်ဆီးချင်စိတ်ပဲရှိနေသည်။

ဟန်နီ မျှော်လင့်ထားတာက မေခက်တည်ဟာ သူမနဲ့ တက်ဝေ တွဲနေတာသိပြီး ဒေါက်ကွဲဖို့ပါပဲ။ သို့သော် မေခက်တည်က မပေါက်ကွဲဘဲ ညင်သာစွာ ဖြေရှင်းနေပုံရသည်။

ထို့ကြောင့် တစ်ဆင့်ထပ်တိုးဖို့ ဆုံးဖြတ်လိုက်သည်။





မေခက်တည်ရဲ့စိတ်ကို ဒီထက်ပို၍ ဆွဖို့ ဆုံးဖြတ်လိုက်သည်။

"ဦးလေး ဟန်နီ ချောင်းသာသွားချင်တယ်"

"ဘယ်သူနဲ့သွားမှာလဲ"

"ဖြစ်နိုင်ရင်တော့ ဦးလေးနဲ့ပေါ့"

"ဟင်"

"နှစ်ညအိပ်သုံးရက်လောက်ပါပဲ ဦးလေးရယ်၊ ဦးလေးနဲ့ မသွားဘဲ ဘယ်သူနဲ့သွားရမှန်းလဲ မသိဘူးလေ၊ ဟန်နီ့မှာ သွားစရာအဖော်မှမှမရှိတာ"

"ဟုတ်တော့ဟုတ်ပါတယ် ဟန်နီရယ်၊ ဒါပေမဲ့ ကိုယ်တို့က မသင့်တော်ဘူးထင်တယ်"

"ဘာမသင့်တော်တာရှိလဲ ဦးလေးရယ်၊ ဟန်နီတို့က အတူသွားတာပဲရှိတာ၊ တည်းတာကလည်း သပ်သပ်စီတည်းမှာလေ၊ အဖော်ပြုရုံလေးပါပဲ"

"ဒါပေမဲ့ အများအမြင်ကျတော့ မသင့်တော်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးလေးကလည်း အများက အရေးကြီးလား၊ ဟန်နီတို့နှစ်ယောက်ရဲ့ခံစားချက်ကအရေးကြီးလား"

"ပတ်ဝန်းကျင်ဆိုတာက ဥပေက္ခာပြုထားလို့တော့ မဖြစ်သေးဘူးလေ"

"မသိဘူးကွာ။ ဦးလေး ဟန်နီ့ကို ပို့ပေးရမယ် ဒါပဲ"

"ခက်တာပဲ ဟန်နီရယ်"

"မသိဘူး မပို့ပေးရင် ဦးလေး ဟန်နီ့ကို လာမခေါ်နဲ့ ဒါပဲနော်"

"ဟူး ..."





ဟန်နီ ပူဆာမှုကြောင့် တက်ဝေ စိတ်ရှုပ်နေမိသည်။

ချောင်းသာထိအောင် ညအိပ်ညနေခရီးထွက်ဖို့ သူ မေခက်တည်ကို ဘယ်လိုပြောရမလဲမသိ။

ဟန်နီကလည်း သူ့ဖုန်းတွေကိုတောင် မကိုင်တော့။

ဟန်နီ အဆက်အသွယ်ဖြတ်တာကို သူ မခံစားနိုင်။ မေခက်တည်ကိုလည်း မပြောရဲနဲ့ ဒီရက်ပိုင်းတွေမှာ သူ မျက်နှာပျက်နေခဲ့သည်။

မေခက်တည်ကလည်း ရိပ်မိပါသည်။ ဟန်နီနဲ့ အဆင်မပြေလို့ မျက်နှာပျက်တာဟု ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဘာပြဿနာမှမရှိဘဲ လင်ဘော်မောင်မျက် နှာပျက်တာဟာ ဟန်နီ့ကိစ္စကြောင့်ကလွဲလို့ ဘာများရှိဦးမှာလဲ။

မေခက်တည်က တက်ဝေကိုပိုဂရုစိုက်သည်။ ဒီအချိန်မှာ ကိုယ့်ဘက်ပါအောင်ဆွဲရမည်မို့လား။ ဒါဟာ ပွဲလန့်တုန်းဖျာခင်းတာမဟုတ်။ ကိုယ်ပိုင်တဲ့အိမ်ထောင်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်။

မေခက်တည်ကသာ ဂရုစိုက်နေတာ။ တက်ဝေကမှုန်နေပြီး ဘာမှ သတိမထားမိ။

မေခက်တည်ကိုယ်တိုင် မီးဖိုခန်းဝင်ပြီး ချက်ပြုတ်ကျွေးလည်း သူ စားမဝင်။ ရောဂါတော်တော်ရင့်နေပြီလေ။

ဟန်နီ့ကို ဖုန်းဆက်လည်းမကိုင်။ အိမ်သွားတွေ့တော့လည်း အတွေ့မခံ။ Massage ပဲရောက်လာသည်။

"ဦးလေး ချောင်းသာမှလိုက်မပို့ရင် ဒီတစ်သက်အပြတ်"

ရာဇသံက ပြင်းထန်သည်။





ထို Massage ကို အခါခါဖွင့်ကြည့်မိတိုင်း ဟန်နီနဲ့အတူ ချောင်းသာသွားချင်စိတ်ကို ပိုဆွပေးသလိုပင်။

နောက်ဆုံး ...

သူ မေခက်တည်ထံတွင် ခွင့်တောင်းလိုက်တော့သည်။

"မေခက်တည်ရေ ... ငါတို့ငယ်သူငယ်ချင်းတစ်ယောက်မင်္ဂလာဆောင် ဖုန်းနဲ့လှမ်းဖိတ်လို့ သွားရမယ်၊ ဒီကောင်ကြီးနဲ့ အရမ်းခင်တော့ မသွားလို့မရဘူး"

"သွားလေ တက်ဝေရဲ့၊ တို့ပါလိုက်မှာပေါ့၊ ဘာလက်ဖွဲ့မှာလဲ"

"မင်းလိုက်လို့မရဘူးကွ၊ သားကရှိနေတော့ မိန်းမနေခဲ့မှရမယ်၊ မိန်းမကိုခေါ်ရင် သားကိုပါခေါ်ရမှာ၊ သားကို ခရီးဝေးခေါ်သွားလို့ မသင့်သေးဘူးကွ"

"ခရီးဝေး"

"ဟုတ်တယ်၊ သူတို့က တာချီလိတ်မှာဆောင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



“တာချီလိတ် … တာချီလိတ်ဆို လေယာဉ်နဲ့သွားလို့ရတယ်လေ တက်ဝေရဲ့”

“အင်း … ကိုယ်တို့က သူငယ်ချင်းတွေစုသွားကြမှာ မိန်းမရဲ့၊ ဘာနဲ့သွားဖြစ်ဦးမလဲမသိဘူး”

“မရဘူး မိန်းမလိုက်မှာပဲ၊ သားက ထားခဲ့လို့ရနေပါပြီ၊ မေမေတို့လည်းရှိတာပဲ၊ သားကိုထားခဲ့မယ်၊ တို့ကတော့ လိုက်မှာပဲ၊ တို့နှစ်ယောက်လည်း ခရီးဝေးအတူမသွားဖြစ်တာကြာပြီလေ၊ ဟန်းနီးမွန်းထွက်ပြီးတည်းက ဘယ်မှမသွားဖြစ်သေးဘူး၊ အတော်ပဲ မိန်းမလိုက်ခဲ့မယ်နော် ယောကျ်ား”

“ခက်တာပဲကွာ၊ အကုန်လုံးက သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ်သွားကြမှာ၊ ကိုယ်တစ်ယောက်တည်း မိန်းမတန်းလန်းဖြစ်နေမှာပေါ့ကွာ၊ နားလည်ပေးပါ မေခက်တည်ရာ”

“မိန်းမရှိတဲ့လူက လင်စုံမယားဖက်ပွဲတက်တာ အဆန်းမှမဟုတ်တာ ယောကျ်ားရဲ့၊ အဲဒါကို မိန်းမက ဘာကိုနားလည်ပေးရမှာလဲ”





“ကျန်တဲ့သူတွေလည်း သားမယားရှိကြတယ်ကွာ၊ ဒါပေမဲ့ သူတို့လည်း ခေါ်မလာကြဘူး၊ အားလုံး လွတ်လွတ်လပ်လပ် သွားကြမယ်တဲ့၊ လူပျိုမဟုတ်ပေမယ့် ဒီလိုခရီးဝေးကို တစ်ခါလောက် လွတ်လွတ်လပ်လပ်သွားချင်တဲ့သဘောပေါ့ ကွာ၊ အကုန်လုံးက အိမ်ကိုပိုင်ကြတယ်ကွာ၊ ကိုယ်လည်း ကိုယ့်မိန်းမက ကိုယ့်ကို နားလည်ပေးတယ်ဆိုပြီး လိုက်မယ်လို့ပြောခဲ့တာ”

“အိမ်ထောင်သည်တစ်ယောက် အပျော်ခရီးထွက်တယ်ဆိုတာ မသင့်တော်ဘူးလေ ယောကျ်ားရဲ့၊ ဘယ်မိန်းမမှလလွှတ်မှာမဟုတ်ဘူး၊ လွှတ်ခဲ့ရင်လည်း နားလည်ပေးပြီး လွှတ်တာတော့ မဖြစ်နိုင်ဘူး၊ ဥပေက္ခာပြုပြီးသွားချင်ရာသွား၊ လုပ်ချင်ရာလုပ်ဆိုတဲ့သဘောနဲ့ပဲ လွှတ်တာ၊ တို့က အဲလို မလွှတ်နိုင်ဘူး၊ တို့အိမ်ထောင်ရေးက သေချာစဉ်းစားပြီးမှ တည်ဆောက်ခဲ့တဲ့အိမ်ထောင်ရေး၊ ပြီးတော့ တို့မှာ သားရှိသေးတယ်၊ သားရဲ့ဘဝကို ဘယ်လိုအစွန်းအထင်းမျိုးမှ



www.burmeseclassic.com

www.burmeseclassic.com



အထင်မခံနိုင်ဘူး၊ အထူးသဖြင့် သူ့အဖေက ဘယ်လိုပေါ့၊ သူ့အမေကဘယ်လိုလူစားလေဆိုတာမျိုးတွေ အပြောမခံနိုင်ဘူး"

တက်ဝေ ငိုင်သွားသည်။





ဟန်နီနဲ့သူ မတွေ့ရတာ တစ်ပတ်ပြည့်တော့မည်။ ဘယ်လိုလုပ်ရမလဲ။ မေခက်တည်ကလည်း သူ့ကို မျက်စိအောက်က အပျောက်မခံတော့။

သူ့အပြင်သွားတာနဲ့ လိုက်ဖို့ပဲစဉ်းစားနေ၏။ ဟန်နီ စိတ်ချမ်းသာအောင် ဘယ်လိုလုပ်ပေးရမလဲ မသိတော့။

အစကတည်းက မေခက်တည်ကို ဖွင့်မပြောဘဲ ကိုယ့်ဘာသာ လစ်ထွက်သွားလိုက်ရကောင်းသား။

ခုတော့ မရတော့။

စီးကရက်ဘူး တစ်လိပ်ပြီးတစ်လိပ်သောက်နေမိသည်။

"တက်ဝေ ဆေးလိပ်တွေ သောက်လှချည်လား ကျန်းမာရေးထိခိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ်ကွာ”

ဖုန်းက ရုတ်တရက် ကျယ်လောင်စူးရှစွာ။

ဖုန်းသံကြားကတည်းက ဟန်နီ့ဆီကဖုန်းဆိုတာ သူ သိသည်။ ဟန်နီ့ဆီကဖုန်းလာရင် ချက်ချင်းသိရအောင် သီးသန့် Ring tone ထည့်ထားတာလေ။

သူ ဖုန်းကိုယူပြီး ဝရန်တာထွက်လာတော့ မေခက်တည်က ကြည့်နေသည်။

“ဘယ်လိုလဲ ဦးလေး၊ ငြိမ်ချက်သားကောင်းလှချည်လား”

“ဟန်နီ ကိုယ်ပြောစရာတွေရှိလို့ မနက်ဖြန်လာခဲ့ပါရစေနော်”

“ချောင်းသာကိစ္စလား”

“အင်း … အဲဒါ မနက်ဖြန် ကိုယ်ပြောမယ်”

“ခုပြောလို့မရဘူးလား”

“ခုက အိမ်မှာ ဟန်နီရဲ့ဖုန်း အကြာကြီးပြောဖို့ အဆင်မပြေလို့”

“ပြီးရောလေ၊ မနက်ဖြန်နော်”





“အင်း အင်း”

မေခက်တည်သည် မနက် တက်ဝေ သွားလေရာ လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ တက်ဝေနှင့် ဟန်နီသည် အတင့်ရဲလာသည်။ နှစ်ယောက်အတူ ခရီးထွက်ဖို့အထိပါ ကြံစည်နေပြီ။ ဒီနှစ်ယောက်ကို ပေးတွေ့ဖို့မဖြစ်နိုင်တော့။

ဟန်နီ့ယောကျ်ားက သင်္ဘောတက်နေတာမို့ ဒီမှာ မရှိ။ ဟန်နီက လွတ်လပ်ချင်တိုင်းလွတ်လပ်နေသူလေ။

သူမကတော့ တက်ဝေကို လွှတ်ပေးလို့မဖြစ်။

ရင်ထဲမှာ နာနေသည်။

ပြီးတော့ …

နောင်တလည်း ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ဆိုင်အတွက်ပစ္စည်းတွေ ဝင်လာသဖြင့် မေခက်တည် အလုပ်ရှုပ်နေသည်။ တက်ဝေကလည်း ပထမတော့ ဝိုင်းလုပ်ပေးနေသေးသည်။ နေ့ခင်းဘက်ကျတော့ မရတော့ပါဘူး။ တက်ဝေက အပြင်သွားဖို့စဉ်းစားနေပြီ။ မေခက်တည် ဘယ်လို လုပ်ရမှန်းမသိ။

"မေခက်တည် ငါ အပြင်ခဏသွားဦးမယ်"

"သားကို ခေါ်သွားပါလား ယောကျ်ားရယ်၊ မိန်းမက ဒီမှာ အလုပ်ရှုပ်နေလို့ သားကို မကြည့်နိုင်သေးဘူး၊ သား ကလည်း တကပ်ကပ်နဲ့"

မေခက်တည် တကယ် အလုပ်ရှုပ်နေသဖြင့် သူ ငြင်းရခက်စွာ သားကို ကားပေါ်ခေါ်တင်လာရသည်။





သို့သော် သားကို ဟန်နီ့ဆီခေါ်သွားလို့တော့ ဘယ်လိုမှမဖြစ်။ ဟန်နီသည် သားနဲ့သူ့ကို လာတွေ့မှန်းသိရင် သိပ်စိတ်ဆိုးသွားနိုင်၏။

ဟန်နီက ကလေးနဲ့ပတ်သက်ရင် ခံစားချက်ရှိထား သူမဟုတ်ပါလား။

ထို့ကြောင့် သူ သားကို မေမေတို့အိမ်ဝင်ပို့ထားခဲ့ သည်။

"မေမေရေ ... သားကို ခဏထားခဲ့ဦးမယ်နော်၊ သား ကိစ္စလေးရှိလို့ အပြင်ခဏသွားချင်လို့"

"အေး ... မင်းမိန်းမ မပါဘူးလား"

"သူ ဆိုင်မှာ ပစ္စည်းတွေဝင်တာနဲ့ ကျန်ခဲ့တာ"

"အေး ... အေး မြေးကြီး ဘွားဆီလာခဲ့ကွာ"

မေမေနှင့်သားကို ထားခဲ့ပြီး ဟန်နီ့ဆီထွက်လာ လိုက်သည်။ ဖုန်းကိုလည်း ပိတ်ထားလိုက်သည်။

မေခက်တည် လှမ်းဆက်မှာစိုး၍ပါ။

"ပြောပါဦး ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မေခက်တည်က ကိုယ် ခရီးထွက်ရင် သူပါလိုက်မယ်လုပ်နေတယ်ကွာ၊ ကိုယ်လည်း ပြောတော့ပြောနေပါတယ် မရလို့ပါ ဟန်နီရယ်"

"အပိုတွေမပြောပါနဲ့ ဦးလေးရဲ့၊ ဦးလေးသာ သွားချင်စိတ်ရှိရင် မိန်းမဆီခွင့်တောင်းနေစရာတောင်မလိုပါဘူး၊ ဟန်နီ သွားချင်တာကို ဦးလေးက ငြင်းနေတာ၊ ဟန်နီ အောက်တယ်သိလား"

"ဟန်နီရယ်"

"မရဘူး အခုသွားမယ်၊ ဟန်နီ အဝတ်အစားယူလိုက်ဦးမယ် ခဏစောင့်"

"အခုတော့ မရဘူး ဟန်နီရဲ့"

"ဘာဖြစ်လို့လဲ"

"ကိုယ့်သားပါလာတယ်၊ သားကို မေမေတို့အိမ်မှာ ခဏထားခဲ့ရတာ"

"ဟင်"





"နောက်ပိုင်း မေခက်တည်က ကိုယ့်ကို အလစ်မပေးဘူးကွ"

"အဲဒါ ဟန်နီနဲ့ အကြောင်းကို ရိပ်မိနေလို့နေမှာပေါ့၊ ဦးလေး မေခက်တည်ကို ဖွင့်ပြောပြီး တရားဝင်ကွာရှင်းလိုက်ပါလား"

"ဟင်"

"တကယ်လို့ ဦးလေးသာ လွတ်လပ်သူဖြစ်သွားပြီဆိုရင် ဟန်နီလည်း ကွာရှင်းပြီး ဟန်နီတို့ အတူနေလို့ရတာပဲ"

သူ တစ်ခါမှ မစဉ်းစားဘူးသောအရာပါ။ ဟန်နီနဲ့ တွေ့နေပေမယ့် မေခက်တည်နဲ့ကွာရှင်းဖို့ ဘယ်တုန်းကမှ မစဉ်းစားမိပါ။

"ဦးလေး … ဘာတွေစဉ်းစားနေတာလဲ၊ အမှန်ဆို ဦးလေး တက်ကြွပျော်ရွှင်နေရမှာလေ၊ ဟန်နီ့ကို ချစ်တယ်ဆို"

သူ အူကြောင်ကြောင်ဖြစ်နေသည်။ ထုံလည်းထုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ချစ်သောဟန်နီ။ တစ်ဖက်မှာ တရားဝင်ဇနီးနဲ့သား။

"ဦးလေး အထီးကျန်နေတဲ့ ဟန်နီ့ကို ပစ်မထားပါနဲ့ ဦးလေးရယ်"

သူ့လက်မောင်းကို မှီပြီးပြောလိုက်တဲ့ ဟန်နီ့စကားအဆုံးမှာ သူ ဆုံးဖြတ်ချက်ကျသွားတယ်။





သူ ဟန်နီ့ကို ကတိတွေ အထပ်ထပ်ပေးပြီး မေမေတို့အိမ်ပြန်လာတော့ သားက မရှိတော့။

"မင်းက ဖုန်းကို ဘာလို့ပိတ်ထားတာလဲ ငါ့သားရဲ့၊ ကလေးက မနေတာနဲ့ မေခက်တည်ကို လှမ်းခေါ်လိုက်ရတယ်၊ မေခက်တည်က အလုပ်ရှုပ်နေလို့တဲ့၊ မင်းကို မစောင့်တော့ဘဲ ကလေးခေါ်ပြီး ပြန်သွားနှင့်တယ်"

သူ ခေါင်းကြီးသွားသည်။ မေခက်တည် ဒီနေ့ တကယ်အလုပ်ရှုပ်နေတာ သူ သိပါသည်။

သူ အိမ်ပြန်ဖို့တောင် လန့်နေသည်။ သူက အပြစ်လုပ်ထားသူကိုး။

မေမေတို့အိမ်ကပြန်လာတော့ မေခက်တည် ရှိနေမည့်ဆိုင်ကိုပဲ တန်းသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေခက်တည် သူဝင်လာတော့ တစ်ချက်ပြုံးပြပြီး သူမ အလုပ်ဆက်လုပ်နေသည်။

သားက ဆိုင်ထဲက ကလေးခုတင်လေးပေါ်မှာ အိပ်ပျော်လို့။

သူ မေခက်တည်အားမှာ ဝင်ထိုင်ရင်း မေခက်တည် အလုပ်အပြီးကို စောင့်နေမိသည်။

သူ့မျက်နှာသည် စစ်မြေပြင်ထွက်ကာနီး စစ်သူကြီး တစ်ယောက်လို ရဲရင့်နေလိမ့်မည်။

ဟန်နီ့ကို လက်ထပ်ဖို့ ကတိပေးခဲ့ပြီ။ သူ မေခက် တည်ထံတွင် ကွာရှင်းခွင့်ကို တောင်းဆိုတော့မည်။

သူသည် မေခက်တည်အတွက် ဘာမှ ထည့်မစဉ်း စားခဲ့။ သားကိုပဲ စဉ်းစားသည်။ သို့သော် သားသည် မေခက် တည်တို့ရဲ့ အသိုင်းအဝိုင်းမှာ ရွှေပေါ်မြတင်ရှိနေမှာပါ။

တစ်ကိုယ်တည်း အထီးကျန်နေမည့် ဟန်နီ့ကို သူ ငဲ့နေမိသည်။





မေခက်တည်က အလုပ်တွေ လက်စသတ်ပြီး ကျောဆန့်ခါးချိုးလုပ်နေသည်။

သူ မေခက်တည်ကိုကြည့်ကာ ...

"မိန်းမကို ပြောစရာရှိတယ်"

"မိန်းမလည်း ပြောစရာရှိတယ် ယောက်ျား၊ မိန်းမ အရင် ပြောပါရစေ"

"ပြောလေ"

"သားကို International School ထားမလား ယောက်ျား၊ ခုလောလောဆယ် သားကို ဘယ် Pre School ထားရင် ကောင်းမလဲ"

"မိန်းမသဘောလေ၊ မိန်းမထားချင်တဲ့ဆီမှာထား"

"သားရှေ့ရေးကို ကြိုတွေးထားမှ ယောက်ျားရေ၊ သားကို ရှင်ပြုပေးရဦးမယ်၊ ကျောင်းထားရမယ်၊ သားဖေဖေလည်း သားရှေ့ရေးအတွက် ပိုကြိုးစားရမယ်နော်"

တက်ဝေ ပြောမည့်စကားတွေ လည်ချောင်းဝမှာ တစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တက်ဝေရေ ... သားကို အိမ်ထောင်ချပေးရင်လည်း သားကို နားလည်မှုရှိတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ချပေးရင် ကောင်းမလား၊ သားကိုချစ်တဲ့မိန်းကလေးနဲ့ အိမ်ထောင်ချ ပေးရင်ကောင်းမလား၊ ဘာပဲဖြစ်ဖြစ် သားရှင်ဆိုတော့ တို့က စင်ပေါ်ကပဲနော် ... အပေါ်"

မခက်တည်သည် သူပြောမယ့်စကားတွေကို ကြိုပြီး သိထားသလားတောင် ထင်ရသည်။ တက်ဝေ ဘာပြောရမှန်းမသိ တော့။

"သြော် ... တက်ဝေ ဘာပြောမလို့လဲ ပြောလေ"

"ကိုယ် ကိစ္စရှိလို့ သားကို မေမေတို့အိမ်ခင်ပို့ခဲ့တာငို့ ပြောမလို့ပါ"

"ရပါတယ် တက်ဝေရယ်၊ သားက သူ့ဘွားကို ဂျီကျနေ တာနဲ့ တို့သွားခေါ်လိုက်တာ၊ တို့ကလည်း တို့ပဲ၊ တက်ဝေ ကိစ္စရှိလို့ထားခဲ့တာသိတော့ တက်ဝေကိုတောင် အားနာသွား တာ"





ဟား ...။ တော်ပါတော့ကွာ။ မင်း ဘာလို့ ဒီလောက် ထိ လိုက်ပြီး နားလည်ပေးနေတာလဲ။ ငါပြောမယ့်စကားတွေတောင် ဘယ်ပျောက်ကုန်မှန်းမသိဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



မေခက်တည် ရိပ်မိတာပေါ့။ သူ ဘယ်လိုစကား မျိုးပြောမလဲဆိုတာ။

သားကို သူ့မိဘအိမ်မှာထားခဲ့တာ သိရတော့ တော် တော်ဒေါသထွက်တာ။ ဒါပေမဲ့ သူမ မျိုသိပ်ခဲ့သည်။

သူမ ဒေါသထွက်လို့မရ။ သူမရဲ့ဒေါသဟာ သူ့ရဲ့ ထွက်ပေါက်ဖြစ်သွားနိုင်သည်။

မေခက်တည်သည် စိတ်မပါသော သူ့ရဲ့ရုပ်ခန္ဓာကြီး ကို မေခက်တည်အတွက်ဆို ဆွဲမထားတော့ပါ။

သားအတွက် ဆွဲထားရတာပါ။

တစ်ခါတစ်ရံတော့ လူပီပီ တော်တော်ကို ဒေါသ ထွက်သည်။ ပေါက်ကွဲချင်သည်။ ထိန်းချုပ်ရလွန်းလို့ ရူးသွား မလားတောင်ထင်ရသည်။





သို့သော် သူမ ကြိတ်မှိတ်ခံစားသည်။

သားအတွက် ထိန်းချုပ်ထားခဲ့သည်။ သူမသည် တရားဝင်ဇနီးမယားဖြစ်သည်။ တကယ်ဆို ပေါက်ကွဲချင်ရင်တောင် ပေါက်ကွဲခွင့်ရှိသည်။

မေခက်တည်သည် ဟန်နီ့ကိုရော တက်ဝေကိုပါ တော်တော်ဒေါသထွက်နေသည်။

ဟန်နီနဲ့ရင်ဆိုင်တွေ့ပစ်ချင်စိတ်တွေလည်း ပေါ် ပေါက်လာသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး မပြောရသေးဘူးလား၊ ပြောတော့လေ"

ဟန်နီက တစ်ချိန်လုံး ဖုန်းဆက်ကာ မီအားပေးနေသည်။ သူက မေခက်တည်ပြောသော သားရှေ့ရေးကိုတွေးမိကာ ဟန်နီ့ကို ကတိပေးခဲ့တာကို နောင်တရချင်သလိုလိုဖြစ်နေ၏။

သို့သော် ...

"တကယ်တော့ မေခက်တည်ကို ပြောစရာရှိတယ်"

သားကို သိပ်ပြီး စာအုပ်ဖတ်မည်ပြင်နေသော မေခက်တည်ကို စကားစလိုက်သည်။

"ပြောစရာရှိရင် နောက်မှပြောပါလား တက်ဝေ၊ တို့ အိပ်ချင်နေပြီ၊ စာလေးတစ်လုံးနှစ်လုံးဖတ်ပြီး အိပ်တော့မလို့"





"ခဏလေးပါ မေခက်တည်၊ ကိုယ်ပြောဖို့ပြင်လိုက်၊ မပြောဖြစ်လိုက်နဲ့ အရှိန်ယူနေတာ၊ အခုချိန်လေးမှာမပြောဖြစ်လိုက်ရင် ကိုယ် တော်တော်နဲ့ ပြောဖြစ်မှာမဟုတ်ဘူး၊ ကိုယ့်ကို ပြောခွင့်ပေးပါ"

မေခက်တည် ရင်ထဲ ဟာသွားသည်။ နောက်ဆုံးတော့ သားနဲ့တောင် ဆွဲခေါင်လို့မရတော့ဘူးပေါ့။

"တက်ဝေ ဘာပြောမယ်ဆိုတာ တို့သိနေသလိုပဲ တက်ဝေ၊ မပြောပါနဲ့လား၊ တို့ မကြားချင်သလို တက်ဝေလည်း မပြောသင့်ဘူး၊ တက်ဝေရဲ့ဆန္ဒထက် သားရဲ့ရှေ့ရေးက ပိုပြီး အရေးမကြီးဘူးလား၊ သားကို အဖေတကွဲ အမေတကွဲ မနေစေချင်ဘူး၊ တက်ဝေရော တက်ဝေမိဘတွေကို ကွဲစေချင်လား၊ ခုချိန်မှာ တို့တွေရဲ့ ဆုံးဖြတ်ချက်ထက် သားဘက်ကိုပဲ ကြည့်ပေးသင့်တယ်ထင်တယ်ကွာ"

တက်ဝေသည် မေခက်တည်ကို အံ့သြစွာကြည့်နေခဲ့သည်။ သူ ပြောမယ့်စကားတွေကို သူမ ကြိုသိနေခဲ့သည့်အတွက်လည်း သူ အံ့သြနေသည်။ ဒါဆို သူမက အစကတည်းက သူနဲ့ ဟန်နီ့အကြောင်းတွေကို သိနေခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



"တို့ အစောကြီးကတည်းက ယူတို့နှစ်ယောက်အကြောင်းကို သိတယ်၊ ဒါပေမဲ့ သူက ယူ့အချစ်ဦးဖြစ်နေခဲ့လို့ ခဏတာ စိတ်လည်တာထင်ပြီး တစ်နေ့တော့ အဆင်ပြေမှာပါလို့ ဖြေတွေးတွေးပြီး ဘာမှ မပြောခဲ့တာ၊ ခုတော့ ယူက မလုပ်သင့်တာတွေလုပ်ချင်ပြီထင်တယ်၊ ဒီနေရာမှာ ယူသာ တစ်ခုခုလုပ်သွားမယ်ဆိုရင် အနစ်နာခံဆုံးက တို့မဟုတ်ဘူး၊ ယူ့သွေးတစ်ဝက်တီတီပါတဲ့ ယူ့သားပဲ"

"မဟုတ်ဘူး မေခက်တည်၊ မဟုတ်ဘူး၊ တို့လုပ်သင့်တာ မလုပ်သင့်လားတော့မသိဘူး၊ ဒါပေမဲ့ ဟန်နီက အရမ်း အထီးကျန်နေတယ်"

"သဘော်သားကတော်တစ်ယောက် ကျွန်ဒီအခန်းပေါ် အထီးကျန်နေတာက တက်ဝေနဲ့မဆိုင်တော့ဘူး တက်ဝေရဲ့၊ တက်ဝေနဲ့သူနဲ့က နှစ်ယောက်လုံး အိမ်ထောင်သည်တွေ ဖြစ်ကုန်ပြီ၊ ပြီးရင် တက်ဝေဘက်မှာလည်း တို့ရှိတယ်၊ သူ့ဘက်မှာလည်း သူ့ခင်ပွန်းရှိတယ်၊ တက်ဝေနဲ့ သူ ပေါင်းစည်းဖို့အတွက် အရင်ဆုံးရင်းရမှာက တို့လေးယောက်ရဲ့ဂုဏ်သိက္ခာပဲ တက်ဝေရဲ့"





"ဒါပေမဲ့ ဟန်နီက ကိုယ်ချစ်ခဲ့တဲ့သူ၊ ခုဆို သူ သိပ်ပြီး အထီးကျန်နေတယ်"

တက်ဝေက ဟန်နီ့အကြောင်းကို ရှင်းပြလိုက်၏။

"တကယ်ဆို ဟန်နီက ကိုယ့်ကို ဆက်သွယ်ခဲ့သေးတယ် ဟာ၊ ဖိုးကျော်က မပြောတာ"

"ဒါပေမဲ့ ခုက အားလုံး ပြီးဆုံးသွားပြီလေ၊ ဘာမှမတတ်နိုင်တော့ဘူး၊ နောက်ပြန်လှည့်လို့လည်း မရတော့ဘူး၊ ခုချိန်မှာ လက်ရှိဘဝတွေကို ရိုက်ချိုးဖျက်ဆီးပြီး ပြန်ပြင်မှာပဲ ရမယ်၊ သူ ကလေးမရနိုင်တာက သူ့ကံလို့ပဲပြောရမှာပဲ၊ ဒါကလည်း သူ မစဉ်းစား မဆင်ခြင်ဘဲ တွေ့တဲ့လူကောက် ယူတဲ့အကျိုးဆက်ပဲ၊ သူလုပ်တဲ့အကျိုးဆက်ကို မေခက်တည်က မွေးတဲ့သားက အပြစ်ဒဏ်ခတ်ခံရမှာလား တက်ဝေရဲ့၊ သူ ဒီဘဝမှာတောင် ခုလိုဖြစ်နေတာ တို့အိမ်ထောင်ရေးကို ဖျက်ဆီးရင် နောက်ဘဝ ဒီထက်ပိုဆိုးမယ်"

"အဲလိုမပြောပါနဲ့ မေခက်တည်ရယ်"

"မပြောပါဘူး၊ မပြောဘဲနေခဲ့တာကြာပြီ၊ ခုတော့ မရတော့ဘူး"



www.burmeseclassic.com

"မေခက်တည် ကိုယ့်ကို နားမလည်ပေးတော့ဘူးလား"

"နားလည်ပေးတယ် တက်ဝေ၊ ဒါပေမဲ့ အတိုင်းအတာရှိတယ်၊ တက်ဝေ သားကိုပစ်ပြီး သူ့ဆီသွားမှာကျတော့ တို့ ဘယ်လို တက်ဝေကို နားလည်ပေးနိုင်မလဲ တက်ဝေ၊ တက်ဝေက သားထက် သူ့ကို ပိုဦးစားပေးတယ်ဆိုပေမယ့် တို့ဘဝမှာ သားက အသက်ပဲ၊ သားကို Broken Family မှာ မကြီးပွားစေချင်ဘူး၊ တက်ဝေသွေးလည်း တစ်ဝက်တီတီပါပါတယ် တက်ဝေ၊ သားအရွယ်ရောက်လာတဲ့အခါ သူ့အဖေက လင်ရှိမိန်းမတစ်ယောက်နဲ့ နောက်အိမ်ထောင်ထူသွားတယ်ဆိုပြီး လက်ညှိုးထိုးမှာကို တက်ဝေ ခံနိုင်လား"

တက်ဝေ ခေါင်းငိုက်စိုက်ကျသွားသည်။ သားနှင့်ပတ်သက်ပြီး သူ မတွေးဖြစ်ခဲ့တာတွေ တော်တော်များပါလား။ မေခက်တည်နဲ့သားက သူ့ကို ဟန်နီ့ထံမှ ပြန်ဆွဲခေါ်ထားသည်။

❥❦❥





"ဘာပြောတယ် ဦးလေး"

"ဟုတ်တယ် ဟန်နီ၊ တကယ်တော့ ကိုယ်တို့ ရူးခဲ့ကြတာပါ၊ သားရှေ့ရေးကို ကိုယ် လုံးဝမတွေးခဲ့မိဘူး၊ သားကို Broken Family မှာ မွေးဖွားခဲ့ရင်လို့တွေးမိတော့ ကိုယ်မလုပ်ရဲတော့ဘူး"

"အကြောင်းပြချက်တွေပါ ဦးလေးရဲ့၊ တကယ်တော့ မ,ကိုခင်မှ ဥကိုခင်တာပါ"

"မဟုတ်ဘူး ဟန်နီ၊ ဒါက ကိုယ်တို့ဂုဏ်သိက္ခာလည်းဖြစ်တယ်၊ ကိုယ်တို့တွေ အဲ့ဒီလိုလုပ်လိုက်ရင် လူကြားသူကြားထဲမှာ ခေါင်းမော့ရင့်ကော့ပြီး နေနိုင်မယ်ထင်လား"

www.burmeseclassic.com



"လူကြားထဲ၊ ဟင်း ... ဟင်း ... ကိုယ်ကအရေးကြီးလား၊ ပတ်ဝန်းကျင်ကအရေးကြီးလား ဦးလေး"

"ကိုယ်တို့က လူ့ပတ်ဝန်းကျင်မှာ နေတာလေ၊ ပတ်ဝန်းကျင်က လက်ခံတဲ့အခြေအနေမျိုးမှ နေလို့ရမှာပေါ့"

"အိုခေလေ၊ ဒါဆို ဟန်နီ မခက်တည်နဲ့ တွေ့ကြည့်ရမှာပေါ့"

"ဟန်နီက ဘာပြောမလို့လဲ၊ မတွေ့ပါနဲ့ကွာ၊ ကိုယ့်ဆုံးဖြတ်ချက်ကို ပြင်မှာမဟုတ်တော့ဘူး"

"ဟင့်အင်း ... ဦးလေးက သူ ဆွဲထားလို့ သူ့ဘက်ပါနေတာလေ၊ သူ ဆွဲမထားအောင် ဟန်နီ ပြောကြည့်မယ်"

တကယ်ပဲ ဟန်နီက မခက်တည်ကို မျက်နှာချင်းဆိုင် တိုက်ရိုက် သွားတွေ့ခဲ့သည်။

မခက်တည်ရဲ့ဆိုင်ကိုပဲ သွားခဲ့တာပါ။

"မခက်တည်"

ကောင်တာထိုင်နေတဲ့ မခက်တည်က ဟန်နီ့ကိုတွေ့လိုက်ရတော့ တော်တော်အံ့သြသွားသည်။ ဟန်နီသည် သူမရဲ့





စတိုင်လ်အတိုင်း အကျႌခါးရှည်ပွပွကို ဘောင်းဘီတိုတစ်ထည်နှင့် တွဲဝတ်ထားသည်။ သူမရဲ့ခြေထောက်တွေက အင်မတန်လှပါသည်။

သူမရဲ့ ခြေတံရှည်တွေကို မပေါ်ပေါ်အောင် ဝတ်ထားသလိုပဲ။

"တို့ မခက်တည်ကို ပြောစရာရှိလို့"

"ဒါဆို အားက ကော်ဖီဆိုင်ကိုသွားကြတာပေါ့ ဟန်နီ"

မခက်တည်က ဆိုင်ထဲမှာ ပြဿနာအဖြစ်မခံနိုင်ပါ၊ သူမရဲ့ဝန်ထမ်းတွေ သိကုန်မှာစိုး၍ပင်။

ကော်ဖီဆိုင်မှာ ကော်ဖီတစ်ခွက်စီသာ မှာထားတာသောက်ဖြစ်မယ်မထင်ပါဘူး။

မိန်းမနှစ်ယောက်ရဲ့ရင်ထဲမှာ ကော်ဖီထက်အရေးကြီးတဲ့အရာတွေ ပြည့်နေတယ်လေ။

"တို့ ခပ်တိုတိုပဲပြောချင်တယ်၊ တို့ချစ်သူနှစ်ဦး ပြန်ပေါင်းချင်တယ်၊ မင်း ဆွဲမထားနဲ့၊ သားဆိုတဲ့လက်နက်တစ်ခုနဲ့ တိုက်ဖို့ မကြိုးစားနဲ့ မခက်တည်၊ မ,ကိုခင်မှ ဥကိုမင်တာ၊ ဒီလောက်တော့ မင်း သိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီ မင်းက သိပ်သနားစရာကောင်းနေပြီ၊ ဒီဘဝမှာတောင် မင်းရဲ့အိမ်ထောင်ရေးက သုံးစားလို့မရဘူး၊ အဲဒါတောင် မင်းက သပ်ပြီး တက်ဆေနဲ့တို့ရဲ့အိမ်ထောင်ရေးကို ဖျက်ဆီးချင်သေးတယ်၊ နောက်ဘဝဆိုတာရှိခဲ့ရင် မင်းဒီအဆင့်တောင် ရောက်မှာမဟုတ်တော့ဘူး ဟန်နီ"

"ဘာပြောတယ်"

"မင်းကြားတဲ့အတိုင်းပဲ၊ မင်းကိုယ်မင်း သေချာစဉ်းစားကြည့် ဟန်နီ"

ဟန်နီ အရိုက်ထိသွားသည်။ မေခက်တည်ကို ထိုးနက်ဖို့လာခဲ့သူက အရိုက်ကို အကျေးခံလိုက်ရသည်။

"ဦးလေးနဲ့တို့ ဘယ်အတိုင်းအတာထိရှိနေပြီလဲ မင်းသိလား"

"တို့ယောကျ်ားရဲ့ဂုဏ်သိက္ခာကို တို့ယုံတယ် ဟန်နီ၊ မင်းတို့ယောကျ်ားရဲ့ဂုဏ်သိက္ခာကို အလွဲသုံးစားလုပ်ခွင့်မရှိဘူး၊ မင်းက သူ့ချစ်သူသာဆိုတာ၊ တို့လောက်တောင် သူ့ကို နားလည်မှုမပေးနိုင်သေးပါဘူး၊ ဒီမှာ ဟန်နီ၊ တက်ဆဆိုတဲ့ လူက ဘယ်တော့မှ စည်းမဖောက်တတ်ဘူးကွ"





"မေခက်တည် ... နင်အထက်စီးကပြောမနေနဲ့၊ နင်ဟာ ငါပိုင်ဆိုင်သင့်တဲ့အရာအားလုံးကို ယူသွားခဲ့တာ၊ ဒီမှာ တက်ဆေကို ငါ သိပ်မက်လို့ ကပ်နေတာမထင်နဲ့၊ နင့်ကို အလဲထိုးချင်လို့၊ နင့်ကို မကျေနပ်လို့၊ နင်ကကျတော့ အိမ်ထောင်ရေးတွေ အဆင်ပြေပြီး သားသမီးနဲ့ ပြုံးပျော်လို့၊ ငါကျတော့ အမြဲအထီးကျန်နေရတယ်၊ ငါ့ဘဝခန်းခြောက်နေသလောက် နင် စိုပြည်နေတာကို မရှုစိမ့်တာဟဲ့၊ နင် သိပ်ကော်မောနေတဲ့ တက်ဝေက ငါ မလိုချင်လို့ စွန့်ပစ်ခဲ့တဲ့ အမှိုက်တစ်စပါ"

"နင့်အတွက်အမှိုက်စက ငါ့အတွက်တော့ ရွှေပဲ ဟန်နီ၊ ငါ့သားလေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အဖေပဲ"

"ဘောက်"

ဟန်နီ တောက်ခတ်သံဟာ ကျားနာတစ်ကောင် ဟိန်းလိုက်သံအလား။

ဟန်နီသည် အေးစက်နေသော ကော်ဖီခွက်ကိုယူကာ မေခက်တည်မျက်နှာကို လှမ်းပက်ပစ်လိုက်သည်။ မေခက်တည်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသော ဖြူဆွတ်နေသည့် အင်္ကျီလေးပေါ်သို့ ကော်ဖီရည်တွေ စီးကျကုန်သည်။

ဆိုင်ထဲကထွက်တဲ့ ဟန်နီက သူတို့စားပွဲနောက်ဘက် မှာရပ်နေသော တက်ဝေကို တွေ့သွားသည်။

"ဟင် ... ဦးလေး"

"တောက်"

တက်ဝေရဲ့ တောက်ခတ်သံက သူမထက် အဆ တစ်ရာသာပါသည်။

တက်ဝေသည် ဟန်နီ့ကို တွန်းဖယ်ကာ မေခက် တည်ထဲ လှမ်းသွားသည်။

"ဆောရီး မိန်းမ၊ ကိုယ် အခုမှ အိမ်ထောင်ရေးဆိုတာကို နားလည်သွားတယ်"

မေခက်တည်က ပြုံးလိုက်သည်။ သူမလိုချင်တာ ဒါပဲလေ။

တက်ဝေလည်း ခုမှ အိမ်ထောင်ဖက်ဆိုတဲ့အဓိပ္ပါယ် အတာကို သဘောပေါက်သွားပါတော့သည်။





"မိန်းမ"

"ယောကျ်ား ဘယ်လိုနားလည်သွားတာလဲဟင်"

"ကိုယ့်အပေါ် တကယ်နားလည်ပေးနိုင်တာက ကိုယ့်ရဲ့ အိမ်ထောင်ဖက်ပဲဆိုတာကိုပေါ့၊ တကယ်တော့ အိမ်ထောင်ဘက်ဆိုတာ ရဲဘော်ရဲဘက် သေအတူရှင်မကွာ လက်တွဲ မဖြုတ်စတမ်း သစ္စာခိုင်မြဲကြမှန်း ကိုယ် ကောင်းကောင်းကြီး သဘောပေါက်သွားပြီ"

"ဒါဆို အချစ်ကရော"

"အင်း ... အချစ်ဆိုတာကတော့ ချစ်သူတွေဘဝမှာတော့ သူက နံပါတ်တစ်ဖြစ်ပြီး အိမ်ထောင်သည်တွေအတွက်ကျ တော့ သွေးပြန်ကြောတစ်ခုပေါ့၊ သွေးပြန်ကြောထဲမှာ စီးမျောမျောဝင်နေတဲ့ အချစ်ကို နှလုံးသားက နားလည်မှု တွေအဖြစ် အသွင်ပြောင်းပြီး သွေးလွှတ်ကြောထဲ ထည့်ပေး လိုက်တာလေ"

"ဒါဆို နားလည်မှုက အချစ်ကို အသွင်ပြောင်းထားတယ်လို့ ဆိုလို့တာလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မိန်းမကိုယ့်ကို ချစ်တယ်ဆိုတာကို သိပါတယ်"

"အံမယ် ... မချစ်ပါဘူး၊ ကျုပ်လည်း ကျုပ်ရည်းစားဦးကို ပဲချစ်တာ"

"ဟုတ်လား၊ ကိုယ်ကတော့ မိန်းမကို ချစ်တယ်၊ နားလည်မှု တွေနဲ့ချစ်တာ"

ကော်ဖီစက်တွေပေနေသော မခေါက်တာည်က အားရ ပါးရပြုံးနေသည်။

"မိန်းမ နားလည်ကြေးနော်"

"ယောကျ်ားလည်း မချစ်ကြေး"

BURMESE CLASSIC .com

မွေးမြလန်းဆန်း ဘာဝပန်းတို့

ဘာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိမိုး

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဝ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရပိပိုး

နားလည်ကြေး





www.burmeseclassic.com